# လေးလေးနက်နက်စဉ်းစားသော
# စာဖတ်သူများ
# ဖန်တီးခြင်း

**(Reading & Writing for Critical Thinking Project)** အတွက် ပြင်ဆင်ထားပါသည်။

## လမ်းညွှန်စာအုပ် ၈

Charles Temple, Jeannie L. Steele, and Kurtis S. Meredith

(page iii)

# မာတိကာ


**နိဒါန်း** ၁
မျှော်လင့်ထားတဲ့ရလဒ်များ ၃
သင်တန်းတည်ဆောက်ပုံ ၃
အပိုင်း ၁။ ပြန်ကြည့်ခြင်း ၃
အပိုင်း ၂။ စဥ်းစဥ်းစားစား စာဖတ်တဲ့နည်းစဥ်ကိုဆွေးနွေးခြင်း ၄
အပိုင်း ၃။ စာဖတ်သူများရဲ့သင်တန်း တင်ဆက်ခြင်း ၄
အပိုင်း ၅။ ဘာသာရပ်ဆိုင်ရာမှာ အသုံးချခြင်း ၄
အပိုင်း ၆။ စာရေးဆရာကို မေးခွန်းမေးခြင်း ၄
အပိုင်း ၇။ အကောင်အထည်ဖေါ် ဖို့စီစဥ်ခြင်း ၅
အပိုင်း ၈။ ဒုတိယနှစ်အတွက် စီစဥ်ခြင်း ၅
အပိုင်း ၉။ သင်တန်းအကျိုးတန်ဖိုး စီစစ်ခြင်း ၅
သင်တန်းအချိန်ဇယား ၆
လိုအပ်တဲ့ ပစ္စည်းတွေ ၆

**အပိုင်း ၁။ အရင်က တိုးတက်မှုကို ဆွေးနွေးခြင်း** ၇

**အပိုင်း ၂။ စဥ်းစဥ်းစားစား စာဖတ်ခြင်းနည်းစဥ်ကို ဆွေးနွေးခြင်း** ၉
စဥ်းစဥ်းစားစား စာဖတ်ခြင်းအကြောင်း တင်ပြချက်တို ၁၀
အချိန် ၁၂
ပိုင်ဆိုင်မှု ၁၃
တုန့် ပြန်မှု ၁၃

**အပိုင်း ၃။ စာဖတ်သူများရဲ့ သင်တန်း** ၁၅
မြန်မြန် ပြန်လည်စဥ်းစားခြင်းများ ၁၇
စာဖတ်သူများရဲ့သင်တန်းက အစိတ်အပိုင်း လေးခု ၁၇
*သင်ခန်းစာတို* ၁၈

(page iv)


*စာဖတ်ခြင်း* ၁၉
*ဆွေးနွေးခြင်း* ၁၉
စာဖတ်ဆွေးနွေးပွဲတွေအောင်မြင်မှုအတွက်လျှို့ဝှက်ချက်များ ၂၀
ဆွေးနွေးပွဲအတွက်အခြေအနေ ၂၀
ဆွေးနွေးပွဲလုပ်ခြင်း ၂၂
ဆွေးနွေးပွဲတွေ စီစဉ်ခြင်း ၂၂

*တုန့် ပြန်ခြင်း* ၂၂
စကားပြောမှတ်တမ်းတွေ ၂၃
စာပေပေးစာတွေ ၂၅
စာအုပ်တွေအကြောင်းပြောခြင်း ၂၆
စာဖတ်တာကို မှတ်တမ်းထားခြင်း ၂၈
*မိမိကိုယ်ကိုစောင့်ကြပ်ကြည့်ရှုခြင်းအတွက်နမူနာရည်မှန်းချက်များ* ၂၈
စာဖတ်သူများရဲ့ သင်တန်းအကျဉ်းချုပ် ၂၈
စာဖတ်သူများရဲ့စည်းကမ်းများ ၂၉

**အပိုင်း ၄။ သုံးသပ်ခြင်း** ၃၀
စာဖတ်သူများရဲ့သင်တန်းနဲ့ အာရ်ဒဘာယ်လ်ယူစီတီ ဘောင် ၃၂

**အပိုင်း ၅။ ဘာသာရပ်ဆိုင်ရာမှာ စာဖတ်နည်းစဉ်ကို အသုံးချခြင်း** ၃၅
ဘာသာရပ်ဆိုင်ရာတွေမှာ စာဖတ်ခြင်း -- သိပ္ပံသင်ခန်းစာတခု ၃၇
ခေါက်တွန့်လွှာတွေ ၄၀
နမူနာ သင်ခန်းစာ ၄၂
*သင်ခန်းစာတို* ၄၂
*စာဖတ်ဆွေးနွေးခြင်း* ၄၃
*တုန့် ပြန်ခြင်း* ၄၃
ဘာသာရပ်ဆိုင်ရာမှာဖတ်ခြင်း -- သချာသင်ခန်းစာ ၄၄
*သင်္ချာဟာ အတွေးအခေါ်တွေနဲ့ပညာတွေကိုစုတာထက်ပိုပါတယ်။* ၄၄
ဂျိုသြမေထြီလမ်းလျှောက်ခြင်း ၄၆

**အပိုင်း ၆။ စာရေးဆရာကို မေးခွန်းမေးခြင်း** ၅၀
ဖတ်စာတင်ပြခြင်း ၅၂

လီးဖီးရေနဂါးများ ၅၃
QtAနဲ့ဒီသင်ခန်းစာကို သုံးသပ်ခြင်း ၅၇
QtAနဲ့နောက်ခံအကြောင်းရင်း ၅၈
QtAမှာဆရာရဲ့ အခန်းကဏ္ဍ ၅၈
QtAသင်ခန်းစာတခုအတွက် ပြင်ဆင်ခြင်း ၅၈
*QtAအတွက်နမူနာမေးခွန်းတွေ* ၅၉
စာပေအသိုင်းအဝိုင်းတွေ ၅၉
*ဆရာတွေရဲ့ အခန်းကဏ္ဍတွေ* ၆၀
*ကျောင်းသားတွေရဲ့ အခန်းကဏ္ဍတွေ* ၆၁

အပိုင်း ၇။ အကောင်အထည်ဖော် ဖို့စီစဥ်ခြင်းနဲ့ အပိုင်း ၈။ ဒုတိယနှစ်အတွက်စီစဥ်ခြင်း ၆၅
အကောင်အထည်ဖော် ဖို့ စီစဥ်ခြင်း ၆၆
*အသုံးချခြင်း* ၆၆
*သင်ခန်းစာလုပ်ခြင်း* ၆၆
ဒုတိယနှစ်အတွက် အစီအစဥ်လုပ်ခြင်း ၆၇

အပိုင်း ၉။ သင်တန်း အကျိုးတန်ဖိုးစီစစ်ခြင်း ၆၉
နောက်ဆုံး အကျိုးတန်ဖိုးစီစစ်ခြင်း ၇၀
*လွတ်လွတ်လပ်လပ်ရေးခြင်း* ၇၀
*အကျိုးတန်ဖိုးစီစစ်ခြင်း ပုံစံ* ၇၀

အညွှန်းစာအုပ်များ ၇၂

နောက်ဆက်တွဲ က။ စာဖတ်ခြင်း၊ စာရေးခြင်းနဲ့စဥ်းစားခြင်း ၇၄

နောက်ဆက်တွဲ ခ။ တေးလိပ်ို ၇၈

နောက်ဆက်တွဲ ဂ။ နမူနာ စာပေပေးစာ ၈၀

နောက်ဆက်တွဲ ဃ။ စာအုပ်စာရင်းပုံစံ ၈၁

(page vi)


နောက်ဆက်တွဲ င။ စာဖတ်ခြင်း မှတ်တမ်း ပုံစံ ၈၂

နောက်ဆက်တွဲ စ။ စာဖတ်ဆွေးနွေးပွဲမှတ်တမ်းကဒ်ပြားနမူနာ ၈၃

နောက်ဆက်တွဲ ဆ။ ကျောင်းသားစာဖတ်ခြင်းဆွေးနွေးပွဲမှတ်တမ်း ၈၄

နောက်ဆက်တွဲ ဇ။ ၃ တန်းက ၆ တန်းအထိ စာဖတ်ခြင်းအပေါ်သဘောထား စစ်တမ်းနမူနာ ၈၅

(page 1)

နိဒါန်း

(page 2)

ဒီလမ်းညွှန်စာအုပ်မှာ ရည်မှန်းချက်အမျိုးမျိုးရှိပါတယ်။ ပထမကတော့ အရေးအဖတ်ပညာကို ယေဘုယျ သဘောထားပြီး စာဖတ်ခြင်းကိုတော့ တိတိကျကျသဘောထားဖို့ပါပဲ။ ဒီလိုလုပ်ပြီး အရေးအဖတ်ပညာနဲ့ စာဖတ်ခြင်းတို့ကို သင်ကြားရမယ့်ဘာသာရပ်တွေလို့ သဘောမထားပဲ ဝေဖန်ပိုင်းခြားစဉ်းစားခြင်းအတွက် ကရိယာတွေလို့ သဘောထားဖို့ပါပဲ။ ဒုတိယရည်ရွယ်ချက်ကတော့ စာဖတ်သူများသင်တန်းနဲ့ စာဖတ်နည်းစဉ်မှာ စာဖတ်သူတွေကို တကယ်စိတ်ပါဝင်စားလာစေတဲ့ တခြား စာဖတ်ခြင်းကိုချဉ်းကပ်နည်းတွေတင်ဆက်ဖို့ပါ။ စာဖတ်သူများသင်တန်းမှာ အဓိကအားဖြင့် အချိန်အတော်ကြာ တိတ်တိတ်ဖတ်ရတဲ့စာဖတ်ခြင်း ဒါမှမဟုတ် စာပေသင်ကြားနည်းရယ်၊ စနစ်တကျချဉ်းကပ်ပြီး ဖလှယ်ခြင်းနဲ့ တုန့် ပြန်ခြင်းတို့ကို သင်ကြားနည်းတွေပါပဲ။ စာဖတ်သူများသင်တန်းကို ဝေဖန်ပိုင်းခြားဖတ်တဲ့နည်းစဉ်နဲ့သင်ကြားမှုနမူနာအဖြစ်တင်ပြသွားမှာဖြစ်ပါတယ်။ တတိယရည်ရွယ်ချက်ကတော့ ကျောင်းသားတွေပိုပါဝင်လာအောင်နဲ့ စာဖတ်ရာမှာပိုနားလည်လာအောင် ဘာသာရပ်ဆိုင်ရာသင်ကြားမှုတွေမှာ ဝေဖန်ပိုင်းခြားဖတ်တဲ့နည်းစဉ်ကို ဘယ်လိုအသုံးချမလဲဆိုတာ ဖော်ပြဖို့နဲ့ နမူနာပြဖို့ပါပဲ။

ပထမ စဉ်းစားခြင်းနဲ့ သင်ယူခြင်းတို့အတွက် အသုံးပြုတဲ့ကရိယာအနေနဲ့ စာဖတ်ခြင်းရဲ့ အခန်းကဏ္ဍကိုရှင်းပြဖို့ ဆွေးနွေးပွဲတိုတို လုပ်ပါမယ်။ ဒီဆွေးနွေးပွဲနောက်မှာ စာဖတ်သူတွေသင်တန်းကို နမူနာပြပြီး ဆွေးနွေးပါမယ်။ ပြီးရင် ဘာသာရပ် ဆိုင်ရာမှာ စာဖတ်သူများသင်တန်းနမူနာကို ဥပမာပေးအသုံးချတာ တင်ဆက်ပါမယ်။ အဆုံးမှာ စာရေးသူကို မေးမြန်းခြင်း (Questioning the Author/QtA)၊ ဘာသာရပ်ဆိုင်ရာစာဖတ်ခြင်းနဲ့ စာပေ အသိုင်းအဝိုင်းတွေ မှာ သုံးတဲ့စာဖတ်နည်းစဉ်တခု၊ ဆွေးနွေးပွဲနည်းတခုတို့ကို တင်ဆက်ပါမယ်။ သင်ကြားမှုနမူနာ စာဖတ်သူများသင်တန်းကို စာဖတ်ခြင်းနဲ့ စာပေသင်ကြားခြင်းတို့အတွက် အဓိကထားပြီး စီစဉ်ထားတယ်ဆိုတာ နားလည်ဖို့ အရေးကြီးပါတယ်။ ဒါပေမဲ့ ဘာသာရပ်ဆိုင်ရာတွေမှာ စာဖတ်ခြင်းနည်းစဉ်တွေကို ထိထိရောက် ရောက် အသုံးချဖို့ စာဖတ်သူများသင်တန်းကို ပံ့ပိုးတဲ့စာဖတ်နည်းစဉ်ကို နားလည်ဖို့ လိုအပ်ပါတယ်။ ဒါကြောင့် ဆရာတွေအားလုံးဟာ ဘာသာရပ်ဆိုင်ရာတွေမှာ လက်တွေ့အသုံးမချခင် ဒီစာဖတ်သူများသင်တန်း အတွေ့ အကြုံရှိပြီး နောက်မှာလုပ်မယ့်ဆွေးနွေးပွဲတွေမှာလည်း ပါဝင်ဖို့ အရေးကြီးပါတယ်။

စာဖတ်သူများသင်တန်းဟာ စာဖတ်သင်ကြားခြင်းကို ပြည့်ပြည့်စုံစုံချဉ်းကပ်တဲ့နည်းပဲဖြစ်ပါတယ်။ ဝေဖန်ပိုင်းခြား စဉ်းစားခြင်းအတွက် စာဖတ်ခြင်းစာရေးခြင်းဘောင်နဲ့ကင်းလွတ်ပြီး လွတ်လွတ်လပ်လပ် အတန်းထဲမှာ သုံးနိုင် ပါတယ်။ ဒါပေမဲ့ အဆင့်သုံးဆင့်ပါ ဒီဘောင်နဲ့အံဝင်ခွင်ကျဖြစ်ပြီး ဒီဘောင်ရဲ့အဆင့်တွေထဲကနေ စာဖတ်ခြင်း နည်းစဉ်တွေကို ဘာသာရပ်ဆိုင်ရာတွေမှာ အသုံးချရင် ပိုထိရောက်ပါတယ်။ ဒါကြောင့် ဒီဘောင်ထဲကနေ စာဖတ်ခြင်းနည်းစဉ်တွေ အသုံးချတာနဲ့ပါတ်သက်ပြီးလည်းဆွေးနွေးပါမယ်။

ဒီသင်တန်းဟာ စာဖတ်ခြင်းနည်းစဉ်အကြောင်းဖြစ်ပြီး နောက်ခံအယူအဆတွေဟာ အောက်ပါအတိုင်းဖြစ်ပါတယ်။

- စာဖတ်ခြင်းဆိုတာ လူတွေရဲ့ဘဝတလျှောက်လုံးမှာ သတင်းအချက်အလက်တွေရစေတဲ့ အဓိက အရာတခုပဲ ဖြစ်ပါတယ်။

- စာဘယ်လိုဖတ်ရမလဲဆိုတာ သင်ယုံနဲ့မလုံလောက်ပါဘူး။ ကျောင်းသားတွေဟာ အတွေးအခေါ်လေးလေးနက်နက်နဲ့ ဘယ်လိုစာဖတ်ရမလဲဆိုတာ သင်ဖို့လိုပါတယ်။
- စာဖတ်ခြင်းဆိုတာ စဉ်းစားဖို့နဲ့သင်ယူဖို့အတွက်ကရိယာတခုဖြစ်ပြီး သင်ယူရမယ့်ဘာသာရပ်တခုပဲမဟုတ်ပါဘူး။
- စာဖတ်ခြင်းနဲ့စာဖတ်ခြင်းကိုတုန့်ပြန်ခြင်းတို့ဟာ ဝေဖန်သုံးသပ်မှုလမ်းကြောင်းတွေပါ။
- ဘာသာရပ်ဆိုင်ရာလေ့လာမှုအတွက် သာမန်အားဖြင့် အပြင်စာတွေ အတော်များများ လွတ်လွတ်လပ်လပ်ဖတ်ဖို့ လိုပါတယ်။ ဒါကြောင့် စာဖတ်နည်းစဉ်ကို နားလည်တာဟာ ဘာသာရပ်ဆိုင်ရာလေ့လာမှုအတွက် နားလည်မှုနဲ့ သုံးသပ်မှုတို့ကို တိုးမြင့်စေပါတယ်။
- စာဖတ်ခြင်းနဲ့စာရေးခြင်းတို့အကြားမှာ ကြီးမားတဲ့ဆက်စပ်မှုရှိပါတယ်။ စာရေးခြင်းနဲ့စာဖတ်ခြင်းအကြား အဆက်အစပ်ကို နားလည်ရင် သင်ယူခြင်းကိုမြှင့်တင်ပေးပါတယ်။

## မျှော်လင့်ထားတဲ့ရလဒ်များ

ဒီသင်တန်းအဆုံးမှာ သင်တန်းသားတွေဟာ
(၁) စာရေးခြင်းရဲ့အခန်းကဏ္ဍဟာ စဉ်းစားဖို့နဲ့သင်ယူဖို့အတွက် ကရိယာတခုလို့နားလည်လာပါမယ်။
(၂) အတန်းထဲမှာ စာဖတ်သူတွေသင်တန်း အကောင်အထည်ဖေါ် နိုင်မယ်။
(၃) ဘာသာရပ်ဆိုင်ရာတွေမှာစာဖတ်ခြင်းနည်းစဉ်ကို အသုံးချနိုင်မယ်။
(၄) စာရေးဆရာနဲ့စာပေအသိုင်းအဝိုင်း ကိုမေးခြင်း (Questioning the Author and Literature Circles)ကိုအတန်းထဲမှာ အကောင်အထည်ဖေါ် နိုင်ပြီး
(၅) စာဖတ်ခြင်းရဲ့ အခန်းကဏ္ဍ၊ စာဖတ်ခြင်းနည်းစဉ်မှာ ပါဝင်မှုနဲ့ နားလည်ဖို့စာဖတ်တာနဲ့ စဉ်းစားဖို့စာဖတ်တာ တို့အကြားကွဲပြားမှုတို့ကို နားလည်လာပါမယ်။

## သင်တန်းတည်ဆောက်ထားပုံ

### အပိုင်း ၁။ ပြန်ကြည့်ခြင်း

အရင်ကသင်တန်းတွေလိုပဲ အရင်သင်တန်းပြီးကတည်းက အတန်းထဲမှာ သင်တန်းသားတွေ ဘာတွေ အကောင်အထည်ဖေါ်နေသလဲဆိုတာ ဆွေးနွေးပြီး ဒီသင်တန်းကို စရပါမယ်။ ဒီဆွေးနွေးပွဲမှာ လစဉ်ဆွေးနွေးပွဲတွေတုန်းက ပေါ်လာတဲ့အကြောင်းအရာတွေကိုလည်း ထည့်သင့်ပါတယ်။ သင်တန်းသားတွေကို အောင်မြင်မှုတွေနဲ့ အခက်အခဲတွေကို ဖလှယ်စေရပါမယ်။

(page 4)

## အပိုင်း ၂။ ။ လေးလေးနက်နက်စဉ်းစားပြီးဖတ်တဲ့နည်းစဉ်ကိုဆွေးနွေးခြင်း

သင်တန်းရဲ့ ဒီအပိုင်းမှာ လမ်းညွှန်စာအုပ် ၅ မှာ တင်ဆက်ခဲ့တဲ့ အတွဲလိုက်ဖတ်ခြင်း/အတွဲလိုက်အကျဉ်းချုပ်ရေးခြင်းနည်းကို သုံးထားတဲ့ အပြန်အလှန်ဆက်ဆံရတဲ့လေ့ကျင့်ခန်းတွေပါပါတယ်။ ဒီလေ့ကျင့်ခန်းတွေကနေ လေးလေးနက်နက်စဉ်းစားတဲ့စာသင်ခန်းဆိုတာ ဘာလဲနဲ့ စာဖတ်ခြင်းနဲ့ပါတ်သက်ပြီး ဆရာတွေနဲ့ ကျောင်းသားတွေရဲ့အတွေးအခေါ်တွေနဲ့ချဉ်းကပ်ပုံတွေက ကျောင်းသားတွေ စာဖတ်နေတုန်း ဘယ်လောက်လေးလေးနက်နက်စဉ်းစားမယ်ဆိုတာကို သတ်မှတ်ကြောင်း ဆွေးနွေးမှာ ဖြစ်ပါတယ်။

## အပိုင်း ၃။ ။ စာဖတ်သူများသင်တန်း တင်ဆက်ခြင်း

ဒီအဆင့်မှာ စာဖတ်သူတွေရဲ့သင်တန်းကိုတင်ဆက်ပါမယ်။ သင်တန်းသားတွေကို စာဖတ်သူများသင်တန်း အတန်းမှာပါဝင်ခိုင်းပါမယ်။ သူတို့ဟာ နည်းစဉ်အတွေ့ အကြုံရပြီး၊ လေးလေးနက်နက်စာဖတ်ရတဲ့လေ့ကျင့်ခန်းတွေ လုပ်ပြီး သူတို့ဖတ်တာတွေကို ဆွေးနွေးပါမယ်။

## အပိုင်း ၄။ ။ သုံးသပ်ခြင်းနဲ့ အသေးစိတ်လုပ်ဆောင်ခြင်း

ဒီအဆင့်မှာတော့ စာဖတ်သူများသင်တန်းအတွေ့အကြုံကိုသုံးသပ်ပြီး စာဖတ်သူများသင်တန်းက လေ့ကျင့်ခန်းတွေနဲ့ တည်ဆောက်ပုံတို့ကို အသေးစိတ်လုပ်ဆောင်မှာဖြစ်ပါတယ်။ ဒီအဆင့်မှာ စာဖတ်သူများ သင်တန်းနည်းစဉ်ကို ဆွေးနွေးပြီး စဉ်းစဉ်းစားစားရှိတဲ့အတန်းတွေဘယ်လိုလုပ်ရမလဲဆိုတာနဲ့ ဘယ်လို ဆက်စပ်သလဲဆိုတာကို ဆွေးနွေးမှာဖြစ်ပါတယ်။ ဆွေးနွေးပွဲမှာ အာရ်ဒဘလ်ယူစီတီ အစီအစဉ်ရဲ့ သင်ကြားခြင်းနဲ့သင်ယူခြင်းဘောင်က အဆင့်သုံးဆင့်နဲ့ စာဖတ်သူများသင်တန်းက အစိတ်အပိုင်းအမျိုးမျိုးနဲ့ ဘယ်လို အံဝင်ခွင်ကျသလဲဆိုတာလည်း ပြောရမှာပါ။

## အပိုင်း ၅။ ။ ဘာသာရပ်ဆိုင်ရာမှာ အသုံးချခြင်း

ဒီအဆင့်မှာတော့ သင်တန်းသားတွေကို ဘာသာရပ်ဆိုင်ရာအုပ်စုတွေအဖြစ်ခွဲလိုက်ပြီး စာဖတ်သူများသင်တန်းက အစိတ်အပိုင်းတွေ အားလုံးကို ဒါမှမဟုတ် တချို့ကို မိမိတို့ဘာသာရပ်ဆိုင်ရာသင်ကြားခြင်းမှာ ဘယ်လိုထည့်သုံးမလဲဆိုတာ ဆွေးနွေးပါမယ်။ အတွေးအခေါ်တွေ ဖလှယ်ပြီး အုပ်စုတွင်းမှာ ဆွေးနွေးပါမယ်။

## အပိုင်း ၆။ ။ စာရေးသူကို မေးမြန်းခြင်း

ဒီအဆင့်မှာ စာရေးသူနဲ့စာပေအသိုင်းအဝိုင်းတွေကို မေးမြန်းခြင်းကို တင်ဆက်ပါမယ်။ ဥပမာတွေပေးပြီး

သင်တန်းသားတွေဟာ ဒီနည်းစဉ်တွေကို မိမိတို့ရဲ့ ဘာသာရပ်ဆိုင်ရာသင်ကြားခြင်းမှာ ဘယ်လိုအသုံးချမလဲ ဆိုတာ ဆွေးနွေးရပါမယ်။

## အပိုင်း ၇။ ။ အကောင်အထည်ဖော်ဖို့ စီစဉ်ခြင်း

မိမိတို့ရဲ့ သင်ရိုးညွှန်းတန်းပေါ်မူတည်ပြီး သင်တန်းသားတွေဟာ သင်ခန်းစာအစီအစဉ်တွေလုပ်ပါမယ်။ စဉ်းစဉ်းစားစားဖတ်တဲ့နည်းစဉ်ကိုလည်း အတန်းမှာထည့်သုံးပါမယ်။ ဒီအစီအစဉ်တွေကို အုပ်စုငယ်လေးတွေ အလိုက် လုပ်ပြီး တချို့ကို တအုပ်စုလုံးနဲ့ ဖလှယ်စေပါမယ်။

## အပိုင်း ၈။ ။ ဒုတိယနှစ်အတွက် အစီအစဉ်လုပ်ခြင်း

နေရာအတော်များများမှာ ဒီသင်တန်းဟာ ပထမနှစ်ရဲ့ နောက်ဆုံးသင်တန်းဖြစ်ပါတယ်။  သင်တန်းသားတွေဟာ ဒါကို သတိပြုမိစေဖို့နဲ့ လာမယ့်နှစ်အတွက်ပြင်ဆင်နိုင်ဖို့အတွက် ဒုတိယနှစ်အတွက် အစီအစဉ်တွေကို ပြန်ကြည့်ဖို့ အရေးကြီးပါတယ်။ လုပ်အားပေးတွေနဲ့ သင်တန်းသားတွေဟာ ဒုတိယနှစ်မှာလုပ်မယ့် လုပ်ဆောင်မှုတွေပါတဲ့ စာရွက်စာတန်းကိုရပြီးဖြစ်ပါမယ်။ ဒါကို ပြန်ကြည့်ပြီး ဆွေးနွေးရပါမယ်။

## အပိုင်း ၉။ ။ သင်တန်းအကျိုးတန်ဖိုးစီစစ်ခြင်း

ဒီအဆင့်မှာ လက်ရှိသင်တန်းရော အာရ်ဒဘယ်လ်ယူစီတီရဲ့ ပထမနှစ်သင်တန်းပါ အကျိုးတန်ဖိုးစီစစ်မှာပါ။ တန်ဖိုးစီစစ်တဲ့ပုံစံတွေကို ဝေပြီး တန်ဖိုးစီစစ်တဲ့လုပ်ငန်းစဉ်ကိုရှင်းပြပါ။ လွတ်လွတ်လပ်လပ်ရေးခြင်း ဒါမှမဟုတ် သုံးချင်တဲ့တခြား တန်ဖိုးစီစစ်တဲ့နည်းတွေလည်းရှင်းပြပါ။ ဒါဟာ ပထမနှစ်ရဲ့ နောက်ဆုံးသင်တန်းဖြစ်တဲ့အတွက် သင်တန်းသားတွေဟာ အကျိုးတန်ဖိုးစီစစ်တဲ့ပုံစံ ၂ ခုကို ဖြည့်ရပါမယ်။ ပထမပုံစံက အာရ်ဒဘယ်လ်ယူစီတီ အစီအစဉ်အတွက်တနှစ်တာလုံးနဲ့ပါတ်သက်ပြီး တန်ဖိုးစီစစ်ရပါမယ်။ သင်တန်းသားတွေကို ဒီနှစ် အာရ်ဒဘယ်လ်ယူစီတီ အစီအစဉ်ကရတဲ့အတွေ့အကြုံနဲ့ပါတ်သက်ပြီး လွတ်လွတ်လပ်လပ်ရေးခိုင်းပါ။ ဒုတိယပုံစံကတော့ စတုတ္ထ သင်တန်းကို တန်ဖိုးဖြတ်ဖို့ပါ။

**သတိပေးချက်**။ ။ သင်တန်းသားတွေကို တနေ့တာအဆုံးမှာ မေးခွန်းသုံးခွန်းမေးပါ။ ဒီမေးခွန်းသုံးခွန်းကို ကဒ်ပြား တွေမှာ ဖြေဖို့ ၅ မိနစ်လောက် ကြာပါတယ်။

- ၁။ ဒီနေ့ဆွေးနွေးတဲ့အထဲက အရေးအကြီးဆုံးအတွေးအခေါ်တွေက ဘာတွေလဲ။
- ၂။ သင်တန်းရဲ့ ဒီအချိန်မှာ ဘာမေးစရာတွေရှိသလဲ။
- ၃။ သင့်အတွက် ဒီသင်တန်းက ဘယ်လိုနေသလဲဆိုတာ ယေဘုယျဝေဖန်ချက်တွေ ကျေးဇူးပြုပြီး ရေးပါ။

(page 6)

သင်တန်းသားတွေ အနေနဲ့ သူတို့နာမည် ရေးစရာမလိုပါဘူး။ ဒါပေမဲ့သူတို့မေးထားတဲ့မေးခွန်းတွေက မရှင်းရင် နာမည်ရေးထားတာက ပိုကောင်းပါတယ်။ ကဒ်ပြားမှာနာမည်ပါလို့ရှိရင် ရှင်းပြခိုင်းလို့ရပါတယ်။ မေးခွန်းအမှား အမှန်၊ အဖြေအမှားအမှန်ဆိုတာ မရှိကြောင်းရှင်းပြပါ။ ကဒ်ပြားတွေရဲ့ ရည်ရွယ်ချက်က သင်တန်းပိုကောင်းအောင် လုပ်ဖို့အတွက်နဲ့ သင်တန်းလမ်းကြောင်း ဦးတည်ဖို့ အတွက် တုန့် ပြန်မှုရဖို့နဲ့ မေးခွန်းတွေဖြေဖို့ ဖြစ်ပါတယ်။ ကဒ်ပြားတွေက မေးခွန်းတွေကို ဖြေဖို့ နေ့တိုင်း အချိန်ယူရပါမယ်။ အဖြေတွေက ရှည်စရာမလိုပါဘူး။ ဒါပေမဲ့ ရလာတဲ့ ဆွေးနွေးချက်တွေက အတော်လေး သင်ခန်းစာရပါတယ်။

## သင်တန်းအချိန်

ဒီသင်တန်းမှာ အရင်ကသင်တန်းတွေထက်စာရင် တိုက်ရိုက်သင်ကြားတဲ့အချိန်ပိုများပါတယ်။ သင်တန်းသားတွေ တက်တက်ကြွကြွပါဝင်ဖို့နဲ့ အကောင်အထည်ဖော် ဖို့စီစဉ်တဲ့အချိန်လည်း ပိုရပါတယ်။ ဒီလမ်းညွှန်စာအုပ်က လေ့ကျင့်ခန်းတွေအားလုံးပြီးဖို့နဲ့ ဆွေးနွေးဖို့အတွက် ၁၂ နာရီလောက် ကြာမယ်လို့ ခန့်မှန်းရပါတယ်။

## လိုအပ်တဲ့ပစ္စည်းတွေ

စာဖတ်သူတွေသင်တန်းကို နမူနာပြထားတဲ့အတန်းပါတဲ့ ဗွီဒီယို
ဗွီဒီယို စက်
တီဗီ
အိုဗာဟက်ပရိုဂျက်တာ၊ အိုဗာဟက်စာရွက်လွတ်တွေနဲ့မာကာတွေ

သင်တန်းသားတယောက်စီက ဖတ်စာအုပ် ၂ အုပ်စီယူလာရပါမယ်။ (၁) သင်တန်းသား လောလောဆယ် သင်နေတဲ့ ဖတ်စာအုပ်၊ (၂) အပျော်ဖတ်နေတဲ့ ဒါမှမဟုတ် အလုပ်နဲ့ပါတ်သက်ပြီးဖတ်နေတဲ့ စာအုပ်တအုပ်။

ဇယားရေးဖို့ စာရွက်နဲ့ မာကာတွေ
ဆယ်လိုတိပ်
နေ့စဉ်ကြီးကြပ်ဖို့အတွက် ကဒ်ပြားတွေ
သင်တန်းနဲ့အစီအစဉ် အကျိုးတန်ဖိုးစီစစ်တဲ့ပုံစံတွေ
ဆောင်းပါးတွေ။ ။ Leafy Sea Dragons by Paul Groves (အပိုင်း ၆ ကြည့်ပါ။)
Reading, Writing, and Thinking by Nancie Atwell (နောက်ဆက်တွဲ က)

(page 7)

# အပိုင်း ၁ ။ ။ အရင်က
## တိုးတက်မှု
## ဆွေးနွေးခြင်း

အရင်သင်တန်းပြီးကတည်းက သင်တန်းသားတွေဟာ တင်ပြခဲ့တဲ့နည်းတချို့ကို သုံးပြီးသားဖြစ်နေပြီး ကြားကာလ ဆွေးနွေးပွဲတခု ဒါမှမဟုတ် အများမှာ ဒီစမ်းသပ်မှုတွေရဲ့ ရလဒ်တွေကို ဖလှယ်ပြီးပြီဖြစ်ပါမယ်။ သူတို့ဟာ ဒီရလဒ်တွေ၊ ကြုံခဲ့ရတဲ့ပြဿနာတွေ၊ ဒါမှမဟုတ် ကြားကာလဆွေးနွေးပွဲက အဖြေမရသေးတဲ့မေးခွန်းတွေကို ဆွေးနွေးလိုစိတ်တွေ ထက်သန်နေပါလိမ့်မယ်။
အရင်က အကောင်အထည်ဖေါ်မှုတွေကို အုပ်စုအရွယ်အစား၊ သင်တန်းသားတွေနေတဲ့အရပ် စတာတွေအပေါ် မူတည်ပြီး နည်းအမျိုးမျိုးနဲ့စီစဉ်နိုင်ပါတယ်။ တချို့သင်တန်းသားတွေက ဒေသအလိုက် လစဉ်အစည်းအဝေးတွေ လုပ်လေ့ရှိပါတယ်။ ဒါကြောင့်အုပ်စုကြီးတွေကို ခွဲလိုက်ပြီး သင်တန်းသားတွေကို ဒေသအလိုက် ရောလိုက်ရင် တူတဲ့လစဉ်အစည်းအဝေးတွေ မတက်လိုက်ရတဲ့သင်တန်းသားတွေအကြားမှာ ဖလှယ်နိုင်ပါတယ်။ နောက်တမျိုးက သင်တန်းသားတွေကို အတန်းအလိုက် ဒါမှမဟုတ် ဘာသာရပ်ဆိုင်ရာအလိုက် အဖွဲ့တွေဖွဲ့ဖို့ပါပဲ။
အုပ်စုတွေဖွဲ့ ပြီးတာနဲ့ အကောင်အထည်ဖေါ်မှုနဲ့ပါတ်သက်ပြီး သူတို့ရဲ့အတွေ့အကြုံတွေကို ဖလှယ်ခိုင်းပါ။ အောင်မြင်မှုတွေနဲ့ ဆုံးရှုံးမှုတွေကို ဆွေးနွေးစေပြီး အကောင်ထည်ဖေါ် ခဲ့တဲ့နည်းတွေနဲ့ပါတ်သက်ပြီး ဘယ်လို အပြောင်းအလဲတွေလုပ်မလဲဆိုတာ ဖေါ်ပြခိုင်းပါ။ မိနစ် ၂၀ က ၃၀ ပေးပြီး တအုပ်စုလုံးအကြား ဖလှယ်ခိုင်းပါ။ သင်တန်းသားတယောက် ဒါမှမဟုတ် နှစ်ယောက်ကို သူတို့အောင်မြင်တယ်လို့ထင်တဲ့ အကောင်ထည်ဖေါ်မှုတွေကို ခပ်တိုတို ဖလှယ်ခိုင်းပါ။ တယောက်နှစ်ယောက်ကို သူတို့မျှော်လင့်ခဲ့သလောက် မအောင်မြင်ဘူးလို့ထင်တဲ့ အကောင်အထည်ဖေါ်မှုအတွေ့အကြုံကို ဖလှယ်ခိုင်းပါ။ နောက်ဆုံးမှာ လစဉ်ဆွေးနွေးပွဲတွေတုန်းက အဖြေမရလိုက်တဲ့ မေးခွန်းတွေ တတ်နိုင်သလောက် အများဆုံး မေးခိုင်းပြီး ဖြေဖို့က အရေးကြီးဆုံးဖြစ်ပါတယ်။

(page 9)

အပိုင်း ၂။ ။ လေးလေးနက်နက်စဉ်းစားတဲ့
စာဖတ်ခြင်း
နည်းစဉ်အကြောင်း
ဆွေးနွေးခြင်း

(page 10)

ဒီသင်တန်းဟာ စာဖတ်ခြင်းနည်းစဥ်နဲ့ လေးလေးနက်နက်စဥ်းစားတဲ့ စာသင်ခန်းတွေအတွက်ဘယ်လို အကျိုးပြုသလဲဆိုတာ အကြောင်းဖြစ်တယ်လို့ ရှင်းပြပြီး စပါ။ ပြီးရင် အုပ်စုတွေကို အတွဲတွေဖွဲ့ခိုင်းပြီး အောက်ပါကို စဥ်းစားခိုင်းပါ။

> သင်ယူခြင်းဆိုတာ စဥ်းစားခြင်းနဲ့လုပ်ကိုင်ခြင်းဖြစ်တယ်လို့ ပြောကြပါတယ်။ အဲဒါမှန်တယ်ဆိုရင် စာသင်ခန်းတွေဟာ လေးလေးနက်နက်စဥ်းစားပြီး တက်ကြွတဲ့နေရာတွေ ဖြစ်ရပါမယ်။ အတန်းတွေကို လေးလေးနက်နက်စဥ်းစားပြီး တက်ကြွတဲ့နေရာတွေဖြစ်အောင် ဆရာတွေအနေနဲ့ ဘာကိုနားလည်ရပြီး ဘယ်လိုလုပ်ရမှာလဲ။

အတွဲလိုက်ဆွေးနွေးဖို့ ၇ မိနစ်က ၁၀မိနစ်လောက်ပေးပြီး အထက်ပါ ထွက်ဆိုချက်နဲ့ပါတ်သက်ပြီး အတွဲတွေဆီက တိတိကျကျ တုန့် ပြန်မှုတွေ ကြားချင်တယ်ဆိုတာ ပြောပါ။ ဆွေးနွေးပွဲပြီးတဲ့အခါ တုန့် ပြန်မှုတချို့နဲ့ဆွေးနွေးမှု တချို့ကိုနားထောင်ပါ။ ဇယားစာရွက်မှာ တုန့်ပြန်မှုတွေကို စာရင်းချရေးပါ။ တင်ပြထားတဲ့ အတွေးအခေါ်တွေကို နားလည်ဖို့ အချက်အမျိုးမျိုးကို ဆွေးနွေးပါ။ ပဋိပက္ခဖြစ်နေတဲ့အရာတွေ ဒါမှမဟုတ် အပြိုင်အဆိုင်ဖြစ်နေတဲ့ အတွေးအခေါ်တွေကို ဆွေးနွေးဖို့ ထောက်ပြပါ။
(နောက်ဆက်တွဲ က)က Nancie Atwell ရဲ့ ဆောင်းပါးကို ဝေပါ။ လမ်းညွှန်စာအုပ် ၅ မှာ ပါတဲ့ အတွဲလိုက် ဖတ်ခြင်း/အတွဲလိုက်အကျဥ်းချုပ်ခြင်း နည်းကို သုံးမှာမို့ သင်တန်းသားတွေဟာ အတွဲလိုက်ဆက်လုပ်ရမယ် ဆိုတာ ရှင်းပြပါ။ ဆောင်းပါးကို နှစ်ပိုင်းပိုင်းထားပါတယ်။ ဒါကြောင့် အတွဲတွေဟာ သတင်းပို့သူဘယ်သူလဲ၊ တုန့် ပြန်သူဘယ်သူလဲဆိုတာ ဆုံးဖြတ်ရပါမယ်။ မိမိတို့အတွက် ဒီဆောင်းပါးဟာ ဘယ်လို အဓိပ္ပါယ်ရှိတယ်ဆိုတာနဲ့ လေးလေးနက်နက်စဥ်းစားတယ်ဆိုတဲ့အတန်းတွေနဲ့ပါတ်သက်ပြီး မိမိတို့ အရင်ကထင်ခဲ့တာတွေနဲ့ ဘယ်လိုဆက်စပ်တယ်ဆိုတာ တအုပ်စုလုံးနဲ့ဖလှယ်မယ်ဆိုတဲ့အသိနဲ့ သင်တန်းသားတွေဟာ ဒီဆောင်းပါးကို ဖတ်ရပါမယ်။ လေးလေးနက်နက်စဥ်းစားတဲ့အတန်းတတန်းက စာဖတ်နည်းစဥ်ရဲ့ အခန်းကဏ္ဍအကြောင်းသင်ခန်းစာကို မသင်ခင် ဆွေးနွေးဖို့ အချိန်အများကြီးပေးပါ။ သင်တန်းသားတွေ စာဖတ်သူတွေရဲ့သင်တန်းမစခင် စာဖတ်နည်းစဥ်နဲ့ ပါတ်သက်တဲ့ နောက်ထပ်အတွေးအခေါ်တချို့ကို ပေးပါအုံး။

## လေးလေးနက်နက်စဥ်းစဥ်းစားစားဖတ်ခြင်းကို ခပ်တိုတို တင်ပြခြင်း

စာဖတ်ခြင်း၊ နားလည်အောင်ဖတ်ခြင်း၊ နားလည်ခြင်း၊ ပါဝင်ခြင်းနဲ့ သိခြင်းတို့နဲ့ပါတ်သက်တဲ့ အတွေးအခေါ်အချို့ အကြောင်းပြောပါ။ အာရ်ဒဘယ်လ်ယူစီတီသင်တန်းတလျှောက်က သင်ယူခြင်းနည်းစဥ်မှာ ကျောင်းသားတွေကို တက်တက်ကြွကြွပါစေတဲ့သင်ကြားနည်းတွေကို လက်တွေ့အသုံးချဖို့ အဓိကအလေးထားပါတယ်။ အကြောင်းရင်းတွေကို သင်တန်းတလျှောက် အသေးစိတ်ပြောခဲ့ပါပြီ။ အကြောင်းတရပ်ကတော့ ဝေဖန်ပိုင်းခြား စဥ်းစားသူတယောက်ဖြစ်ဖို့ သင်ယူခြင်းနည်းစဥ်မှာ တက်တက်ကြွကြွပါဝင်ဖို့ လိုလို့ ပါ။ ဒုတိယအကြောင်းရင်း ကတော့ သင်ယူခြင်းဆိုတာ တသက်တာလုပ်ရမယ့်လုပ်ရပ်တခုဖြစ်လို့ပါ။ ကျွမ်းကျင်တဲ့ တသက်တာသင်ယူသူ တယောက် ဖြစ်ဖို့ ကျောင်းသားတွေ ဘယ်လိုသင်ယူရမလဲဆိုတာကို သင်ရမှာဖြစ်ပြီး သင်ယူမှုအတွက် မိမိတို့

ဖာသာမိမိတို့တာဝန်ယူရမှာဖြစ်ပါတယ်။ ပြီးတော့ "မိမိတို့ ဘာသိဖို့လိုသလဲ" ဆိုတာအတွက် သင်ပေးဖို့ သူများကို အားမကိုးရပါဘူး။ နောက်ဆုံးမှာ ကျောင်းသားတွေဟာ လေးလေးနက်နက်စဉ်းစားတဲ့ သင်ယူသူတွေဖြစ်လာဖို့ လိုပါတယ်။

တီဗီနဲ့တခြားစက်မှုပညာတွေက သင်ကြားမှုအပေါ်ကောင်းကျိုးပြုတယ်ဆိုတဲ့ အများထင်ထားတဲ့အယူအဆနဲ့ ကွဲပြားတာကတော့ စာဖတ်ခြင်းအားဖြင့် သတင်းအချက်အလက်တွေဖလှယ်ပြီး ဒီနည်းအားဖြင့် သင်ယူတယ် ဆိုတာပါပဲ။ အသိဉာဏ်ပိုတိုးတက်ချင်တဲ့၊ ပိုသင်ကြားမှုရှိပြီး မိမိတို့ဘဝတွေမှာ သက်ရောက်မှုရှိတဲ့အရာတွေကို ပိုသိလိုတဲ့ လူတွေဟာ ဖတ်စာအုပ်တွေဖတ်ခြင်းဖြစ်ဖြစ်၊ ဂျာနယ်၊ လက်စွဲစာစောင်၊ ဒါမှမဟုတ် တခြားစာတွေ ဖတ်ရပါမယ်။ ဒါပေမဲ့ ကျောင်းသားတချို့အတွက် ဖတ်စာအုပ်တွေ ဒါမှမဟုတ် တခြားစာတွေဖတ်တာဟာ အသိဉာဏ်အသစ်၊ နားလည်မှုအသစ်တွေ၊ ဒါမှမဟုတ် လုပ်နည်းအသစ်တွေ ဖြစ်မလာပါဘူး။ တကယ်တော့ Beck and Dole (1992) က လေ့လာမှုတချို့ကို တင်ပြပါတယ်။ ဒီလေ့လာချက်တွေအရ ကျောင်းသားကောင်းတွေ အတွက်တောင်မှ သိပ္ပံပညာနဲ့ လူမှုရေးပညာဖတ်စာတွေက အချက်အလက်အသစ်တွေ ဖတ်လိုက်ရလို့ အတွေးအခေါ်လွဲမှားနေတာတွေ၊ နားမလည်မှုတွေ၊ ဒါမှမဟုတ် မှားယွင်းတဲ့အယူအဆတွေ ပြောင်းလဲမသွားပါဘူး။ ဖတ်စာအုပ်ထဲက အချက်အလက်တွေကို တိုက်ရိုက်တင်ပြရင်တောင် မဖြစ်ပါဘူး။ ဒီတွေ့ရှိချက်ဟာ အရင်က အတွေးအခေါ်အယူအဆတွေနဲ့ ဆန့်ကျင်နေပါတယ်။ တနည်းဆိုရရင် စာဖတ်သူတွေဟာ များသောအားဖြင့် သူတို့ဖတ်တဲ့ အရာတွေကြောင့် ပြောင်းလဲမှု မရှိပါဘူး။

ဒ့ါပြင် ဆရာတွေအနေနဲ့ ကျောင်းသားတွေကို အဆင့်နိမ့် နားလည်မှုစာတွေကိုဖတ်စေဖို့အာရုံစိုက်နေလို့ ကျောင်းသားတွေကို စာဖတ်နည်းစဉ်နဲ့ကွဲကွာနေစေပါလိမ့်မယ်။ Beck and Dole (1992) က နားလည်အောင် စာဖတ်တာဟာ များသောအားဖြင့် စာရေးဆရာတယောက်ကရေးထားတဲ့ အသေးစိတ်အချက်တွေကို နားလည်တာလောက်ပဲလို့ အတန်းထဲမှာ ယူဆကြပါတယ်လို့ ဆိုပါတယ်။ ဒါကြောင့် ကျောင်းသားတယောက်ဟာ စာရေးဆရာတယောက်ကဘာပြောထားသလဲဆိုတာကို ရွတ်ဆိုနိုင်ရင် ကျောင်းသားဟာ ဒီစာပုဒ်ကို နားလည် တယ်ဆိုပြီး ဆုချခံရပါတယ်။ အမှန်မှာတော့ ဒါဟာ ဟုတ်ချင်မှ ဟုတ်မှာပါ။ တကယ်လို့နားလည်တယ်ဆိုတာဟာ ကျောင်းသားတယောက်အနေနဲ့ ဖတ်စာတပုဒ်ကို မှတ်မိတာဆိုရင် ဖတ်စာထဲက အချက်အလက်ကို ရွတ်နိုင်တဲ့ လူဟာ အဲဒါကို နားလည်တယ်လို့ ဆိုလိုပါတယ်။ ဒါပေမဲ့ နားလည်တယ်ဆိုတာ ကျောင်းသားတယောက်ဟာ ဖတ်စာထဲက အတွေးအခေါ်တွေကို အကြောင်းအရာနဲ့ ပါတ်သက်တဲ့ မိမိအခြေအနေနဲ့ အသိဉာဏ်မှာ ထည့်ပြီး ပဋိပက္ခဖြစ်တာတွေကို ကိုင်တွယ်ပြီး ယုံကြည်မှုတွေ၊ အချက်အလက်တွေနဲ့ အတွေးအခေါ်တွေကို လိုအပ်ရင်၊ သင့်သင့်တော်တော်၊ မိမိဘဝမှာ အသုံးချနိုင်တာဆိုရင် မှတ်မိယုံနဲ့ နားလည်တယ်လို့ မဆိုနိုင်ပါဘူး။ ပြီးတော့ ကျောင်း သားတွေကို မှတ်မိဖို့နဲ့ ရွတ်ဆိုဖို့ပဲခိုင်းတယ်ဆိုရင် အဆင့်မြင့်နားလည်မှုဖြစ်သွားသလားဆိုတာ မသိနိုင်ပါဘူး။ ပြီးတော့ ကျောင်းသားဟာ ဖတ်စာကို တကယ်ပဲနားလည်သလားဆိုတာလည်း မသိပါဘူး။

အဆင့်နိမ့်နားလည်မှုရယ် စဉ်းစားဖို့စာဖတ်ခြင်းတို့ရယ်နဲ့ပါတ်သက်ပြီး Beck and Dole ရဲ့အလုပ်အကြောင်း ပြောပြတဲ့ James Voss က အောက်ပါအတိုင်းရေးပါတယ်။

> ဒီလိုလမ်းညွှန်ခွဲခြားမှုရဲ့အရေးပါပုံကို လျှော့မတွက်သင့်ပါဘူး။ အရေးအဖတ်ဆိုတာ လူတယောက်ရဲ့လုပ်ရပ်နဲ့ အခြေအနေဖြစ်ပါတယ်။ အယ်ဒီတာ့အာဘော်တခုဖတ်နေတဲ့ နိုင်ငံရေးသိပ္ပံပညာရှင်တယောက်ဟာ ဆောင်းပါးရဲ့ အကြောင်းအရာတွေကို ဖတ်နေတုန်း အကျိုးတန်ဖိုးစီစစ်သွားမှာပါ။ စာဖတ်သက်နုသေးတဲ့လူတယောက်ကတော့ စာရေးသူ ဘာပြောနေသလဲဆိုတာကို အာရုံစိုက်မှာပါ။ ဘာလို့လဲဆိုတော့ သင်ကြားရေးမှာ ရေးထားတာကို

> နားလည်ဖို့ အလေးပေးလွန်းပြီး ရေးထားတာကို ကွဲပြားတဲ့လူတွေဟာ ဘယ်လို အဓိပ္ပါယ်ကောက်ယူနိုင်သလဲဆိုတာ လေ့လာဖို့ လျစ်လျူရှုခဲ့လို့ပါပဲ။ ရေးထားတဲ့အကြောင်းအရာဟာ လူတယောက်အတွက် ဖတ်လိုက်ရတာကို အဓိပ္ပါယ် ကောက်ယူစေပါတယ်။ (စာမျက်နှာ ၁)

ဒါကြောင့်ပုံနှိပ်ထားတဲ့စာလုံးတွေကို ဖတ်ပြီးမှတ်မိယုံနဲ့ မလုံလောက်ပါဘူး။ နောက်လာမယ့်စာမေးပွဲထက်ကျော်ပြီးစာဖတ်တာအကျိုးရှိဖို့ရာ စာဖတ်သူတွေဟာ အဓိပ္ပါယ်ကောက်ယူဖို့ ဖတ်ရပါမယ်။ စာမဖတ်ခင်ကနဲ့ ကွဲပြားပြီး သိအောင်၊ ကွဲပြားပြီး နားလည်အောင်၊ ဒါမှမဟုတ် တခုခုကို အရင်ကနဲ့ မတူပဲလုပ်နိုင်အောင် ဖတ်ရပါမယ်။ ဒီလိုလုပ်ဖို့ရာ စာဖတ်သူတွေဟာ တက်ကြွတဲ့သင်ယူသူတွေဖြစ်ရပါမယ်။ ဆိုလိုတာက ဖတ်နေတာကို သိပြီးသား ဒါမှမဟုတ် လုပ်တတ်ပြီးသားနဲ့ ဆက်စပ်ရပါမယ်။ စာဖတ်သူတွေဟာ မိမိတို့အတွေးအခေါ်တွေနဲ့လုပ်ဆောင်မှုတွေအရ စာရေးဆရာက ဘာကိုဆိုလိုသလဲဆိုတာ စဉ်းစားနေရပါမယ်။

ဒီလိုဆို ဆရာတွေရဲ့ အဓိကအလုပ်က ကျောင်းသားတွေကို ပါဝင်ပြီး၊ လေးလေးနက်နက်စဉ်းစားတဲ့ပြန်တွေးခေါ်တဲ့ အကျင့်တွေရအောင် ကူညီပေးဖို့ပါ။ သူတို့ကို အပျော်ဘယ်လိုဖတ်ရမလဲ၊ ဖတ်စာနဲ့ ဘယ်လိုအဆက်အစပ် လုပ်ရမလဲ။ ပြီးတော့ဖတ်စာကို ဘယ်လိုတုန့် ပြန်ရမလဲဆိုတာ သင်ပေးရပါမယ်။ သာမန်မှတ်မိတာကနေ ကျော်လွန်ပြီး ဖတ်စာက ရှုပ်ထွေးတဲ့စဉ်းစားမှုတွေရောက်အောင် သင်ပေးရပါမယ်။

စာဖတ်သူတွေရဲ့သင်တန်းဟာ စာဖတ်သူတွေဟာ ဖတ်စာတပုဒ်နဲ့ ဘယ်လိုအဓိပ္ပါယ်ရှိရှိဆက်စပ်ရမလဲဆိုတာ နားလည်လာအောင် လုပ်ပေးတဲ့နည်းတခုပါ။ စာဖတ်ခြင်းနဲ့စဉ်းစားခြင်းတို့နဲ့ပါတ်သက်တဲ့သုတေသနကို တုန့်ပြန်တဲ့ အရာတွေကို ထည့်ထားပါတယ်။ ရည်ရွယ်ချက်က ကျောင်းသားတွေကို အဆင့်နိမ့်စာဖတ်ခြင်းပညာတွေကနေ စာဖတ်ခြင်းဟာ ရှုပ်ထွေးတဲ့ကရိယာတခုဖြစ်လာပြီး ကျောင်းသားတွေ လှုံ့ဆော်ဖို့နဲ့ အဆင့်မြင့်စဉ်းစားမှုတွေမှာ ပါဝင်ဖို့ရာမှာ သုံးနိုင်မယ့် အဆင့်အထိရောက်အောင်ခေါ်သွားဖို့ပါ။ ဒီမှာဖေါ်ပြထားသလို စာဖတ်သူတွေရဲ့ သင်တန်းကို စာဖတ်အတန်းတွေ၊ စာပေအတန်းတွေနဲ့ အထက်တန်းဘာသာရပ်စကားအတန်းတွေမှာ ပြည့်ပြည့်စုံစုံအကောင်အထည်ဖေါ်ပါတယ်။ ဒါပေမဲ့ စာဖတ်သူတွေရဲ့သင်တန်းက အရေးပါတဲ့အရာတွေကို ဖတ်စာကဖတ်ခြင်းကနေ အဓိကအကြောင်းအရာကိုသိတဲ့ ဘာသာရပ်အားလုံးနဲ့ သင်တန်းအားလုံးမှာ အသုံးပြုနိုင်ပြီး အသုံးလည်းပြုသင့်ပါတယ်။ စာရေးရာမှာလိုပဲ စာဖတ်နည်းစဉ်ဟာ – အချိန်၊ ပိုင်ဆိုင်မှုနဲ့ တုန့်ပြန်မှု စတဲ့ –အခြေခံအချက် သုံးချက်လိုပါတယ်။

## အချိန်

ကျောင်းသားတွေကို စာဖတ်ဖို့ အချိန်အလုံအလောက်ပေးရပါမယ်။ ဒါပေမဲ့ များသောအားဖြင့် စာဖတ်အတန်းတွေမှာ ဒီတခုကို ကျောင်းသားတွေမရကြပါဘူး။ ၁၉၈၇ ခုနှစ်က အမေရိကန်နိုင်ငံ ကျောင်းတွေမှာ ပျမ်းမျှ စာဖတ်ဖို့ ပေးချိန်ဟာ တနေ့တာကျောင်းချိန်ရဲ့ ၆ ရာနှုန်းပဲရှိပါတယ်။ သုတေသနအရ ရှင်းနေတာက စာဖတ်သူတွေအနေနဲ့ ပိုကောင်းတဲ့စာဖတ်သူတွေဖြစ်လာဖို့က စာဖတ်ခြင်းပဲဖြစ်လို့ ကျောင်းမှာ စာဖတ်ဖို့ အချိန် ပိုပေးသင့်ပါတယ်။ ကျောင်းသားတွေဟာ စာဖတ်တာဟာ ပျော်စရာကောင်းတဲ့၊ လူမှုရေးဆိုင်ရာ၊ ကိုယ့်အတွက် အကျိုးရှိတယ်လို့

ခံစားရတဲ့ လုပ်ရပ်လို့ မခံစားရမချင်း သူတို့ဟာ စာဖတ်ချင်မှာမဟုတ်၊ စာဖတ်တာကိုလည်း ကြိုက်မှာ မဟုတ်ပါဘူး။ ကျောင်းသားတွေကို ကျောင်းမှာ စာဖတ်ဖို့အချိန်ပေးပြီး ကျောင်းသားတွေကို ဖတ်ဖို့လည်း မျှော်လင့်ပြီး စာဖတ်အတွေ့အကြုံတွေကို ဆုချရင် ကျောင်းသားတွေဟာ သူတို့ကိုယ်သူတို့ စာဖတ်သူတွေလို့ ထင်လာပါလိမ့်မယ်။ စာဖတ်သူများသင်တန်းအတွက်သုံးလိုက်တဲ့အချိန်ဟာ တသမတ်တည်း ရှိပြီး အားထားနိုင်ရပါမယ်။ ဒါမှ ကျောင်းသားတွေဟာ စာဖတ်ဖို့အတွက် ခန့်မှန်းနိုင်ပြီး စီစဉ်နိုင်ပါမယ်။

## ပိုင်ဆိုင်မှု

ကျောင်းသားတွေကို ဖတ်စာအုပ်တွေပေးပြီး ဘာဖတ်ရမလဲ၊ စာမျက်နှာဘယ်နှစ်ခု ဖတ်ရမလဲ။ ပြီးတော့ ဘယ်အချိန်အပြီးဖတ်ရမလဲလို့ မကြာခဏ ပြောကြလွန်းပါတယ်။ သူတို့ဟာ ဘာဖတ်ရမလဲ၊ ဘယ်တော့လဲ၊ ဒါမှမဟုတ် ဘာရည်ရွယ်ချက်နဲ့ဖတ်ရမလဲဆိုတာကို ရွေးခွင့်ရှိခဲ့ပါတယ်။ ကျောင်းသားတွေကို သူတို့ဖတ်ဖို့ ဆုံးဖြတ်ပေးထားတာကိုပဲ ဖတ်ရမယ်လို့ ပြောရင် သူတို့ဟာ ဖတ်စာနဲ့ကိုယ်ပိုင်ဆက်စပ်မှုမလုပ်နိုင်ပါဘူး။ သူတို့ဟာ သူတို့အတွက် ဖတ်တာမဟုတ်ပဲ တခြားတစုံတယောက်အတွက် ဒါမှမဟုတ် တခြားရည်ရွယ်ချက်တခုအတွက် ဖတ်ရာရောက်ပါတယ်။ ဒါဟာ မပါဝင်ဖို့ စပေးလိုက်တာပါ။ ကျောင်းသားတွေဟာ စာပေကောင်းတွေကို ရွေးနိုင်ပြီး သိပ္ပံ၊ သမိုင်းနဲ့ သင်္ချာတို့က မိမိတို့ရဲ့အကြောင်းအရာတွေကို စူးစမ်းလေ့လာဖို့ ရွေးနိုင်ပါတယ်။ သူတို့ဟာ စာပေအမျိုးမျိုးကို လေ့လာဖို့ အဆင်သင့်ရှိနေပါတယ်။ ဒါပေမဲ့ သူတို့ကို ရွေးချယ်စရာမပေးရင် ဒါမှမဟုတ် သူတို့ စာဖတ်တာကို တခုခုမပြောရင်တော့ သူတို့ဟာသူတို့ လုပ်မှာမဟုတ်ပါဘူး။
ကျောင်းသားတွေဟာ မိမိတို့ဖတ်လိုရာဖတ်လို့ရွေးချယ်ခွင့်ရတာနဲ့တပြိုင်နက် သူတို့ဟာ ဖတ်မယ့်အရာကို ပိုင်ဆိုင်မှုယူလိုက်ပါတယ်။ ပိုင်ဆိုင်မှုယူတယ်ဆိုတာက စာဖတ်သူတွေဟာ စိတ်ဝင်စားတဲ့စာဖတ်သူတွေ ဖြစ်လာဖို့ အရေးကြီးတဲ့ပထမအဆင့်ပဲ ဖြစ်ပါတယ်။ စာဖတ်နည်းစဉ်ကပိုင်ဆိုင်မှုဆိုတာက ကျောင်းသားတွေဟာ မိမိတို့ ရည်ရွယ်ချက်အတွက် မိမိတို့ဖတ်လိုရာအကြောင်းအရာကို ဖတ်တာပါပဲ။ ရည်ရွယ်ချက်ရယ် စိတ်ဝင်စားမှုရယ် အဲဒါက နားလည်မှုနဲ့ ရှေ့ဆက်စူးစမ်းလိုမှုကို ဘယ်လိုမောင်းနှင်ပေးသလဲဆိုတဲ့အကြောင်း အရင်က ပြောပြီးပါပြီ။ ဒါကိုသိပြီးလျက်နဲ့ ကျောင်းသားတွေကို သူတို့ဖတ်လိုရာဖတ်ခွင့်မပေးတာကိုတော့ စဉ်းစားလို့မရပါဘူး။

## တုန့်ပြန်မှု

သာမန်အားဖြင့် စာဖတ်တာကို လူမှုရေးလုပ်ရပ်တရပ်လို့ မယူဆပါဘူး။ လူတဦးစီရဲ့ စာဖတ်ပညာသင်ယူနည်းစဉ်နဲ့ နောက်ပိုင်းမှာ ပြန်ရွတ်ဖို့ သီးခြားလုပ်ရတဲ့တာဝန်တခုလို့ ယူဆလေ့ရှိပါတယ်။ လူမှုရေးလုပ်ရပ်နဲ့ အနီးစပ်ဆုံးကတော့ ကျောင်းသားက စာတပိုဒ်ကို အသံထွက်ဖတ်ပြီး ဆရာက အမှားရှာဖို့ နားထောင်တဲ့ ရောင်းရော်ဘင်စာဖတ်ခြင်းပါပဲ။ ရောင်းရော်ဘင်စာဖတ်ခြင်းဟာ လိုင်းရဲ့ ထိပ်ဆုံးရောက်ရင် တတ်နိုင်မလား မတတ်နိုင်ဘူးလားဆိုတာမသိပဲ တိတ်တိတ်လေး ဖိနပ်ဝယ်ဖို့တန်းစီနေတဲ့လုပ်ရပ်ထက် ပိုပြီး လူမှုရေးမဆန်ပါဘူး။ တန်းစီနေတဲ့ လိုင်း

ထိပ်ဆုံးရောက်ပြီးမှ ပိုက်ဆံအလုံအလောက်မရှိပါလားဆိုတာ သိလိုက်ရတာထက်လည်း စာဖတ်သူတွေကို ပိုပြီး တုန့်ပြန်မှုမရှိပါဘူး။ ဒါပေမဲ့ စာဖတ်တယ်ဆိုတာ လူမှုရေးလုပ်ဆောင်မှုတရပ်ပါ။––စာရေးသူနဲ့ စာဖတ်သူအကြား စကားပြောတာကို ကိုယ်စားပြုထားပါတယ်။ ဒါပေမဲ့ ဒီစကားပြောတာကို မိမိတို့ရဲ့အတွေးအကြံတွေကို ဖလှယ် နေပြီး ဖတ်စာနဲ့ တယောက်ကိုတယောက် တုန့်ပြန်နေတဲ့ တခြားစာဖတ်သူတွေလည်း ပါဝင်အောင် ချဲ့နိုင်ပြီး ချဲ့လည်းချဲ့ရပါမယ်။ ကျောင်းသားတွေဟာ မိမိတို့ဖတ်တာကို စစ်မှန်တဲ့တုန့်ပြန်မှုလုပ်ဖို့ အခွင့်အရေးလိုပါတယ်။ ဒီလိုမှ သူတို့ဟာ ဖတ်စာကိုနားလည်မှုကိုနှလုံးသွင်းနိုင်ပြီး ရှင်သန်နိုင်တဲ့၊ မှတ်မှတ်ရရဖြစ်နိုင်တဲ့ ပြီးတော့ အသုံးကျတဲ့အခြေအနေမှာ ဒီနားလည်မှုတွေကို ပြောင်းလဲ၊ စီစစ်နိုင်မှာပါ။ သူတို့ဟာ တခြားသူတွေကို မိမိဘာတွေဖတ်ပြီး ကြောင်းပြောပြီး သူတို့အတွက်အဲဒါက ဘယ်လို အဓိပ္ပါယ်ရှိကြောင်း ပြောပြီး တုန့်ပြန်ရမှာပါ။ ကျောင်းသားတွေက တခြားလူတွေ ဘာတွေဖတ်နေတယ်ဆိုတာ ကြားဖို့လိုပြီး အချင်းချင်းရဲ့ စာပေလှုပ်ရှားမှုကို တုန့်ပြန်ရမှာပါ။ လူကြီးတွေအနေနဲ့ သူငယ်ချင်းတွေကို စာအုပ်ကောင်းတွေအကြောင်း၊ စိတ်ဝင်စားစရာကောင်းတဲ့ ဆောင်းပါးနဲ့ ပညာတိုးစေတဲ့ဖတ်လိုက်ရတဲ့အရာတွေကို ပြောရတာ သိပ်သဘောကျပါတယ်။ ဒါက ဖလှယ်ခြင်း၊ မှတ်မိခြင်းနဲ့ အတွေးအခေါ်အသစ်တွေကို မိမိစကားနဲ့ဖော်ပြတဲ့ နည်းလမ်းတခုပဲဖြစ်ပါတယ်။ ဒီလိုနည်းနဲ့ ကျွန်ုပ်တို့ဟာ အတွေးအခေါ်အသစ်တွေရနိုင်မယ့်နေရာတွေ၊ ကမ္ဘာကြီးနဲ့ပါတ်သက်ပြီး အတွေးအသစ်တွေ၊ ပြီးတော့ မသိသေးတာကို သိလာတဲ့နည်းသစ်တွေသိလာပါတယ်။ လူကြီးတွေဟာ ဒါတွေကို လူငယ်စာဖတ်သူ ကောင်းတွေလိုပဲ လုပ်လေ့ရှိပါတယ်။ –– ဒါပေမဲ့များသောအားဖြင့်တော့ ကျောင်းပြင်ပမှာလုပ်တာပါ။ ကျောင်းသင်ခန်းတွေဟာ စာဖတ်မှုကိုတုန့်ပြန်ဖို့ အခွင့်အရေးတွေပေးဖို့လိုပါတယ်။ ဒီလိုမှ ကျောင်းသားတွေက သူတို့ဖတ်ခဲ့ရတာတွေကို မိမိတို့စကားနဲ့ ပြောနိုင်ပြီး စာဖတ်တဲ့အတွေးအကြံကို ကိုယ်ပိုင်အတွေးအကြံလုပ်နိုင်မှာပါ။

(page 15)

# အပိုင်း ၃။ ။ စာဖတ်သူများရဲ့ သင်တန်း

(page 16)

အခု စာဖတ်သူများရဲ့ သင်တန်းအတွေ့အကြုံခံယူပါမယ်။ သင်တန်းသားတယောက်စီမှာ သူတို့ဖတ်ချင်တာ တခုစီရှိရပါမယ်။ တင်ပြသူအပါအဝင် အားလုံးကို စာဖတ်ဖို့ မိနစ် ၂၀ ပေးရပါမယ်။ ဒါပေမဲ့ စာမဖတ်ခင် စာဖတ်ပြီး သူတို့ဖတ်တာကို တုန့် ပြန်ချက်ရေးရမယ်လို့ ရှင်းပြပါ။ တုန့် ပြန်ချက်တွေကို သုံးယောက် ဒါမှမဟုတ် လေးယောက် ပါတဲ့အုပ်စုငယ်တွေအလိုက် ဖလှယ်ကြပါမယ်။ သူတို့ရဲ့ တုန့်ပြန်ချက်တွေနဲ့ပါတ်သက်ပြီး ခေါင်းထဲမှာထားရမယ့် အရေးကြီးတဲ့အချက်တွေရှိပါတယ်။

- တုန့်ပြန်မှုတခုစီဟာ မိမိတို့ ဖတ်လိုက်ရတာနဲ့ပါတ်သက်ပြီး ပြန်စဉ်းစားထားတာပါ။ ပြန်ပြောခိုင်းတာ မဟုတ်ပါဘူး။
- တုန့်ပြန်ချက်တွေဟာ စာဖတ်သူအတွက် အဲဒီဖတ်စာက ဘယ်လိုအဓိပ္ပါယ်ရှိသလဲဆိုတာ ဖေါ်ပြရပါမယ်။ ဆိုလိုတာက မိမိတို့အတွေ့အကြုံတွေ ဒါမှမဟုတ် ခံယူချက်တွေအရ ဖတ်စာကို အဓိပ္ပါယ်ရှိရှိ အဓိပ္ပါယ်ကောက်ယူဖို့ပါ။
- တုန့် ပြန်ချက်တွေကို နားထောင်သူတွေရှိတဲ့အပြန်အလှန်ပြောတဲ့စကားတွေရဲ့ အစလို့ယူဆပြီး ပို့ချချက်တခုအနေနဲ့ မယူဆရပါဘူး။
- တုန့်ပြန်ချက်တွေမှာ "ဒီစာအုပ်ကို ကြိုက်ရတဲ့အကြောင်းက – – –၊" ဒါမှမဟုတ် "ဒီဆောင်းပါးက ရှင်းပြတဲ့ အတွက် ထိရောက်တယ်၊" ဒါမှမဟုတ် "ဒီစာရေးဆရာနဲ့ သဘောမတူဘူးလို့ထင်တယ်။ ဘာလို့လဲဆိုတော့ –––" စတဲ့ တန်ဖိုးဖြတ်တဲ့ထွက်ဆိုချက်တွေ ပါရပါမယ်။

ကျောင်းသားတွေဆီက နမူနာတုန့်ပြန်ချက်တွေတချို့က အထောက်အကူပေးပါလိမ့်မယ်။

စမင်သာ (၈ တန်း) ကရေးပါတယ်––

ဒီစာအုပ်ကိုလက်ကချရမှာခက်ခဲပါတယ်။ ဘာလို့လဲဆိုတော့ တချိန်လုံး တခုခုဖြစ်နေလို့ပါ။ အဓိကဇာတ်ကောင်ကို နားလည်နိုင်ပါတယ်။ ဘာလို့လဲဆိုတော့ သူက ကျမနဲ့တော်တော်တူလို့ပါ။ ဒါပေမဲ့အကြိုက်ဆုံးကတော့ ကျမအတွက် ဇာတ်ကောင်တွေအားလုံးက တကယ်နဲ့တူလို့ပါ။ တယောက်မှ ကြောင်တာမရှိဘူး။ ဒါမှမဟုတ် တန်ခိုးသိပ်ကြီးမနေဘူး။ ဒါမှမဟုတ် အဲလိုမျိုး ပေါတောတော တခုမှမပါပါဘူး။ ဇာတ်ကောင်တွေအားလုံးကို နားလည်နိုင်ပါတယ်။

ဘရိုင်ရင် (၆ တန်း) ကရေးပါတယ်။

ဇာတ်လမ်းထဲမှာ ကောင်လေးသေသွားတော့ ဝမ်းနည်းစရာကောင်းပါတယ်။ သူသေမယ်လို့တော့ထင်သားပဲ။ ဒါပေမဲ့ မသေစေချင်ဘူးလေ။ တယောက်ယောက်ကို သူ့ရောဂါပျောက်ဆေးတွေ့စေချင်နေတယ်။ မဖြစ်နိုင်ဘူးလို့ တော့ ထင်သားပဲ။ သူ့ကိုကူညီဖို့ လူတိုင်းအတတ်နိုင်ဆုံးကြိုးစားကြတယ်လို့ထင်တယ်။ မိုက်ကယ်ဂျက်ဆင်တောင် ကြိုးစားတယ်။ ရိုင်ရင်က သတ္တိရှိတယ်။––လူတိုင်းဒီစာအုပ်ဖတ်သင့်တယ်။

ပီတာ (၇ တန်း) ကရေးပါတယ်။

စတိဗ်နဲ့ ဂျွန်ဆင်တို့ဒီလောက်တောင် ဒုက္ခရောက်ရတာနားမလည်ပါဘူး။ စာရေးဆရာက ဒါဘယ်လိုဖြစ်နိုင်သလဲ ဆိုတာ ကောင်းကောင်းမရှင်းပြထားဘူးလို့ထင်တယ်။ ကျနော်ဒါကြောင့် စိတ်ပျက်သွားတယ်ထင်တယ်။ ဘာဖြစ် လို့လဲဆိုတော့ တချိန်လုံးသူတို့က မလိုပဲ ဒုက္ခရောက်နေတာဟာ ပေါကြောင်နိုင်လွန်းတယ်ထင်တယ်။ တခုခုများ လွတ်သွားသလားဆိုတာ ကြည့်ဖို့ ပထမပိုင်းကို ထပ်ဖတ်ဖို့စဉ်းစားသေးတယ်။ ဒါပေမဲ့ မဖတ်ပါဘူးလို့

(page 17)

> ဆုံးဖြတ်လိုက်တယ်။ အခုတော့ ဒါရေးနေရလို့ ပြန်ဖတ်သင့်တယ်ထင်တယ်။ ဒီလိုလုပ်ရင် စာအုပ်ကို ပိုကြိုက်ချင် ကြိုက်မယ်၊ ဒါမှမဟုတ် ပိုကြိုက်တဲ့စာအုပ်အသစ်တခုပဲ စဖတ်တော့မယ်ထင်တယ်။

လူတိုင်းတုန့် ပြန်မှုရေးဖို့ စာရွက်ပေးပါ။ ပြီးတော့ မိနစ် ၂၀ စဖတ်ခိုင်းပါ။ တင်ပြသူတွေဟာလည်း ဒီအချိန်မှာ ဖတ်ရပါမယ်။ စာဖတ်ချိန်ကုန်သွားတဲ့အခါ လူတိုင်းကို မိမိတို့ရဲ့တုန့်ပြန်မှုတွေရေးဖို့ ၅ မိနစ်က ၈ မိနစ်အထိ အချိန်ပေးပါ။ ပြီးရင် သင်တန်းသားတွေနဲ့ သုံးယောက် ဒါမှမဟုတ် လေးယောက်ပါတဲ့ အုပ်စုတွေဖွဲ့ ပြီး အုပ်စုတွေအတွင်းမှာ မိမိတို့ရဲ့တုန့် ပြန်မှုတွေ ဖလှယ်ဖို့ အချိန်ပေးပါ။ ပထမတော့ ဒါဟာ စာဖတ်သူများရဲ့ သင်တန်းမှာ ပထမဆုံးဖလှယ်တာဖြစ်တဲ့အတွက် သူတို့ရဲ့အဖေါ်တွေဟာ အုပ်စုထဲကအဖေါ်တွေဖလှယ်နေတဲ့ ဖတ်စာအကြောင်းကို သိမှာမဟုတ်ပါဘူးဆိုတာ ရှင်းပြပါ။ ဒါကြောင့် စာဖတ်သူတယောက်စီဟာ ခေါင်းစဉ်၊ စာရေးသူ(များ)နဲ့ ခေါင်းစဉ် ဒါမှမဟုတ် ဇာတ်လမ်းအကြောင်း နည်းနည်းပြောပြပြီးတော့မှ သူတို့ရေးထားတဲ့ တုန့်ပြန်မှုတွေအကြောင်း ဖလှယ်ပါတယ်။

## မြန်မြန်ပြန်စဉ်းစားခြင်းများ

သင်တန်းသားတွေ အခုကြုံခဲ့ရတဲ့အတွေ့အကြုံကို ဆွေးနွေးဖို့ မိနစ်အနည်းငယ် အချိန်ယူပါ။ အုပ်စုငယ်တွေထဲမှာ ဒါမှမဟုတ် တအုပ်စုလုံးနဲ့ ဖလှယ်ပါ။ သင်တန်းသားတွေကို စဉ်းစားပြီး သူတို့ရဲ့ အတွေးအခေါ်တွေဖလှယ်ခိုင်းပါ။ ဒါမှမဟုတ် သူတို့ရဲ့ စာဖတ်အတွေ့အကြုံကို ဖလှယ်ခိုင်းပါ။ သူတို့ကို အောက်ပါအကြောင်းအရာတွေ စဉ်းစားခိုင်းပါ။

- သူတို့ဟာ သူတို့ရဲ့ အတွေးအခေါ်တွေကို တခြားလူတွေနဲ့ ဖလှယ်မယ်ဆိုတာ သိပြီး သူတို့ရဲ့ စာဖတ်တာကို ဘယ်လို ချဉ်းကပ်သလဲ။
- အချိန်ကြာ စာပေးဖတ်တာကို ဘယ်လို သဘောထားသလဲ။
- ဖလှယ်တဲ့အုပ်စုတွေမှာ ဘာကြုံရသလဲ။––ဘယ်လိုနေသလဲ ပြီးတော့ ဘာသင်ယူလိုက်ရသလဲ။ ပြီးတော့
- မိမိဖတ်တာကို တခြားလူတွေနဲ့ ဖလှယ်တဲ့အခါ ဘယ်လိုခံစားရသလဲ။

## စာဖတ်သူများရဲ့ သင်တန်းက အစိတ်အပိုင်းလေးခု

သင်တန်းရဲ့ဒီအပိုင်းမှာ နောက်ထပ်တင်ပြမှုတွေလိုပါတယ်။ စာဖတ်သူတွေရဲ့သင်တန်းမှာ အဓိက လေ့ကျင့်ခန်း လေးရပ် ပါပါတယ်။

> သင်ခန်းစာငယ်
> စာဖတ်ခြင်း

ဆွေးနွေးခြင်း
တုန့်ပြန်ခြင်း

## သင်ခန်းစာငယ်

ကျောင်းသားတွေကို အတတ်နိုင်ဆုံး စာများများဖတ်စေလိုပေမဲ့ ကျောင်းသားတွေကို ပြောပြချင်တာတွေနဲ့ ပြောပြဖို့လိုတာတွေ အများကြီးရှိပါတယ်။ ဒီသင်ခန်းစာငယ်ပုံစံနဲ့ ဒီသင်ကြားစရာတွေကို ပို့ချရတာပါ။
သင်ခန်းစာငယ်တွေဟာ တိုပြီး ကျောင်းသားတွေကို သိစေလိုတဲ့ အတွေးအခေါ်တခု ဒါမှမဟုတ် အကြောင်းအရာတခုကို ရည်မှန်းထားပါတယ်။ သင်ခန်းစာငယ်ဟာ ပုံမှန်အားဖြင့် အတန်းအစမှာရှိပြီး မိနစ် အနည်းငယ်ကနေ ၁၀ မိနစ် ဒါမှမဟုတ် ၁၅ မိနစ် ကြာတတ်ပါတယ်။ သင်ခန်းစာငယ်အတွက် အကြံတွေကတော့ အကြောင်းအရာအမျိုးမျိုးက စနိုင်ပါတယ်။ ကျောင်းသားတွေ ဘယ်လိုဆက်လုပ်ရမလဲဆိုတာ သိဖို့ စာဖတ်သင်တန်းကိုရှင်းပြတဲ့ သင်ခန်းစာငယ်တွေရှိပါတယ်။ ဒါက စာဖတ်ခြင်းနဲ့စာရေးခြင်းအကြောင်း ရှင်းပြပါတယ်။ အဲဒါက ကျောင်းသားတွေ စစ်တန်းတွေကရလဒ်တွေ ကရလာတဲ့ဒါမှမဟုတ် ကျောင်းသားတွေစာဖတ်လေ့ကျင့်ခန်းတွေကနေ ဆရာက သတိပြုမိထားတဲ့ ကျောင်းသားတွေရဲ့ စိတ်ဝင်စားမှုတွေကပေါ်လာတာဖြစ်ပါတယ်။ ဥပမာ၊ ဆရာတယောက်က ကျောင်းသားတွေဟာ အရေးအသားပုံစံတမျိုးကိုပဲ ရွေးဖတ်နေတာကို သတိပြုမိပါလိမ့်မယ်။ အရေးအသားပုံစံအမျိုးမျိုးနဲ့ သူတို့ရဲ့တည်ဆောက်ပုံအနေအထားနဲ့အရေးပါပုံတွေအကြောင်း သင်ခန်းစာငယ်ကနေ သင့်တော်တဲ့တုန့်ပြန်မှု ပေးနိုင်ပါတယ်။
သင်ခန်းစာငယ်အဓိကပုံစံနှစ်မျိုးရှိပါတယ် –– နည်းစဉ်သင်ခန်းစာငယ်တွေက ကျောင်းသားတွေကို စာဖတ်သူများရဲ့သင်တန်းကို အတန်းထဲမှာ ဘယ်လိုလုပ်မယ်ဆိုတာ ပြောပြပြီး စာရေးစာဖတ်သင်ခန်းစာငယ်တွေကတော့ စာအုပ်တွေမှာပါတဲ့အစိတ်အပိုင်းတွေနဲ့ စာဖတ်ခြင်းနည်းစဉ်အကြောင်းပြောပါတယ်။ စာရေးစာဖတ်ခေါင်းစဉ်တွေမှာ စာရေးဆရာတွေအကြောင်းတင်ပြချက်တွေ ဒါမှမဟုတ် စာရေးနည်းတွေအကြောင်းပါပြီး အတန်းကို အသံထွက်ဖတ်ပြခြင်းအကြောင်းလည်း ပါနိုင်ပါတယ်။
ဖြစ်နိုင်တဲ့ သင်ခန်းစာငယ်တွေစာရင်းကတော့ရှည်ပြီး စာဖတ်သူများရဲ့သင်တန်းတည်ဆောက်ပုံ၊ စာရေးခြင်းရဲ့ အပိုင်းတွေ၊ ဒါမှမဟုတ် ကျောင်းသားတွေ စာဖတ်ရင်း ရှာမယ့် အထူးအရာတခုအကြောင်း–– နာမဝိသေသနတွေ သုံးပုံ၊ စာအုပ်တအုပ်ကို စာရေးသူဟာ သူ့အနေနဲ့ပြောပြတာလား တခြားသူတယောက် အနေနဲ့ပြောပြတာလား၊ ဇာတ်လမ်းသွယ်ဝိုက်ချက်တွေ၊ ဇာတ်ကောင်တွေစရိုက်ပြည့်ပြည့်စုံစုံဖေါ်ပြမှု၊ ဒါမှမဟုတ် တခြားအတွေးအခေါ်တွေ––ပါနိုင်ပါတယ်။ စာသင်နှစ်စမှာ ဒါမှမဟုတ် စာသင်မှုကာလတခုအစမှာ သင်ခန်းစာငယ်တွေကို မကြာမကြာသုံးလေ့ရှိပြီး သင်တန်းဆက်သွားတာနဲ့အမျှ နည်းသွားပါတယ်။
သာမန်အားဖြင့် စာသင်နှစ်စမှာ အတန်းကို ဘယ်လိုတည်ဆောက်ထားတယ်၊ စာဖတ်သူများရဲ့ သင်တန်းက စည်းကမ်းတွေ၊ ပြီးတော့ ကျောင်းသားတွေနဲ့ ဆရာဆီက ဘာတွေ မျှော်လင့်ထားတယ် ဆိုတာတွေကို ဖေါ်ပြတဲ့ သင်ခန်းစာငယ်နဲ့ စလေ့ရှိပါတယ်။ ကျောင်းသားတွေဟာ မိမိတို့ လုပ်ရပ်တွေကို ဘယ်လိုစစ်ဆေးမလဲဆိုတာလည်း သိအောင် စစ်ဆေးမှုနည်းစဉ်တွေကိုလည်း ဆွေးနွေးပါတယ်။ သူတို့ကျောင်းသားတွေ စာဖတ်ခြင်းကသင်ယူခြင်း၊

စာဖတ်တာကို ဘယ်လိုသဘောရသလဲနဲ့ စာအုပ်တွေနဲ့ စာရေးဆရာတွေအကြောင်း ဘာသိသလဲဆိုတာတွေကို ဆရာတွေအနေနဲ့ စစ်တန်းယူလေ့ရှိပါတယ်။ (နမူနာ စာဖတ်စစ်တန်းတွေအတွက် နောက်ဆက်တွဲတွေကို ကြည့်ပါ။)
စာဖတ်သူများရဲ့သင်တန်းဟာ တခါတလေ စာဖတ်ခြင်းအကြောင်းရေးတာပါတတ်လို့ ကျောင်းစာသင်နှစ်စ အစောပိုင်းမှာ ဖတ်တာကိုတုန့်ပြန်မှုတွေရေးခြင်းအကြောင်း သင်ခန်းစာငယ်တွေပေးလေ့ရှိပါတယ်။ စာဖတ်သူများရဲ့ သင်တန်းနဲ့မရင်းနှီးတဲ့ကျောင်းသားတွေက မိမိတို့ဖတ်တာတွေနဲ့ပါတ်သက်ပြီး ဘာရေးရမလဲ၊ ဘယ်လိုရေးရမလဲဆိုတာ သိမှာမဟုတ်ပါဘူး။ ကျောင်းသားတွေဟာ စာဖတ်မှုကို အမျိုးမျိုး စပြီးတွေ့ကြုံဖို့လိုပါတယ်။ သူတို့ ဘာဖြစ်သလဲ။ စာရေးဆရာကဘာပြောသလဲဆိုတာဖေါ်ပြတာ ဒါမှမဟုတ် အခြေခံအချက်တွေ တင်ပြတာ လုပ်မှာမဟုတ်ပါဘူး။ သူတို့ကို ဒီစာဖတ်ရခြင်းအားဖြင့် ဘယ်လိုသက်ရောက်မှုရှိသလဲဆိုတာ ရေးရမှာဖြစ်ပါတယ်။ ဒီအရေးအသား၊ ဇာတ်လမ်း၊ ဒါမှမဟုတ် ဇာတ်ကောင်တွေက ဘာကိုသတိပြုမိသလဲ၊ စာအုပ် ဒါမှမဟုတ် စာရေးဆရာနဲ့ပါတ်သက်ပြီး ဘာကြိုက်သလဲ၊ ပြီးတော့ ဘာဖြစ်လို့ ကြိုက်သလဲ။ ဒါမှမဟုတ် အကြောင်းအရာက သူတို့သိပြီးသားနဲ့ဘယ်လို ဆက်စပ်သလဲ။ သူတို့ဟာ တုန့်ပြန်မှုတွေအတွက် ဥပမာတချို့နဲ့ နမူနာတချို့လိုပါမယ်။ တခြား သင်ခန်းစာငယ်တွေကတော့ စိတ်ဝင်စားတဲ့စာအုပ်တွေ ဘယ်လိုရွေးရမလဲ၊ စာရေးဆရာတွေ အမျိုးအစား အမျိုးမျိုး၊ စာရေးဆရာတယောက်အကြောင်း ဆွေးနွေးခြင်း၊ ပြီးတော့ ဖတ်စရာအတွက် စာကြည့်တိုက် ဘယ်လိုသုံးရမလဲ၊ ဒါမှမဟုတ် အင်တာနက်ဘယ်လိုဆက်သွယ်ရမလဲဆိုတဲ့ အကြောင်း အရာတွေကို အဓိကထားချင်ထားပါမယ်။

## စာဖတ်ခြင်း

ကျောင်းသားတွေ တက်တက်ကြွကြွစာဖတ်ခြင်းကို အကောင်းဆုံးမြှင့်တင်နည်းကတော့ တိတ်တိတ်ဆိတ်ဆိတ် အချိန်ကြာ စာဖတ်ခြင်းအတွက် အခွင့်အရေးတွေ ဖန်တီးပေးဖို့ပါပဲ။ ကျောင်းသားတွေအနေနဲ့ ကျွန်ုပ်တို့ တန်ဖိုးထားတာကို တန်ဖိုးထားလာတတ်ပါတယ်။ စာဖတ်ခြင်းဟာ အပိုလေ့ကျင့်ခန်းတခုဖြစ်လာတဲ့အခါ၊ နောက်မှ လုပ်တဲ့အရာတခုဖြစ်တဲ့အခါ၊ ကျောင်းသားတွေဟာ ဒါကို တန်ဖိုး သိပ်မထားပါဘူး။ စာဖတ်အတွေ့အကြုံလည်း သိပ်မမျှော်လင့်တော့ပဲ အဲဒါကြောင့် အကျိုးလည်းနည်းနည်းပဲ ရှိပါတယ်။ စာဖတ်သူများရဲ့ သင်တန်းက တိတ်တိတ်ဆိတ်ဆိတ် အချိန်ကြာဖတ်ဖို့ အားထားရပြီး ခန့်မှန်းလို့ရတဲ့အခွင့်အရေးတွေ ပေးဖို့ သင့်ပါတယ်။ ကျောင်းသားတွေ အနေနဲ့ ဘယ်အချိန်မှာ စာဖတ်ရမယ်ဆိုတာ ခန့်မှန်းလို့ရနိုင်ရမယ်။ စာဖတ်ဖို့ အတွက်အဆင်သင့်ရှိနေနိုင်ရမယ်။ ပြီးတော့ ဒီတချိန်လုံးအတွက် စာဖတ်နေမယ်လို့ မျှော်လင့်ထားတယ်ဆိုတာ သိနေရမယ်။
အစမှာ စာဖတ်ချိန်ဟာ ၁၅ မိနစ်ဖြစ်ပါတယ်။ ကျောင်းသားတွေဟာ ကိုယ့်ဟာကိုယ် စာဖတ်တာနဲ့ရင်းနှီးလာ တာနဲ့ အမျှ အချိန်ကို မိနစ် ၃၀ အထိ ဒါမှမဟုတ် ဒါထက်ပိုပြီး တဖြည်းဖြည်း တိုးပေးလိုက်ပါတယ်။

## ဆွေးနွေးခြင်း

ဆွေးနွေးခြင်းဆိုတာ ဘာလဲဆိုတာနဲ့ ဒါကို ဘယ်လိုစီမံခန့်ခွဲထားသလဲဆိုတာရှင်းပြပြီး အောက်မှာဖေါ်ပြထားတဲ့ အကြံပြုထားတဲ့ ဆွေးနွေးပွဲမေးခွန်း တခု ဒါမှမဟုတ် အများကို သုံးပြီး ကျောင်းသားတွေဆွေးနွေးပွဲ နမူနာ ပေးပါ။

စာဖတ်ခြင်းဆွေးနွေးပွဲတွေဟာ ဆရာနဲ့ကျောင်းသားတယောက်အကြားပဲ ပြောတဲ့စကားတွေဖြစ်ပါတယ်။ ဆွေးနွေးပွဲတိုင်း ကျောင်းသားဖတ်နေတဲ့ စာအုပ် ဒါမှမဟုတ် ဆောင်းပါးအကြောင်းနဲ့ ကျောင်းသားရဲ့ တုန့်ပြန်မှုအကြောင်း အမြဲပါပါတယ်။ ကျောင်းသားအနေနဲ့ တခုခုကို စနေတယ်ဆိုရင် ဖတ်နေတဲ့စာရဲ့ တစိတ်တပိုင်းကို အကျယ်ဖတ်ပြတာ ပါချင်ပါမယ်။ ဒါက ခက်ခဲမှုအဆင့်ကို စစ်ဖို့ ဒါမှမဟုတ် စာဘယ်လောက် ကျွမ်းကျင်တယ်ဆိုတာ စစ်ဖို့ ဖြစ်ချင်ဖြစ်မယ်။ ဆွေးနွေးပွဲတွေကနေတဆင့် ဆရာတွေက ကျောင်းသားတွေ ဖတ်တာတွေကိုစိတ်ဝင်စားမှုပြတယ်၊ အားပေးတယ်၊ စာပေအစိတ်အပိုင်းတွေ ကျောင်းသားတွေကိုပိုသတိပြုမိစေတယ်၊ ပြီးတော့ ကျောင်းသားတွေ စာဖတ်ပြီးနားလည်မှုကို စစ်ဆေးပါတယ်။ ဘယ်လောက်နားလည်သလဲ ဆိုတာကို ကျောင်းသားတွေကို သူတို့ဖတ်ပြီးတာကို တုန့် ပြန်ခိုင်းပြီး စစ်နိုင်တယ်။ ဒါမှမဟုတ် တခြားသက်ဆိုင်တဲ့ အဆင့်မြင့်မေးခွန်းတွေ မေးပြီး စစ်နိုင်ပါတယ်။

အကြံပြုထားတဲ့မေးခွန်းတွေမှာ အောက်ပါတို့လည်း ပါပါတယ်။

- ဒီစာအုပ်ဘာလို့ရွေးသလဲ။
- ဘယ်လိုနေသလဲ။
- ဒီစာအုပ်အကြောင်းပြောပြပါ။ ဘယ်အပိုင်းအကြိုက်ဆုံးလဲ။ ဘာလို့လဲ။
- အဲဒါအကြောင်း ထပ်ပြောပြပါအုံး။ စိတ်လှုပ်ရှားစရာအကောင်းဆုံးအပိုင်းဖတ်ပြပါ။
- ဘယ်အပိုင်းတွေက မရှင်းဘူးလဲ။
- ဒါဖြစ်တော့ ဘယ်လိုခံစားရသလဲ။
- ဒါဖြစ်တော့ ဘယ်လိုထင်သလဲ။
- ဒီအကြောင်းအရာနဲ့ပါတ်သက်ပြီး ပိုသိအောင် ဘယ်လိုလုပ်နိုင်မလဲ။
- ဒီစာအုပ်ကနေ ဘာသင်ယူလိုက်ရသလဲ။
- ဘာပြဿနာတွေ အခုရှိသလဲ။ ဘာပြဿနာတွေ ရှိခဲ့သလဲ။
- ဒီစာအုပ်ကို ဘယ်လိုသဘောရသလဲ။
- ဒို့ကို ဘာမေးခွန်းတွေမေးချင်သလဲ။ ဒို့အနေနဲ့ ဘယ်လိုကူညီနိုင်မလဲ။
- ဒီစာအုပ်ရဲ့ ဇာတ်လမ်းပဟေဠိက ဘာလဲ။ ဒါကို ဘယ်လိုဖြေရှင်းလိုက်သလဲ။
- ဒီစာရေးဆရာရဲ့ တခြားဘယ်စာအုပ် သိသေးသလဲ။
- မရင်းနှီးတဲ့စကားလုံးတွေရှိသလား။ ဒါတွေကို ဘယ်လို ကိုင်တွယ်သလဲ။

တိတ်တိတ်ဆိတ်ဆိတ် စာဖတ်နေချိန်မှာ ဆွေးနွေးပွဲတွေလုပ်ပါတယ်။ ကျောင်းသားအရေအတွက်နဲ့အတန်းနေရာ ချထားပုံပေါ်မှာမူတည်ပြီး အတန်းတတန်းစီက ဆွေးနွေးမှုတွေကို ကိုင်တွယ်တာ မတူပါဘူး။ သာမန်အားဖြင့်

ဆွေးနွေးပွဲတွေဟာ ၃ မိနစ်က ၅ မိနစ်လောက် ကြာတတ်ပါတယ်။ စာဖတ်သူများရဲ့ သင်တန်းကာလမှာ ဆရာကို ကျောင်းသား ၃ ယောက်က ၅ ယောက်အထိ ပေးတွေ့ပါတယ်။
စာဖတ်သူများရဲ့သင်တန်းကို စီမံခန့်ခွဲနည်းတနည်းကတော့ ဆရာအနေနဲ့ အတန်းထဲမှာ ကုလားထိုင်တလုံးနဲ့ လျှောက်သွားပြီး ဆွေးနွေးဖို့ကျောင်းသားရွေးဖို့ပါပဲ။ ကုလားထိုင်ကတော့ ဆရာနဲ့ ကျောင်းသား မျက်လုံးတွေ တတန်းထဲကျနေဖို့ ရည်ရွယ်ချက်နဲ့ ဖြစ်ပြီး ဆွေးနွေးပွဲကို အေးအေးဆေးဆေးရှိနေစေဖို့ပါပဲ။ စာဖတ်သူများရဲ့ သင်တန်းက ဆွေးနွေးပွဲက ကျောင်းသားကို စစ်ဆေးဖို့နဲ့ ကျောင်းသားလုပ်နေတာကို မေးခွန်းတွေအများကြီးမေးပြီး စစ်ဆေးဖို့ မဟုတ်ဘူးဆိုတာ အမှတ်ရပါ။ ဒါဟာ စာဖတ်သူနှစ်ယောက်အကြား စာဖတ်ခြင်းနဲ့ပါတ်သက်ပြီး ပြောကြတာတွေဖြစ်ပြီး ကျောင်းသားက ဆရာလောက်ပြောပါတယ်။
ဆွေးနွေးပွဲလုပ်ဖို့ နောက်တနည်းကတော့ ကျောင်းသားက ဆရာ့စာပွဲဒါမှမဟုတ် အတန်းထဲက တခြားသတ်မှတ်ထားတဲ့နေရာတခုကို လာခိုင်းဖို့ပါပဲ။ ဒီလိုလုပ်တာက ဆရာ့အနေနဲ့ ကုလားထိုင်တလုံးနဲ့ လျှောက်သွားနေတာလောက် အနှောက်အယှက်ဖြစ်မှာ မဟုတ်ပါဘူး။ တကယ်လို့ ကျောင်းသားက ဆရာ့စာပွဲ ဒါမှမဟုတ် အခန်းထောင့်က စာပွဲကိုလာရင် ကျောင်းသားက ဆရာ့ဘေးမှာထိုင်ရမှာဖြစ်ပြီး ဆရာနဲ့မျက်နှာချင်းဆိုင် မထိုင်ရပါဘူး။ ဒီလိုလုပ်ရင် ဆွေးနွေးပွဲဟာ အေးအေးဆေးဆေးရှိပြီး လုပ်ဖေါ်ကိုင်ဖက်တွေလို သဘောရှိပါတယ်။

## စာဖတ်ဆွေးနွေးပွဲတွေအောင်မြင်မှုတွေအတွက်လျှို့ဝှက်ချက်တွေ

၁။ ကျောင်းသားတွေမှာ စိတ်ဝင်စားတဲ့ဖတ်စရာရှိပြီး သင့်တော်တဲ့စာဖတ်မှုအဆင့်ရှိရပါမယ်။ မိမိကျောင်းသားတွေနဲ့သူတို့စိတ်ဝင်စားတာတွေကို သိပြီး သူတို့ ကြိုက်မယ်ထင်တဲ့စာအုပ်တွေကိုရွေးရင် စိတ်ဝင်စားမှုရှိလာပါမယ်။ စာအုပ်နဲ့ပါတ်သက်တဲ့စကားပြောပွဲတွေလုပ်ပြီး ကျောင်းသားတွေကို စာကြည့်တိုက်ကနေ ဒါမှမဟုတ် တခြားနေရာတွေကနေ စာအုပ်တွေရွေးခိုင်းပါ။
၂။ စာဖတ်သူများရဲ့ သင်တန်းကာလအတွင်း အခန်းဟာ အနှောက်အယှက်မရှိ တိတ်ဆိတ်နေရပြီး စကားမပြော ရပါဘူး။ စာပဲဖတ်ရပါမယ်။ ဒါနဲ့ပါတ်သက်ပြီး တင်းကြပ်တဲ့စည်းကမ်းလုပ်ထားပြီး လိုက်နာအောင်လုပ်ပါ။
၃။ အတန်းထဲက လူတိုင်းဖတ်ရပါမယ်။ သူတို့ရွေးတဲ့စာအုပ်၊ သူတို့ ကြိုက်တဲ့စာအုပ်၊ ပြီးတော့ သူတို့ဖာသာသူတို့ ဖတ်နိုင်တဲ့စာအုပ်ရှိရင် အတွန့်ဆုတ်ဆုံးစာဖတ်သူတွေတောင် ဖတ်ပါမယ်။ အစပိုင်းမှာ လိုက်မလုပ်ချင်တဲ့ ကျောင်းသားတွေတောင် စာဖတ်ချိန်နဲ့ ဆွေးနွေးချိန်ကို မျှော်လာပါမယ်။

တယောက်ချင်းဆွေးနွေးပွဲတွေကနေရတဲ့ အကောင်းဆုံးရလဒ်ကတော့ ဆရာနဲ့ကျောင်းသားအကြား ဖြစ်လာတဲ့ ခင်မင်မှုနဲ့ နားလည်မှုပါပဲ။  ဒီလိုဆက်ဆံရေးကနေ ကျောင်းသားတွေရဲ့ စိတ်ဝင်စားမှု၊ ဘာတွေဖတ်ဖို့လိုသလဲနဲ့ စာဖတ်သူတွေအနေနဲ့ မိမိကိုယ်ကို ဘာတွေခံယူရမလဲဆိုတာတွေ ပိုထင်ရှားလာပါမယ်။ ဒီဆွေးနွေးပွဲတွေကနေ ရလာတဲ့အသိတွေဟာ ဆရာတွေကို မိမိတို့ကျောင်းသားတွေရဲ့ အထူးလိုအပ်ချက်တွေအကြောင်း ပိုသိလာပြီး စာသင်စေပါတယ်။

## ဆွေးနွေးပွဲတွေအတွက် အခြေအနေ

ဆွေးနွေးပွဲတွေဟာ အေးအေးဆေးဆေးရှိပြီး စည်းမျဉ်းတွေမရှိရပါဘူး။ တခြားကျောင်းသားတွေ စာဖတ်နေချိန်မှာ စကားတိုးတိုးပြောဖို့ အရေးကြီးပါတယ်။ မိမိတို့ဆရာဟာ မိမိတို့ဖတ်နေတာတွေနဲ့ ပါတ်သက်ပြီး နားလည်တာ

တွေကို ကိုစိတ်ဝင်စားတယ်ဆိုတာ ကျောင်းသားတွေနားလည်ဖို့ အရေးကြီးပါတယ်။ ဆွေးနွေးနေတုန်း စကားဖြတ်ပြောတာတို့ နှောက်ယှက်တာတို့ကို တင်းတင်းကြပ်ကြပ်တားဆီးရပါမယ်။ ဆွေးနွေးပွဲ တခုနဲ့တခုအကြား အားနေချိန်မှာ ကျောင်းသားတွေကို မေးခွန်းမေးဖို့ ညွှန်ကြားပါ။

### ဆွေးနွေးပွဲ လုပ်ခြင်း

ဆရာနဲ့ကျောင်းသားအကြားပြောဆိုမှုက ကျောင်းသားဟာ ဖတ်နေတာဘယ်နားရောက်နေသလဲဆိုတာအပေါ်မူတည်ပါတယ်။ ကျောင်းသားတယောက်ဟာ စာအုပ်အသစ်တခုစဖတ်တယ်ဆိုရင် ကျောင်းသားကို ဒီစာအုပ်ကိုဖတ်ရတဲ့အခါ ခက်ခဲမှုအဆင့်ကို စစ်ဆေးခိုင်းပါ။ ကျောင်းသားတချို့က သူတို့ စာဖတ်တိုင်း ဆွေးနွေးပွဲလုပ်ချင်ပါတယ်။ ကျောင်းသားတွေနဲ့ဆရာတွေရဲ့ စိတ်ဝင်စားမှုတွေနဲ့ လိုအပ်ချက်တွေကိုလိုက်ပြီး ဆွေးနွေးပွဲအချိန်စာရင်းကိုလုပ်ပါ။ အပြောင်းအလဲလည်း အလွယ်တကူလုပ်နိုင်စေပါ။ ဆွေးနွေးပွဲကဒ်ပြားမှာ မှတ်စုတွေရေးပါ။ ဒီလိုလုပ်ရင် နောက်လာမယ့်ဆွေးနွေးပွဲတွေမှာ ဘာဆွေးနွေးရမလဲဆိုတာ ဆုံးဖြတ်ဖို့ အထောက်အကူဖြစ်ပါမယ်။ ဆွေးနွေးပွဲကဒ်ပြားတွေက ဆွေးနွေးပွဲတွေမှာဘာဖြစ်သလဲ၊ ဘယ်အကြောင်းအရာတွေအကြောင်းပြောသလဲ၊ ကျောင်းသားတွေ ဘယ်လိုတုန့်ပြန်သလဲ၊ ပြီးတော့ ဘာတွေဖတ်ဖို့ ရွေးသလဲဆိုတာတွေ မှတ်တမ်းတင်ထားတဲ့ ဆွေးနွေးပွဲမှတ်တမ်းအတိုဖြစ်နိုင်ပါတယ်။

### ဆွေးနွေးပွဲတွေ စီစဉ်ခြင်း

သင်ပုန်းကြီးရဲ့ တစိတ်တပိုင်းကို သုံးပြီး အဲဒီနေ့မှာ ဆွေးနွေးပွဲရှိမယ့်ကျောင်းသားတွေစာရင်းလုပ်ပါ။

ဆွေးနွေးပွဲတွေအကြား အားလပ်ချိန်
စာအုပ်ဘယ်လောက်ဖတ်ပြီးပြီလဲ
ကျောင်းသားရဲ့ တောင်းဆိုမှု၊ ဒါမှမဟုတ်
ကျောင်းသားတယောက်ရဲ့ စာဖတ်လေ့ကျင့်ခန်းတွေမှာ ဆရာရဲ့ စိတ်ဝင်စားမှု

စတာတွေအပေါ်မူတည်ပြီး အချိန်စာရင်း လုပ်ပါ။

သင်ပုန်းကြီးရဲ့ နောက်တပိုင်းမှာတော့ စာရင်းထဲမှာမပါပေမဲ့ အကြောင်းကြောင်းကြောင့်ဆွေးနွေးလိုတဲ့ ကျောင်းသားတွေ စာရင်းရေးပါ။ အချိန်စာရင်းလုပ်ထားတဲ့ ဆွေးနွေးပွဲတွေအပြီးမှာ အချိန်ရှိရင် စာရင်းပေးထားတဲ့ ကျောင်းသားတွေနဲ့ တွေ့ပါ။ ဆွေးနွေးချင်ပေမဲ့အချိန်မရှိလို့ မဆွေးနွေးလိုက်ရတဲ့ ကျောင်းသားတွေကို နောက်နေ့မှာ တွေ့ဖို့ စီစဉ်နိုင်ပါတယ်။

## တုန့်ပြန်ခြင်း

စာဖတ်ခြင်းကို တုန့်ပြန်တာဟာ စာဖတ်နည်းစဉ်က အများဆုံးမေ့ထားလေ့ရှိတဲ့အပိုင်းပါ။ ဒါပေမဲ့ ဒီအပိုင်းကနေ စာဖတ်သူတွေက လေးလေးနက်နက်စဉ်းစားတဲ့ စာဖတ်သူတွေ ဖြစ်လာပါတယ်။ ကျောင်းသားတွေဟာ စာဖတ်ချိန်လိုသလို သူတို့ဖတ်ခဲ့တာတွေကို တုန့်ပြန်ဖို့ အချိန်လည်း လိုပါတယ်။ သူတို့ဖတ်ခဲ့တာတွေကို သူတို့ ထင်ထား

ပြီးသား ဒါမှမဟုတ် သူတို့ ယုံကြည်တာနဲ့ ပေါင်းစပ်ဖို့ လိုပါတယ်။ သူတို့ရဲ့ စာပေအတွေ့အကြုံကို နားလည်ဖို့နဲ့ အရသာခံဖို့ အချိန်ပေးရပါမယ်။ စာပေလေ့လာရေးမှာ အဲဒါအထူးလိုအပ်ပြီး ဘာသာရပ်ဆိုင်ရာမှာ၊ အထူးသဖြင့် ဆရာတွေဟာ ကျောင်းသားတွေတွေးခေါ်ပုံဒါမှမဟုတ် အကြောင်းအရာနဲ့ပါတ်သက်ပြီးပိုသိလာအောင် ပြောင်းလဲဖို့ရာမှာ ကျောင်းသားတွေစာဖတ်တာကိုပဲ အားထားတဲ့အခါမှာ၊ ပိုအရေးကြီးပါတယ်။
စာဖတ်တာကို ကျောင်းသားတွေအနေနဲ့ နည်းအမျိုးမျိုးနဲ့တုန့်ပြန်နိုင်ပါတယ်။ ဒီစာအုပ်နောက်ပိုင်းမှာ စာဖတ်တာကို တုန့်ပြန်နည်း နောက်ထပ် နှစ်နည်း –– စာရေးဆရာကို မေးခွန်းမေးခြင်း (Beck, McKeown, Hamilton, & Kucan, 1997) နဲ့ စာပေဝိုင်းတွေ (Shrot & Kaufman)––ကိုလည်း အသေးစိတ်ဖေါ်ပြပါမယ်။ ကိုက်ညီမှုရှိအောင် ပထမ စာဖတ်အတန်းကလေ့ကျင့်ခန်းတွေကို ကြည့်ပြီး ဘာသာရပ်ဆိုင်ရာက ဖတ်စရာတွေကို စစ်ဆေးပါမယ်။ ဆွေးနွေးခြင်းဟာ ကျောင်းသားတွေကို ပြန်စဉ်းစားဖို့ နဲ့ သူတို့ဖတ်တာကို တုန့်ပြန်ဖို့ အခွင့်အရေးတွေပေးပါတယ်။ ဒါပေမဲ့ ဆွေးနွေးပွဲတွေဟာ တိုပြီး တုန့်ပြန်မှုအခွင့်အရေးတွေကို ကန့်သတ်ထားတာတွေလည်း အများကြီးပါနိုင်ပါတယ်။ စာဖတ်တာကို တုန့်ပြန်ခြင်းဟာ အချိန်ကြာစကားပြောဖို့ အခွင့်အရေးတွေပေးပါတယ်။ တုန့်ပြန်ရာမှာ စာရေးပြီး ဒါမှမဟုတ် ပါးစပ်နဲ့ပြောပြီး တုန့်ပြန်နိုင်ပြီး ကျောင်းသားကဆရာ၊ ကျောင်းသားကကျောင်းသား၊ ဒါမှမဟုတ် အုပ်စုအတွင်းမှာ ဖြစ်နိုင်ပါတယ်။

### စကားပြောမှတ်တမ်းတွေ

ကျောင်းသားတွေဖတ်တာကို တုန့်ပြန်တဲ့နည်းတခုက ကျောင်းသားတွေအနေနဲ့ ကိုယ်ဖတ်တာတွေကို တုန့်ပြန်တဲ့ စကားပြောမှတ်တမ်းတွေထားဖို့ပါ။ အဲဒီ(မကြာခဏရေးရတဲ့) မှတ်တမ်းတွေ ထဲမှာ တခုခုရေးပြီးတာနဲ့ အဲဒီမှတ်တမ်းကို ဆရာကိုပေးပါတယ်။ ဆရာက ဖတ်ပြီး ရေးထားတာကို တုန့်ပြန်ပါတယ်။ ဒီလိုနဲ့ ကျောင်းသားတွေ ဖတ်တာနဲ့ပါတ်သက်ပြီး ဆက်တိုက်ဖြစ်ပေါ်နေတဲ့ စကားပြောခြင်းတရပ်ဖြစ်နေပါတယ်။ ဒီစကား ပြောမှတ်တမ်းရဲ့ရည်ရွယ်ချက်က ကျောင်းသားတွေကို သူတို့ဖတ်တာတွေနဲ့ပါတ်သက်ပြီး လှုံ့ဆော်ပေးဖို့နဲ့ အကျိုး ဖြစ်အောင်ဖတ်နေတဲ့ဟာနဲ့ပါတ်သက်ပြီး အတွေးတွေ ဖလှယ်စေဖို့ပါ။ ကျောင်းသားတွေကိုလည်း သူတို့ ဖတ်တာတွေကို ပြန်စဉ်းစားဖို့ဟာ သူတို့အတွက်သာမက ဆရာအပါအဝင် တခြားလူတွေအတွက်ပါ အရေးကြီးတယ်ဆိုတာ သိစေပါတယ်။ စကားပြောမှတ်တမ်းတွေကို တခြားကျောင်းသားတွေနဲ့ ဖြစ်ဖြစ် တယောက်နဲ့တယောက် အပြန်အလှန်ရေးတဲ့ ကျောင်းသားအတွဲတွေအကြားမှာ ဖြစ်ဖြစ်လည်း ဖလှယ်နိုင်ပါတယ်။
ဒီစကားပြောမှတ်တမ်းတွေမှာ ဘာရေးရမလဲဆိုတာ ကျောင်းသားတွေရောဆရာတွေပါ ဆုံးဖြတ်ဖို့လိုပါတယ်။ သာမန်အားဖြင့် စာဖတ်တာကို ဒီလိုတုန့်ပြန်လေ့ မရှိလို့ ကျောင်းသားတွေက ဒီလိုစကားပြောတာမျိုးကို ဘယ်က စရမယ် ဘယ်လိုဆက်လုပ်ရမယ်ဆိုတာ မသိပဲရှိနေနိုင်ပါတယ်။ လမ်းညွှန်မှုမရှိရင် ကျောင်းသားတွေရဲ့ တုန့်ပြန်မှုက သိပ်တိုချင်တိုမယ် ဒါမှမဟုတ် အပေါ်ယံဆန်ချင်ဆန်နေမယ်။ ဒ့ါပြင် ဆရာတွေဟာ တုန့်ပြန်မှုနဲ့ ပါတ်သက်ပြီး မေးစရာတခြားမေးခွန်းတွေ မရှိရင် ဒီစကားပြောနည်းစဉ်ဟာ ကျောင်းသားတွေကို နှစ်ဦးနှစ်ဘက် အပြန်အလှန်ပြောတဲ့စကားပြောခြင်းမှာ ပါဝင်စေတာနဲ့မတူပဲ စာမေးပွဲမေးခွန်းတွေနဲ့ တူနေပါမယ်။
အောက်ပါမေးခွန်းတွေနဲ့ထောက်ပေးတဲ့အချက်တွေဟာ ကျောင်းသားတွေနဲ့ စကားပြောမှတ်တမ်းအတွက် စကားပြောရာမှာသုံးဖို့ အကြောင်းအရာနဲ့ပါတ်သက်တဲ့ရိုးရိုးအကြံပေးချက်တွေပဲဖြစ်ပါတယ်။

(page 24)

- ဒီစာအုပ်နဲ့ပါတ်သက်ပြီး ဘာကိုကြိုက်သလဲ။
- ဒီစာအုပ်နဲ့ပါတ်သက်ပြီး ဘာမကြိုက်ဘူးလဲ။
- ဘယ်လိုခံစားရသလဲ။ ဘာအကြောင်းစဉ်းစားလဲ။
- ဒီစာအုပ်ဘယ်လိုစသလဲ။
- ဇာတ်လမ်းအစပျိုးတာ စိတ်ဝင်စားစရာကောင်းသလား။
- စာအုပ်က ဘယ်လိုအဆုံးသတ်သလဲ။
- အဆုံးနဲ့ပါတ်သက်ပြီး ကျေနပ်သလား။
- နောက်ကြောင်းပြန်ရေးတာ (ဒါမှမဟုတ် တခြားစာရေးပုံစံ ဒါမှမဟုတ် နည်း)ကို သတိပြုမိသလား။
- စာရေးဆရာက ဘယ်အရေးကြီးတဲ့စကားလုံးတွေ သုံးသလဲ။ ထက်မြက်တဲ့စကားလုံးတွေကြောင့် တခုခု ခံစားရစေသလား။ ဘယ်မှာလဲ။ ဘယ်လိုနည်းတွေနဲ့လဲ။
- စာရေးဆရာက ရုပ်ပုံတွေ ဒါမှမဟုတ် မှတ်မိစရာကောင်းတဲ့ ပုဒ်တွေ ထပ်ခါတလဲလဲသုံးသလား။ ဒီလိုစကားလုံးတွေကို တမင်သက်သက်သုံးလို့ ဇာတ်လမ်းအတွက် ဘယ်လိုအထောက်အကူဖြစ်သလဲ။
- စာရေးဆရာရဲ့ အရေးအသားကို ဖေါ်ပြဖို့ စကားလုံးသုံးလုံးရှာလို့ရသလား။
- ဒီလိုအရေးအသားမျိုးနဲ့ ဝါကျ တကြောင်းဒါမှမဟုတ် နှစ်ကြောင်းရေးနိုင်သလား။
- ဘာ (ပြဿနာ) ပဋိပက္ခရှိသလဲ။
- အဆုံးအတွက်စိတ်ပူသလား။ ဘာလို့လဲ။ စာရေးဆရာက ဒါနဲ့ပါတ်သက်ပြီး ဂရုစိုက်အောင် ဘယ်လို လုပ်သလဲ။
- စာရေးဆရာက စိတ်ဝင်စားနေအောင် ဘယ်လိုလုပ်သလဲ။
- စာရေးဆရာက ဘဝအကြောင်း ဘာတွေ ဖေါ်ထုတ်ပြောလိုက်သလဲ။
- ဒီစာအုပ်နဲ့ပါတ်သက်ပြီး ဘာကို တကယ်ကြိုက်သလဲ။
- ဘာကိုနားလည်သလဲ။
- မျှော်လင့်ထားတဲ့အတိုင်းပဲလား။ ဘာလို့လဲ။ ဘာဖြစ်လို့မဟုတ်ဘူးလဲ။
- ဒီစာအုပ်ဖတ်ပြီးတဲ့နောက် ဘာအတွေးအခေါ်အသစ်တွေ ရသလဲ။
- ဒီစာအုပ်ဖတ်ပြီး ဘယ်လိုပိုကောင်းတဲ့စာဖတ်သူတယောက်ဖြစ်လာသလဲ။
- ဒီစာအုပ်ရဲ့ အဓိကအစွမ်းကဘာလဲ။
- ဇာတ်လမ်းထဲမှာ ဇာတ်ကောင်တွေဟာ ဘယ်လိုပြောင်းလဲသွားသလဲ။ ဘာဖြစ်လို့လဲ။
- ဒီလိုအပြောင်းအလဲဟာ တခြားဇာတ်ကောင်တွေအပေါ် ဘယ်လိုသက်ရောက်မှုရှိသလဲ။

- ဇာတ်ကောင်တယောက်ယောက်နဲ့များ နေရာလဲရလို့ရှိရင် သူနဲ့မတူအောင် ဘာများလုပ်မလဲ။
- ပြဿနာတွေကို အဓိကဇာတ်ကောင်လိုပဲ တုန့်ပြန်မှာလား။
- ဒီဇာတ်ကောင်တွေနဲ့ကိုယ့်ကိုယ်ကိုနှိုင်းယှဉ်နားလည်နိုင်သလား။ ဇာတ်ကောင်ထဲက တယောက်ယောက်က အသိတယောက်ယောက် ဒါမှမဟုတ် ကိုယ့်ကိုယ်ကို သတိရစေသလား။ ဘယ်လိုကြောင့်လဲ။
- ဇာတ်ကောင်တွေ ပြုမူပုံ စဉ်းစားပုံတွေက ဘာတွေ သင်ယူလိုက်ရသလဲ။
- ဇာတ်ကောင်တွေက ယုံနိုင်စရာကောင်းသလား။ ဘာလို့လဲ။ ဘာဖြစ်လို့ မဟုတ်ဘူးလဲ။
- အသေးစိတ်အချက်အလက်တခုခုကြောင့် အခြေအနေ ပေါ်လွင်လာစေသလား။
- စာရေးဆရာက အခြေအနေကို ရှင်းလင်းအောင်ဘယ်လိုလုပ်သလဲ။
- အခြေအနေက ဇာတ်လမ်းအတွက် ဘယ်လောက်အရေးကြီးသလဲ။ အထူးအရေးပါသလား။ ဘယ်လိုနည်းနဲ့လဲ။
- ဘယ်ဇာတ်ကောင်ကို အကြိုက်ဆုံးလဲ။သူက ဘယ်လိုဇာတ်ကောင်လဲ။ ပြီးတော့ သူ့ကို ဘာလို့ကြိုက်သလဲ။
- ဒီစာအုပ်ကို ဆက်ဖတ်တာနဲ့အမျှ ဘယ်မေးခွန်းတွေအတွက် အဖြေရမယ်လို့ မျှော်လင့်သလဲ။

ဒီထောက်ပေးထားတဲ့အချက်က ဖတ်စရာကို ကိုယ်တိုင်တုန့်ပြန်မှုပေးစေပါတယ်။ တချို့က အဆင့်နိမ့် ဖေါ်ပြစေတဲ့ မေးခွန်းမျိုးပဲမေးပါတယ်။ ဘာလို့လဲဆိုတော့ ဇာတ်ကောင်တွေ ဘာလုပ်နေတယ်ဆိုတာ သိဖို့ အရေးကြီးပြီး အဖြစ်အပျက်အစဉ်ကိုလည်း သိဖို့ အရေးကြီးပါတယ်။ စာဖတ်သူတွေအတွက် နားလည်ဖို့ အရေးကြီးတာက ဒီအဆင့်နိမ့်မေးခွန်းတွေရဲ့အဖြေတွေကို သိတာက စာဖတ်ခြင်းရဲ့ ရည်ရွယ်ချက်မဟုတ်ပဲ တကယ်စူးစမ်းတဲ့ စာဖတ်ခြင်းရဲ့ အစပဲဖြစ်ပါတယ်။

**စာပေပေးစာတွေ**

ကျောင်းသားနဲ့ကျောင်းသားရဲ့ တုန့်ပြန်မှုဟာ အဆင့်အမျိုးမျိုးမှာ ဖြစ်နိုင်ပါတယ်။ ကျောင်းသားတွေအနေနဲ့ နောက်တယောက်နဲ့ စကားပြောဖို့ရာကို စာပေပေးစာတွေကတဆင့်လုပ်နိုင်ပါတယ်။ ဒါတွေဟာ ကျောင်းသားတွေ တယောက်နဲ့တယောက်ဖလှယ်တဲ့ စာဖတ်ခြင်းကို ကိုယ်ရေးကိုယ်တာဆန်တဲ့ ခပ်တိုတို တုန့်ပြန်မှုတွေ ရေးထားတာပဲ ဖြစ်ပါတယ်။ စာပေပေးစာတွေဟာ စာဖတ်သူနှစ်ယောက်ကြား စကားပြောမှုနဲ့ ပြန်ပြောတာကို လှုံ့ဆော်ပေးဖို့ ရည်ရွယ်ထားပါတယ်။ စာအုပ်တအုပ်အကြောင်း ပြောပြချင်လို့ သူငယ်ချင်းတွေကိုရယ်၊ အဲဒီစာအုပ်ကို ဖတ်နေတဲ့တခြားလူတွေကိုရယ်၊ ဒီအကြောင်းအရာအကြောင်း ဖတ်နေတဲ့ တခြားလူတွေကိုရယ်၊ ပြီးတော့ ဒီစာရေးဆရာရေးတဲ့တခြားစာအုပ်တွေကို ဖတ်နေတဲ့ တခြားလူတွေရယ်ကို ကျောင်းသားတွေဟာ မကြာခဏ စာရေးပေးပို့လေ့ရှိပါတယ်။
အောက်ပါက ရှစ်တန်းကျောင်းသားလေးနှစ်ယောက်အကြား အပြန်အလှန်ပေးစာနမူနာပါ။

ဒေါ့ဖ် ရေ
ငါအခုဖတ်နေတဲ့စာအုပ်က ပိုကောင်းလာနေပြီ။ တစ်ဘ်ကပြောတယ် အဲဒါက စိတ်ကူးယဉ်စာအုပ်တအုပ်တဲ့။ ဟုတ်ရင်တောင်မှ သူဘာဂရုစိုက်စရာလိုသလဲနော်။ သူဒီစာအုပ်မဖတ်ပါဘူး။ ငါကဖတ်နေတာ။ *Tuned Out* ဖတ်ရတာ ဘယ်လိုလဲ။
အိုးစည်

အိုးစည်ရေ
တစ်ဘ်အနေနဲ့ဒါကို စိတ်ကူးယဉ်စာအုပ်လို့ခေါ်ပိုင်ခွင့်မရှိဘူးလို့ ငါထင်တယ်။ သူအဲဒါမဖတ်ရင် စိတ်ကူးယဉ်စာအုပ်ဟုတ်နေရင်တောင်မှ မပြောသင့်ဘူး။ ချဒ်ဆီက ဒီစာအုပ်အကြောင်း ခဏခဏကြားတယ်။ သူကသိပ်ကောင်းတယ်လို့ပြောတယ်။ *Tuned Out* လည်းဖတ်လို့ကောင်းနေတယ်။ အခုမှဇာတ်ရှိန်စတက်လာပြီ။
ဒေါ့ဖ်

ဒေါ့ဖ်ရေ
ဘယ်လိုလဲဟေ့။ ပြောချင်တာက *Tuned Out* စာအုပ်အကြောင်းလေ။ ငါ့စာအုပ်ကတော့ အရမ်းကောင်းလာပြီ။ မှင်စာလေးတွေမတွေ့တာကြာပြီဖြစ်တဲ့ဒီလူက သူတို့ကို လာတွေ့တယ်လေ။ မှင်စာတွေက ခိုလှုံရာ လို့ခေါ်တဲ့ နေရာကို ရှာနေတာ။ တချိလုံး ဒီလူက သူတို့ရဲ့ သမိုင်းမှာ ရှာပေးမယ်လို့ပြောတယ်။ ကိုင်း၊ သူလဲရဲတိုက်ကို ရောက်လာရော အတိုက်အခိုက်ခံရလို့ သူ့ရဲ့လက်ညှိုးကနေ အပြာရောင်မီးတန်းတွေလွှတ်လိုက်ပြီး မိစ္ဆာတွေ အားလုံးကို သတ်လိုက်ရော။ မကောင်းဘူးလား။
အိုးစည်

အရေးကြီးတဲ့မှတ်ချက်။ ။ ဒီစာပေပေးစာတွေဟာ များသောအားဖြင့် အမှတ်မထင်ရေးတာတွေဖြစ်ပြီး ကျောင်းသားတွေ ဖတ်ပြီးပြီးချင်း ပေါ်လာတဲ့အတွေးအခေါ်တွေကို ထင်ဟပ်ပြပါတယ်။ မကြာခဏ သဒ္ဒါနဲ့ စာလုံးပေါင်းအမှားတွေပါပြီး စဉ်းစားဖို့အတွက်ရေးတာဖြစ်ပြီး ထုတ်ဝေဖို့အတွက်ရေးတာမဟုတ်လို့ သဒ္ဒါနဲ့ စာလုံးပေါင်းအမှားတွေကို အရေးကြီးတယ်လို့မယူဆပဲ စာရေးခြင်းရဲ့အစောပိုင်းအဆင့်ဖြစ်ကြောင်းပြတာ လို့ပဲယူဆပါတယ်။

## စာအုပ်အကြောင်းပြောခြင်း

စာဖတ်တာကိုတုန့်ပြန်တဲ့နောက်တနည်းကို *စာအုပ်အကြောင်းပြောခြင်းတွေ*လို့ခေါ်ပါတယ်။ စာအုပ်တအုပ်နဲ့ ပါတ်သက်ပြီး ကျောင်းသားတယောက် ဒါမှမဟုတ် ဆရာက ခပ်တိုတိုရှင်းပြတာကို ခေါ်တာပါ။ အဲဒါက တတန်းလုံးပါဝင်တဲ့အုပ်စုလိုက်လုပ်ရတဲ့လေ့ကျင့်ခန်းဖြစ်ပြီး စာအုပ်အသစ်တအုပ်အကြောင်း ဒါမှမဟုတ် စာရေးဆရာအသစ်အကြောင်း တခြားစာဖတ်သူတွေအတွက် ဘာလို့စိတ်ဝင်စားစရာကောင်းမယ်ထင်သလဲ ဆိုတာ ပြောဖို့ ဖြစ်ပါတယ်။ သူတို့ကို များသောအားဖြင့် စာဖတ်သူများရဲ့ သင်တန်းအဆုံးမှာလုပ်လေ့ရှိပြီး ၁၀ မိနစ်လောက် ကြာတတ်ပါတယ်။ ဒီအချိန်အတွင်းမှာ ကျောင်းသားတွေဟာ သူတို့ဖတ်တာတွေပြောခွင့်ရပြီး အုပ်စုအဖွဲ့ဝင်တွေ တုန့်ပြန်ခွင့်ရပါတယ်။
စာအုပ်အကြောင်းပြောတာတွေဟာ ကျောင်းသားတွေအနေနဲ့ သူတို့ရွယ်တူတွေဖတ်နေပြီး ကြိုက်နေတဲ့ စာအုပ်တွေအကြောင်းကြားဖို့ အကောင်းဆုံးနည်းပါပဲ။ စာဖတ်တာကို စိတ်ဝင်စားစေပြီး ကျောင်းသားတွေကို သူတို့ ကြိုက်တာတွေ၊ သူတို့နားလည်တာတွေ၊ သူတို့ဆက်စပ်ပုံတွေနဲ့ သူတို့ဖတ်တာကို ခံစားရပုံတွေကို ထုတ်ပြောဖို့ စကားတွေပေးပါတယ်။ နားလည်၊ သဘောကျပြီး စာဖတ်ရာမှာ စာဖတ်နည်းစဉ်တွေကို ထည့်သုံးတဲ့

(page 27)

စာဖတ်သူအသိုင်းအဝိုင်းကိုဖန်တီးရာမှာလည်း အထောက်အကူပေးပါတယ်။ ကျောင်းသားတွေကို စာဖတ်ပြီးတိုင်း စာဖတ်နည်းစဉ်က မပြီးသေးဘူးဆိုတာ နားလည်စေပါတယ်။ ဖတ်တဲ့အကြောင်းကိုစဉ်းစားပြီး မိမိတို့အတွေးတွေကို တနည်းနည်းနဲ့ ဖေါ်ပြပြီးမှပြီးပါတယ်။
စာအုပ်အကြောင်းပြောတာတွေလုပ်တဲ့အခါ သင်တန်းသားတွေရဲ့ အခန်းကဏ္ဍတွေနဲ့ ပါတ်သက်ပြီး မှတ်ထားစရာ တချို့ရှိပါတယ်။ ဒါတွေကို သင်ခန်းစာအငယ်အနေနဲ့ ကျောင်းသားတွေကို ပြောပြနိုင်ပါတယ်။ ဒီကဏ္ဍတွေကတော့ (၁)ဖလှယ်သူနဲ့ (၂) ပရိသတ် ဒါမှမဟုတ် နားထောင်သူ။ ဖလှယ်သူက စာအုပ်အကြောင်းပြောမယ့်လူဖြစ်ပြီး ပရိသတ်ထဲမှာတော့ ကျောင်းသားတွေရဲ့ အတန်းဖေါ်တွေနဲ့ ဆရာ ပါပါတယ်။

ဖလှယ်သူတွေက

- ခေါင်းစဉ်/စာရေးဆရာအကြောင်းပြောဖို့
- စာအုပ် ဒါမှမဟုတ် ဇာတ်လမ်းအကြောင်း ဘာဖြစ်တယ်ဆိုတာ ခပ်တိုတိုရှင်းပြဖို့
- ဖလှယ်ဖို့ အရေးကြီးတဲ့နေရာတွေရွေးဖို့
- ဖတ်ပြဖို့ ဒါမှမဟုတ် ဖလှယ်ဖို့ အကြိုက်ဆုံးအပိုင်းရွေးဖို့
- ဘာလို့ ဒီစာအုပ်ရွေးတယ်ဆိုတာပြောဖို့ ရယ်
- ဒီစာအုပ် ဒါမှမဟုတ် ဇာတ်ကောင်တကောင်၊ အကြောင်းအရာ၊ စာအုပ်ကလိုင်းတလိုင်း၊ ကိုးကားချက်၊ ဒါမှမဟုတ် အတွေးအခေါ်ကို ပြောဖို့

အဆင်သင့်ရှိနေရပါမယ်။

ပရိသတ် ဒါမှမဟုတ် နားထောင်သူတွေက

- နားထောင်ဖို့
- စကားပြောဖို့အတွက်လက်ထောင်ဖို့
- အဲဒီလူရဲ့နာမည်ပြောပြီး
  - ဖလှယ်သူပြောသွားတဲ့အထဲက ဘာနဲ့ဘယ်လိုပြောတာကြိုက်သလဲဆိုတာပြောဖို့
  - ဘယ်လိုစာအုပ်မျိုးလဲဆိုတာမေးဖို့
  - ဘာလို့ဒီစာအုပ်ရွေးသလဲဆိုတာ မေးဖို့
  - အဲဒါနဲ့ပါတ်သက်ပြီး ပိုကြားချင်ကြောင်းပြောဖို့နဲ့
  - ဘာကို သတိရစေသလဲ (တခြားစာအုပ်တအုပ်၊ သင့်ကိုဖြစ်ပျက်တာတခု)၊ ပြီးတော့
- "ပြောသွားတဲ့အထဲက -----ကိုကြိုက်တယ်" ဒါမှမဟုတ် "စိတ်ဝင်စားစရာကောင်းတာက ------" ဆိုတာသုံးဖို့

အဆင်သင့်ရှိနေရပါမယ်။

(page 28)

(ဖြစ်နိုင်ရင်) စာအုပ်အကြောင်းပြောတာကို တတန်းလုံးဝိုင်းထိုင်နေတဲ့အခါမှာလုပ်လေ့ရှိပါတယ်။ မူလတန်းတွေမှာ ကျောင်းသားတွေက ကြမ်းပေါ်မှာ ဘဲဥပုံစံထိုင်ကြပြီး ပြောတဲ့လူကတော့ အဲဒီဘဲဥပုံစံရဲ့အဆုံးက ကုလားထိုင်မှာ ထိုင်ပါတယ်။ တခြားအတန်းတွေမှာတော့ ကျောင်းသားတွေက သူတို့ခုံတွေကို စက်ဝိုင်းကိုယူလာတယ်၊ ဒါမှမဟုတ် ခုံတန်းရှည်တွေမှာထိုင်တဲ့အခါ ကျောင်းသားတွေဟာ အားလုံး တယောက်နဲ့တယောက်မြင်ရအောင် စီထိုင်ကြပါတယ်။

## စာဖတ်တာကို မှတ်ထားခြင်း

စာဖတ်သူတွေရဲ့သင်တန်းက အရေးကြီးတဲ့အချက်တချက်က ကျောင်းသားတွေ သူတို့ဖတ်တာတွေနဲ့ တိုးတက်မှုကို သူတို့စောင့်ကြည့်ထားဖို့ပါပဲ။ (နမူနာ ကြီးကြပ်ဖို့ပုံစံတွေကို နောက်ဆက်တွဲတွေမှာ ကြည့်ပါ။) ကိုယ်တိုင် ကြီးကြပ်မှုနဲ့ ကိုယ်တိုင်စီစစ်မှုတွေဟာ ကျောင်းသားတွေ ကိုယ့်အားကိုယ်ကိုးတဲ့လူတွေဖြစ်လာတာနဲ့ လုပ်ရမယ့် အရေးကြီးတဲ့ အဆင့်တဆင့်ပါပဲ။ သူတို့ဟာ အခွင့်အရေးပေးရင်ရယ် ကိုယ့်ကိုယ်ကို စီစစ်ဖို့ နည်းတွေပေးတဲ့အခါ ကျွမ်းကျင်၊ အတွင်းကျသိ၊ လေးလေးနက်နက်စဉ်းစားပြီး မိမိတို့ရဲ့ တိုးတက်မှုကို လက်တွေ့ကျစီစစ်သူတွေ ဖြစ်လာပါတယ်။ ဆရာတွေက ကျောင်းသားတွေရဲ့တိုးတက်မှုကို စီစစ်ရမယ့်တာဝန် လစ်လျူရှုလိုက်ကြတယ်လို့ ဆိုလိုတာ မဟုတ်ပါဘူး။ တကယ်ဆိုရင် ကျောင်းသားတွေကို သူတို့ရဲ့ပညာရေးတိုးတက်မှုနဲ့ပါတ်သက်ပြီး မှန်မှန်ကန်ကန် တုန့်ပြန်မှုပေးတာဟာ ဆရာတွေအတွက် အရေးကြီးတဲ့ကဏ္ဍတရပ်ပါပဲ။

## ကိုယ်တိုင်ကြီးကြပ်ရေး ရည်မှန်းချက်များ နမူနာ

- ဖတ်ပြီးသားစာအုပ်တွေကို စာရင်းလုပ်ထားခြင်း
- စာအုပ်အမျိုးအစားအသစ်တွေကို ဖတ်ခြင်း
- တပတ်ကို အနည်းဆုံး စာအုပ်ကောင်းတအုပ် ဖတ်ခြင်း
- ပိုရှည်တဲ့စာအုပ်တွေဖတ်ခြင်း
- အခန်းတခန်းပဲပါတဲ့စာအုပ်တွေဖတ်ခြင်း

# စာဖတ်သူများရဲ့သင်တန်းရဲ့ အကျဉ်းချုပ်

စာဖတ်သူများရဲ့ သင်တန်းမှာ ဘယ်ကျောင်းသားမဆို စာဖတ်သူတယောက်ဖြစ်နိုင်ပြီး ကောင်းကောင်း ဖတ်နိုင်မယ်ဆိုတာ မျှော်လင့်ထားပါတယ်။ စာဖတ်ကောင်းသူတယောက်ဖြစ်အောင် ကျောင်းသားတွေကို စာဖတ်ဖို့ အချိန်တွေ ပေးရပါမယ်။ စာဖတ်ကောင်းသူတယောက်ဆိုတာဟာ စဉ်းစဉ်းစားစားဖတ်သူ တယောက် ဖြစ်ရပါမယ်။ ဒီလိုဖြစ်ဖို့ စာဖတ်သူတွေဟာ စာဖတ်နည်းစဉ်ကိုနားလည်ပြီး သုံးဖို့ လိုပါတယ်။
ကိုယ်ကြိုက်တာရွေးဖို့ စာအုပ်တွေပေးခြင်း၊ စာဖတ်သူတွေကိုတုန့်ပြန်ဖို့ အခွင့်အရေးတွေပေးခြင်း၊ ပြီးတော့ မိမိတို့ကိုယ်တိုင် စာပေနှစ်သက်မြတ်နိုးမှုကို ဥပမာအနေနဲ့ ပြခြင်းတို့နဲ့ လေးလေးနက်နက်စဉ်းစားတဲ့

စာဖတ်ပတ်ဝန်းကျင် တခု ဖန်တီးနိုင်ပါတယ်။ မိမိတို့ဖတ်လိုတာရွေးခွင့်ပေးပြီး သူတို့ဖတ်တာကို သူတို့ မှတ်တမ်းတင်ထားဖို့ တာဝန်ပေးခြင်းဖြင့် ကျောင်းသားတွေကို သူတို့ဖတ်တာကို ပိုင်ဆိုင်ခွင့်ပေးပါတယ်။ ဆရာဟာ ကျောင်းသားတိုးတက်မှုကို ကြီးကြပ်ရာမှာ တက်တက်ကြွကြွပါဝင်တာနဲ့ စာဖတ်သူများရဲ့ သင်တန်းကို စီစဉ် တည်ဆောက်ထားပါတယ်။
မကြာခဏဆိုသလို စာဖတ်သူများရဲ့ သင်တန်းကို ကျောင်းသားတွေရဲ့လိုအပ်ချက်ကို ဖြည့်ဖို့ သင်ခန်းစာငယ်တခု ဒါမှမဟုတ် အတန်းအတွက်အရေးကြီးတဲ့ပြောစရာအကြောင်းတွေနဲ့ စလေ့ရှိပါတယ်။ ဥပမာအားဖြင့် သင်တန်းနည်းစဉ်တွေ၊ စာပေရွေးချယ်မှု၊ ပြီးတော့ အတန်းအဆင့်ပညာနဲ့နည်းတွေ သင်ကြားပို့ချခြင်းတို့ပါပါတယ်။
ကျောင်းသားတွေဟာ မိမိတို့ဖတ်တာတွေကို ဆရာနဲ့ ဆွေးနွေးခြင်း၊ စာပေပေးစာရေးခြင်း၊ စာအုပ်အကြောင်းတွေပြောခြင်း၊ ဒါမှမဟုတ် တခြားနည်းတွေနဲ့ မိမိတို့ အတွေ့အကြုံတွေ ဖလှယ်ပြီး တုန့်ပြန်ပါတယ်။
စာဖတ်သူတွေရဲ့သင်တန်းကို လမ်းညွှန်ထားတဲ့စည်းကမ်းတွေရှိပါတယ်။ ဒါတွေကို ကျောင်းသားတွေကို ပြောပြ ဒါမှမဟုတ် အတန်းမှာ ကပ်ထားရပါမယ်။ ဒါမှ ကျောင်းသားတွေက ဘာကိုမျှော်လင့်ထားသလဲဆိုတာ ရှင်းမှာပါ။

## စာဖတ်သူများရဲ့သင်တန်းစည်းကမ်းတွေ

၁။ တချိန်လုံးမှာ စာဖတ်နေရပါမယ်။
၂။ တယောက်ယောက်ကိုမှမနှောက်ယှက်ရပါဘူး။
၃။ အိမ်သာသွားဖို့ ဒါမှမဟုတ် ရေသောက်ဖို့ အားလပ်ချိန်မပေးပါဘူး။
၄။ စာဖတ်သူများရဲ့သင်တန်းမစခင် စာအုပ်တအုပ် ဒါမှမဟုတ် ဖတ်စရာရွေးပါ။
၅။ သင်ခန်းစာငယ်အချိန်မှာ နားထောင်ပါ။
၆။ ခိုင်းရင် ဖလှယ်ဖို့ အဆင်သင့်ရှိပါ။
၇။ သက်တောင့်သက်တာရှိတဲ့နေရာမှာ ထိုင်ပါ။

(page 31)

## အပိုင်း ၄။ သုံးသပ်ချက်

ဒီအဆင့်မှာ စာဖတ်သူများရဲ့သင်တန်းနဲ့ပါတ်သက်ပြီး ဆွေးနွေးပြီးလောက်ပါပြီ။ အခုရပ်ပြီး ဖေါ်ပြခဲ့တဲ့နည်းစဉ်ကို ပြန်ကြည့်ပါ။ စာဖတ်သူများရဲ့သင်တန်းက တကယ်တန်းဘယ်လိုနေသလဲဆိုတာ ပိုဆွေးနွေးဖို့လိုနိုင်ပါတယ်။ ဒါကြောင့် သရုပ်ပြစာဖတ်သူများရဲ့သင်တန်း ဗွီဒီယိုပြရင် အထောက်အကူဖြစ်နိုင်ပါတယ်။ ဒီဗွီဒီယိုက ကျောင်းသားတွေကို မျှော်လင့်ထားသလိုစာဖတ်တာနဲ့ တုန့် ပြန်မှုအမျိုးမျိုးနဲ့ ဆွေးနွေးတာတွေကို သရုပ်ပြပြီး နည်းစဉ်တွေကို ပြနိုင်ပါတယ်။ ဒါကြောင့် သင်တန်းသားတွေဟာ အတန်းထဲမှာ ဘာလုပ်နိုင်သလဲဆိုတာ ပိုရှင်းရှင်းလင်းလင်းမြင်လာနိုင်ပါတယ်။
သင်တန်းသားတွေကို မရှင်းတာရှိရင် အဖေါ်နဲ့ ဆွေးနွေးစေပါ။ တခုခုမရှင်းနိုင်ရင်တော့ ပိုကြီးတဲ့အုပ်စုကို မေးသင့်ပါတယ်။ အတွဲတွေဟာ နည်းစဉ်ကို ဆွေးနွေးပြီးတာနဲ့ စာဖတ်သူများရဲ့သင်တန်းနည်းစဉ်ကို ဆွေးနွေးဖို့ တအုပ်စုလုံးကို ပြန်ခေါ်ပါ။

## စာဖတ်သူများရဲ့သင်တန်းနဲ့ အာရ်ဒဘယ်လ်ယူစီတီဘောင်

သင်တန်းသားတွေ စာဖတ်သူများရဲ့သင်တန်းနဲ့ အာရ်ဒဘယ်လ်ယူစီတီဘောင်တို့အကြားဆက်စပ်ပုံကို သိဖို့ သူတို့ ၂ ခုအကြား ဆက်စပ်ပုံကို ဆွေးနွေးရပါမယ်။ အုပ်စုကို စာဖတ်သူများရဲ့သင်တန်းနည်းစဉ်––လေ့ကျင့်ခန်းတွေ၊ စည်းကမ်းတွေနဲ့ နည်းစဉ်တွေ––ကို စစ်ဆေးခိုင်းပါ။ ပြီးတော့ စာဖတ်သူများရဲ့သင်တန်း တည်ဆောက်ပုံနဲ့ ဘောင်တို့အကြား အဆက်အစပ်ကို ဆွေးနွေးပါ။ စာဖတ်သူများရဲ့သင်တန်းရဲ့ယေဘုယျ တည်ဆောက်ပုံဟာ ဘောင်နဲ့ အပြိုင်ရှိနေတယ်ဆိုတာ သတိပြုမိပါစေ။ ယေဘုယျအဆင့်မှာ သင်တန်းစဖို့သုံးတဲ့ သင်ခန်းစာငယ်ကို အကြံဉာဏ်များထွက်ပေါ်စေခြင်း နည်းစဉ်အနေနဲ့ သုံးနိုင်ပါတယ်။ နည်းစဉ်ပုံစံကျရင်ဖြစ်ဖြစ် စာပေပုံစံကျရင်ဖြစ်ဖြစ် ဒါဟာ ကျောင်းသားတွေကို စာဖတ်နည်းစဉ်အတွက် ပြင်ဆင်ပေးပါတယ်။ အချိန်ကြာ တိတ်တိတ်ဖတ်တာက အဓိပ္ပါယ်ဖေါ်ဆောင်ခြင်းအဆင့်နဲ့ တိုက်ဆိုင်ပြီး၊ ဖတ်တာကို တုန့်ပြန်တာက ပြန်လည်စဉ်းစားခြင်းအဆင့် လေ့ကျင့်ခန်းဖြစ်ပါတယ်။
ယေဘုယျတည်ဆောက်ပုံအဆင့်ထက်ကျော်လွန်ပြီး ဒီဘောင်ကိုပုံဖေါ်တဲ့ စာဖတ်သူများရဲ့သင်တန်းနည်းစဉ် အများကြီးရှိပါတယ်။ ကျောင်းသားတွေဟာ စာဖတ်သူများရဲ့သင်တန်းမှာ တက်တက်ကြွကြွပါဝင်လာတာနဲ့ သူတို့ဟာ ဘောင်ရဲ့အဆင့်ဆင့်မှာ အဆက်မပြတ်ပါဝင်လာပါတယ်။ ကျောင်းသားတွေဟာ တယောက်နဲ့ တယောက်စာပေးပေးစာတွေပို့နေတဲ့အခါ ဒါမှမဟုတ် စာပေမှတ်တမ်းတွေ ရေးနေတဲ့အခါ သူတို့ဟာ သင်ယူခြင်းဘောင်ရဲ့ အဆင့်သုံးဆင့်မှာ ပါဝင်နေပါတယ်။ သူတို့ရဲ့ဆွေးနွေးပွဲတွေဟာ ပြန်လည်စဉ်းစားခြင်းနဲ့ အကြံထွက်ပေါ်စေခြင်းအဆင့် ၂ ခုစလုံး ပုံစံရှိပါတယ်။ မကြာသေးခင်က ဖတ်လိုက်ရတာကို ပြန်စဉ်းစားတာကို စကားပြောခြင်းနဲ့ နောင်ဖတ်ဖို့ အကြံထွက်ပေါ်စေခြင်းအသွင်ကို ပြောင်းလိုက်ပါတယ်။ သူတို့ရဲ့ အရေးအသားတွေကလည်း ကျောင်းသားတွေ စဉ်းစားပြီးတုန့်ပြန်ရမယ့် တန်ဖိုးထားတဲ့ အတွေးအခေါ်––အဓိပ္ပါယ်ဖေါ်ဆောင်ခြင်း––ဖြစ်လာပါတယ်။

ကျောင်းသားရဲ့ ကိုယ့်ကိုယ်ကို ကြီးကြပ်ခြင်းဟာ မိမိတို့ဟာ စာဖတ်နည်းစဥ်အဆင့်ဆင့်မှာ ဘယ်လောက်ကောင်းကောင်း၊ ဘယ်နှစ်ကြိမ်နဲ့ ဘယ်လောက်တက်တက်ကြွကြွပါဝင်တယ်ဆိုတာ စီစစ်ဖို့ နည်းတခုဖြစ်လာပါတယ်။ သူတို့ဘယ်လောက်ဖတ်နေသလဲ၊ သူတို့ဖတ်တာကို သူများတွေနဲ့ ဘယ်လောက်ဖလှယ်သလဲ၊ ပြီးတော့ မိမိတို့ဖတ်တာနဲ့ပါတ်သက်ပြီး စဥ်းစားနည်းသစ်တွေ ဘယ်လောက် သင်ယူလိုက်ရသလဲဆိုတာ ကျောင်းသားတွေ ကြီးကြပ်ပါတယ်။

ဒီလိုသင်ယူမှုနည်းစဥ်နဲ့ဆက်စပ်တာဟာ ကျောင်းသားတွေအတွက်ထင်ရှားနေစေရပါမယ်။ သူတို့ကို လေ့ကျင့်ခန်းတချို့ကို ဘာလို့ ကြီးကြပ်စေတာလဲဆိုတာ နားလည်လာစေရပါမယ်။ ကျောင်းသားတွေဟာ တစုံတခုဟာ ဘာလို့ အရေးကြီးသလဲဆိုတာ နားလည်လာရင် အဲဒီလေ့ကျင့်ခန်းကို လုပ်လိုစိတ်ပိုများလာပြီး မိမိတို့အတွက် ရည်မှန်းချက်ကိုလည်း ပိုမြင့်မြင့်ထားလိုပါလိမ့်မယ်။ စာဖတ်သူများရဲ့သင်တန်းဟာ အာရ်ဒဘယ်လ်ယူစီတီဘောင်နဲ့ ဘယ်လိုကိုက်ညီသလဲဆိုတာ နားလည်ခြင်းရင် စာဖတ်သူများရဲ့သင်တန်းကို ဘာသာရပ်ဆိုင်ရာလေ့လာမှုတွေမှာ အသုံးချပုံဟာ ပိုရှင်းလာပါလိမ့်မယ်။

(page 35)

# အပိုင်း ၅။ စာဖတ်

နည်းစဉ်ကို

ဘာသာရပ်ဆိုင်ရာတွေမှာ

အသုံးချခြင်း

(page 36)

**Isabel Beck** နဲ့ **Jan Doel (1992)** တို့က "လူမှုလေ့လာရေးတွေနဲ့သိပ္ပံတို့ကိုကောင်းကောင်းစဉ်းစားတာဟာ သူတို့နဲ့ပါတ်သက်တာတွေကို နားလည်ရုံလောက်ဖတ်တာထက်ပိုပါတယ်။ ကောင်းကောင်းစဉ်းစားတာဟာ ရေးထားတာကို အဓိပ္ပါယ်နားလည်လိုစိတ်ရှိတာဖြစ်ပါတယ်။" လို့ရေးထားပါတယ်။ (စာမျက်နှာ ၁၈)။ "ကောင်းကောင်းစဉ်းစားပြီး အကြောင်းအရာဖတ်စာတခုကိုသင်ယူတာရဲ့ တတိယ အရေးကြီးတဲ့အချက်တခုက ဖတ်စရာတွေနဲ့ ပါတ်သက်လိုစိတ်ပါပဲ။" လို့ဆက်ပြောပါတယ်။ (စာမျက်နှာ ၁၉)။ (ကျောင်းသားတွေကို ဖတ်စရာတွေပေးပြီး နားလည်လားလို့စစ်တာဟာ မလုံလောက်ပါဘူး။ ကျောင်းသားတွေကို အဆင့်မြင့် စဉ်းစားစေတဲ့ အခြေအနေမျိုး ဖန်တီးပေးရပါမယ်။)

အတွေးမပါတဲ့စာဖတ်ခြင်းဥပမာတခုက ဒီအချက်ကို ပိုလေးလေးနက်နက်ထောက်ပြပါမယ်။ ၁၉၇၀ ခုနှစ်တွေ အစောပိုင်းက အမေရိကနိုင်ငံမှာ ကုမ္ပဏီတခုရဲ့ ဦးစီးချုပ်အရာရှိတဦးက အစည်းအဝေးတခုမှာ သူ့ဝန်ထမ်းတွေဟာ စာဖတ်တတ်ပေမဲ့ လူနည်းနည်းကပဲ တကယ်ဖတ်နိုင်ပါတယ်လို့ ညည်းပါတယ်။ သူက ရှင်းပြပါတယ်။ ကုမ္ပဏီဝန်ထမ်းတွေကို အကြောင်းကြားစာတွေမှာ ရှင်းပြပြီးသားကို ရှင်းပြဖို့ နှစ်တိုင်း ကုမ္ပဏီဟာ ဒေါ်လာသန်းပေါင်းများစွာအကုန်ခံပြီး အစည်းအဝေးတွေခေါ်ရပုံရပါတယ်။ သူကအောက်ပါ ဇာတ်လမ်းပြောပြပါတယ်။

> သတ်မှတ်ထားတဲ့ရက်စွဲတခုမှာ အရောင်းအဝယ်လုပ်ငန်းတချို့ကို ဘယ်လိုကိုင်တွယ်ရမယ်ဆိုတာကို လက်အောက်ခံဌာနခွဲအမျိုးမျိုးက ပစ္စည်းပို့တာနဲ့လက်ခံတဲ့ဝန်ထမ်းတွေအားလုံးကို အကြောင်းကြားစာတခု ပို့ထားပါတယ်။ အဲဒါအပြင် ဒီအကြောင်းကြားစာရဲ့ နောက်ဆုံးစာပိုဒ်မှာ လူတိုင်း ဒီအကြောင်းကြားစာကို ရပြီးနားလည်ကြောင်း ဒီစာကို လက်မှတ်ထိုးပြီး ကော်ပီတစောင်ပြန်ပို့ဖို့ ပန်ကြားထားပါတယ်။ ဝန်ထမ်း ၄၀ ရာနှုန်းလောက်က လက်မှတ်ထိုးပြီး ကော်ပီတစောင်ပြန်ပို့ပါတယ်။ လက်မှတ်မထိုးတဲ့ ၆၀ ရာနှုန်းလောက်ထဲက တချို့ကို ခေါ်ပြီး ဒီအကြောင်းကြားစာကို ဖတ်သလားလို့ မေးတဲ့အခါ အားလုံးက ဖတ်ပါတယ်လို့ ပြောပေမဲ့ လက်မှတ်ထိုးတဲ့အပိုင်းကို မတွေ့ပါဘူးလို့ဆိုပါတယ်။ ဆိုလိုတာက သူတို့က ဖတ်ပေမဲ့ သူတို့ဖတ်ခဲ့ရတာကို အကောင်အထည်မဖော်ပါဘူး။ "မသိပါဘူး။" "မေ့သွားတယ်။" "ဘာလုပ်ရမလဲ ဆိုတာ မသေချာဘူး။" လို့ သာမန်အားဖြင့်ပြန်ပြောကြပါတယ်။

ဒီစာဖတ်သူတွေဟာ ဒီစာကိုဖတ်တဲ့အချိန်မှာ ဒီစာနဲ့သူတို့အလုပ်ဒါမှမဟုတ် လုပ်ရမှာနဲ့ဆက်စပ်ပြီးစဉ်းစားပြီး မဖတ်ဘူးဆိုတာ ရှင်းနေပါတယ်။ သူတို့ဖတ်ခဲ့တာက သူတို့ရဲ့အရင်က လက်ခံထားတာတွေ အပြုအမူတွေအပေါ် သက်ရောက်မှုမရှိပါဘူး။ ဒီစာဖတ်သူတွေဟာ စာဖတ်ခြင်းကို သူတို့စဉ်းစားပုံ ဒါမှမဟုတ် အပြုအမူကို ပြောင်းလဲစေဖို့ အရာတခုအနေနဲ့ မခံယူပါဘူး။

**Alvermann, Dillon, O'Brien (1987)** တို့က ဘာသာရပ်ဆိုင်ရာက ဖတ်စာတွေရဲ့ အသုံးကျပုံ ငါးမျိုးကို ဖော်ပြပါတယ်။ သူတို့က ကျောင်းသားတွေ အကြောင်းအရာနဲ့ပါတ်သက်ပြီး သိပြီးသားနဲ့နားလည်ပြီးသားဆိုတာ၊ သင်ခန်းစာရဲ့ရည်ရွယ်ချက်၊ ဖတ်စာအတွင်းကိုက်ညီပုံနဲ့ဖတ်စာအမျိုးအစား အပေါ်မူတည်ပြီး ဖတ်စာကို အသုံးပြုပုံ ကွာခြားပါတယ်လို့ အကြံပြုပါတယ်။ ဘာသာရပ်ဆိုင်ရာဖတ်စာကိုအသုံးချပုံငါးမျိုးက အောက်ပါအတိုင်း ဖြစ်ပါတယ်။

> ၁။ *ဟုတ်မဟုတ်စစ်ဆေးခြင်း*ကို အရင်ကလက်ခံထားတာတွေ ဒါမှမဟုတ် နားလည်ထားတာတွေကို ထောက်ခံဖို့ ဒါမှမဟုတ် မဟုတ်ကြောင်းသက်သေပြဖို့ သုံးပါတယ်။ ဟုတ်မဟုတ်စစ်ဆေးဖို့ ဖတ်စာဟာ ကျောင်းသားတွေကို တိုက်ရိုက်ဖော်ပြထားတဲ့အချက်အလက်တွေနဲ့ သွယ်ဝိုက်ဖော်ပြထားတဲ့အချက်အလက်တွေအကြား ကွာခြားချက်တွေကို နားလည်စေဖို့ အထောက်အကူ ဖြစ်စေနိုင်ပါတယ်။

(page 37)

၂။ သွယ်ဝိုက်ပြီးညွှန်းတာဟာ ကျောင်းသားတွေကို အချက်အလက်အသစ်တွေနဲ့အဟောင်းတွေကို နှိုင်းယှဉ်စေပါတယ်။ သွယ်ဝိုက်ပြီးညွှန်းတဲ့ဖတ်စာတွေဟာ အချက်အလက်တွေကို မှတ်မိနိုင်ပေမဲ့ ဖတ်စာက ဘာကိုရည်ညွှန်းသလဲဆိုတာ မသေချာတဲ့ကျောင်းသားတွေအတွက် အထောက်အကူဖြစ်ပါတယ်။

၃။ *ပြန်လည်အဓိကထားခြင်း*က သင်ယူခြင်းရည်ရွယ်ချက်တွေအကြောင်းကို အဓိကပြောစေပါတယ်။ ဒီလိုလုပ်ဖို့ ဖတ်စာကို ဆွေးနွေးပွဲအတွက် ဗဟိုပြုဖို့လမ်းညွှန်အဖြစ် သုံးပါတယ်။ ဒီလိုပဲများသောအားဖြင့် ဖတ်စာကို သုံးကြပါတယ်။ ဒါပေမဲ့ အလွန်အကျွံသုံးတာက ဆွေးနွေးပွဲကိုကန့်သတ်ထားရာရောက်ပြီး ကျောင်းသားတွေရဲ့ အသိဉာဏ်ကိုသုံးဖို့ကိုလည်း တားဆီးရာရောက်ပါတယ်။

၄။ ဖတ်စာမှာ တင်ပြထားတဲ့အတွေးအခေါ်တွေကို *ကိုယ့်စကားနဲ့ကိုယ်ပြန်ပြောခြင်း*ဟာ ခက်ခဲတဲ့စာတွေကို တုန့်ပြန်ရာမှာ ကျောင်းသားတွေကို မိမိကိုယ်ကို ယုံကြည်တဲ့စိတ်ရှိလာစေပါတယ်။ သူ့ကို ဖတ်စာအတွက်သုံးတဲ့ တခြားအသုံးတွေနဲ့ တွဲသုံးခြင်းဖြင့် ကျောင်းသားတွေဟာ ဖတ်စာကိုပဲလုံးဝ အားမထားအောင်လုပ်နိုင်ပါတယ်။

၅။ *စာအုပ်တွေပိတ်ခြင်း*က ကျောင်းသားတွေကို ဆွေးနွေးပွဲအချိန်မှာ ဖတ်စာကို တိုက်ရိုက်ရည်ညွှန်းတာထက် ဖတ်စာကို မှတ်မိစေဖို့လိုပါတယ်။ ဒီလိုသုံးတာက တခြားအသုံးတွေနဲ့လည်း တိုက်ဆိုင်ဖို့လိုပါတယ်။ ဒီလိုမှ ကျောင်းသားတွေက ပြန်ရွတ်ဖို့လောက်ပဲ ဖတ်မှာမဟုတ်ပါဘူး။

Alvermann တို့ကနောက်တခုစဉ်းစားဖို့အကြံပြုပါသေးတယ်။ ဆွေးနွေးပွဲဟာ ကျောင်းသားတွေရဲ့ အရင်ကအတွေးအခေါ် နဲ့မကိုက်ညီတဲ့အကြောင်းအရာကိုအဓိကထားရင် ဒီအကြောင်းအရာကို တင်ပြတဲ့အပိုင်းကို ပြရပါမယ်။ တကယ်လို့ အကြောင်းအရာအစိတ်အပိုင်းတခုဟာ အထူးအရေးကြီးတယ် ဒါမှမဟုတ် ဆွေးနွေးပွဲနဲ့သက်ဆိုင်တယ်ဆိုရင် အဲဒီအစိတ်အပိုင်းကို ပြောပြရပါမယ်။ ဒါမှကျောင်းသားတွေဟာ အဲဒီအပိုင်းကို ပိုကောင်းကောင်းနားလည်ဖို့ သူတို့အာရုံနဲ့စာဖတ်နှုန်းကို ပြောင်းရမှာ ဖြစ်ပါတယ်။

## ဘာသာရပ်ဆိုင်ရာ ဖတ်ခြင်း –– သိပ္ပံသင်ခန်းစာတခု

ဘာသာရပ်ဆိုင်ရာဖတ်ဖို့ ကျောင်းသားတွေအတွက်စီစဉ်ရာမှာ အခက်ခဲဆုံးအရာတွေထဲကတခုက ရွေးထားတဲ့ ဖတ်စာကို ဖတ်ရခြင်းရဲ့ရည်ရွယ်ချက်နဲ့ ကျောင်းသားတွေ ဒီလိုဖတ်ခြင်းက အရေးကြီးဆုံး ရမယ့်ရလဒ်တွေကို ဆုံးဖြတ်ရတာပါ။ မကြာခဏဆိုသလို ကျွန်ုပ်တို့ဟာ ဘာကအရေးကြီးသလဲ ဒါမှမဟုတ် ဆရာက ဘာတွေ မျှော်လင့်ထားသလဲဆိုတာကို ကျောင်းသားတွေကို ခန့်မှန်းခိုင်းပါတယ်။ မှန်မှန်ခန့်မှန်းနိုင်တဲ့ ကျောင်းသားတွေ အတွက်နဲ့ သင်ယူလိုစိတ်သိပ်ရှိတဲ့ကျောင်းသားတွေ ဒါမှမဟုတ် အကြောင်းအရာကို စိတ်ဝင်စားပြီးသား ကျောင်းသားတွေအတွက်တော့ ဒါကကောင်းပါတယ်။ တခြားလူတွေအတွက်ကတော့ ဒီနည်းဟာ သူတို့ကို စိတ်ရှုပ်ထွေးစေပါတယ်။ မသေချာစိတ်ဖြစ်စေပါတယ်။ ဒါမှမဟုတ် သင်ယူလိုစိတ် နည်းစေပါတယ်။ ဆရာတွေ အနေနဲ့ ပထမဆုံးလုပ်ရမှာက ကျောင်းသားတွေကို ဖတ်စာဖတ်ဖို့ ပြင်ဆင်ရပါမယ်။

- အကြောင်းအရာကိုအခြေခံတဲ့ဖတ်စာကိုဖတ်ရတဲ့ရည်ရွယ်ချက်ထားပါ။
- သူတို့ မရင်းနှီးသေးတဲ့အရေးကြီးတဲ့ဝေါဟာရတွေတင်ဆက်ပါ။
- ကျောင်းသားတွေကို အကြောင်းအရာနဲ့ပါတ်သက်ပြီး ခန့်မှန်းချက်တွေ လုပ်စေပါ။

- အကြောင်းအရာနဲ့ပါတ်သက်ပြီး ကျောင်းသားတွေ အရင်ကသိထားတာတွေကို နှိုးဆွပေးပါ။
- အကြောင်းအရာနဲ့ပါတ်သက်တဲ့ဆွေးနွေးမှု လှုံ့ဆော်ပေးပါ။
- စာဖတ်ခြင်းရည်ရွယ်ချက်တွေနားလည်ဖို့လိုအပ်တဲ့ အတွေးအခေါ်တွေကိုစဉ်းစားပြီး ကျောင်းသားတွေဟာ ဒီအတွေးအခေါ်တွေကို နားလည်ဖို့ လုံလောက်တဲ့အသိဉာဏ်ရှိပြီးသားလားဆိုတာ ကြည့်ပါ။
- ဆွေးနွေးပွဲနဲ့လေးလေးနက်နက်ဖတ်စေမယ့်မေးခွန်းတွေလုပ်ပါ။
- ဆွေးနွေးပွဲတလျှောက်မှာ ဒီအကြောင်းအရာနဲ့ အရင်ကအကြောင်းအရာ ဒါမှမဟုတ် ဘ၀အတွေ့အကြုံအကြား အဆက်အစပ်တွေလုပ်ပါ။
- မျှော်လင့်ချက်တွေနဲ့စာဖတ်တာရဲ့သင်ယူခြင်းရည်ရွယ်ချက်ကို ရှင်းရှင်းပြောပြပါ။

အရင်က လမ်းညွှန်စာအုပ်တွေမှာ ဆွေးနွေးခဲ့သလို စဉ်းစားမှုနည်းစဉ်မှာ မေးခွန်းမေးခြင်းက အဓိကအခန်းက ပါပါတယ်။ ကျောင်းသားတွေကိုမေးတဲ့မေးခွန်းတွေက အကြောင်းအရာနဲ့ပါတ်သက်ပြီးကျောင်းသားတွေ စဉ်းစားမှု အပေါ် သက်ရောက်မှုရှိပါတယ်။ မကြာခဏဆိုသလို မေးခွန်းမေးတာကို စစ်ဆေးဖို့သုံးပါတယ်။ တကယ်လို့ စဉ်းစားမှုနည်းစဉ်ကို လမ်းညွှန်ဖို့ သုံးရင် ပိုအသုံး၀င်ပါတယ်။ ***Reading and Learning in Content Areas*** **(Ryder & Graves, 1994)** မှာ စာရေးဆရာတွေက ကျောင်းသားတွေ အကြောင်းအရာနဲ့ပါတ်သက်ပြီး ဖတ်တဲ့အခါလမ်းညွှန်ဖို့ မေးခွန်းအမျိုးအစားတွေ ပေးထားပါတယ်။ သူတို့က အောက်ပါတို့ကို ရစေတဲ့ မေးခွန်း တွေကို အကြံပြုထားပါတယ်။

၁။ သင်ခန်းစာအကြောင်းအရာကို ထင်ရှားစေပါ။ မေးခွန်းတွေ ဒါမှမဟုတ် လမ်းညွှန်မှုတွေသုံးပြီး ကျောင်းသားကို ဖတ်စာအခြေခံတဲ့ အချက်အလက်တခုအပေါ် အာရုံစိုက်မိစေအောင်လုပ်ပါ။
ဉပမာ။ ။
သိပ္ပံမှာ−−ဟိုမီယိုစတေးစစ် နည်းစဉ်ကို နားလည်အောင်လုပ်ပါ။
အနုပညာမှာ−−အရောင်၊ အသွေးနဲ့သိပ်သည်းမှုကို နားလည်အောင်လုပ်ပါ။

၂။ အရင်ကသင်ပြီးခဲ့တာနဲ့ ဒီသင်ခန်းစာအကြောင်းအရာကို ပေါင်းစပ်ပါ။ မေးခွန်းမေးခြင်းဟာ ကျောင်းသားတွေကို အရင်ကအကြောင်းအရာနဲ့ ဖတ်စာအသစ်နဲ့အကြား ဆက်စပ်စေပါတယ်။
ဉပမာ။ ။
သိပ္ပံမှာ−−အသက်ကြီးမှုက ဟိုမီယိုစတေးစစ်အပေါ် ရှိတဲ့သက်ရောက်မှုတွေကို နားလည်ပါ။
အနုပညာမှာ−−အရောင်သိပ်သည်းမှုအဆင့်အမျိုးမျိုးက ဘာလို့ စိတ်လှုပ်ရှားတဲ့တုန့်ပြန်မှုအမျိုးမျိုးဖြစ်စေတာလဲဆိုတာ နားလည်ပါ။

၃။ အဆင့်မြင့်နားလည်မှု တည်ဆောက်ပါ။ ကျောင်းသားတွေကို အချက်အလက်တွေကို အခြေအနေ အသစ်တွေမှာ သုံးစေတဲ့ မေးခွန်းမျိုးတွေ မေးပါ။

ဥပမာ။ ။
သိပ္ပံမှာ––ဟိုမီယိုစတေးစစ်အကြောင်းသိခြင်းက သွေးလည်ပတ်မှုအကြောင်းနားလည်မှုကို ဘယ်လိုအထောက်အကူပေးသလဲ။
အနုပညာမှာ––ရဲစခန်းမှာလူတွေစောင့်နေတဲ့နေရာကို ဘာအရောင်တွေသုတ်မလဲ။

၄။ ကျောင်းသားတွေရဲ့ အတွေ့အကြုံတွေ၊ တန်ဖိုးတွေ၊ ယဉ်ကျေးမှုနောက်ခံတွေနဲ့ အသိဉာဏ်တွေကို သင်ယူမှုအတွေ့အကြုံအသစ်တွေနဲ့ ပူးပေါင်းဖို့ မြှင့်တင်ပေးပါ။ ကျောင်းသားတွေကို အသိမှတ်ပြုထားတဲ့ နားလည်မှုတွေကနေ ဖတ်စာကို မိမိဖာသာနားလည်အောင်လုပ်စေတဲ့ မေးခွန်းတွေမေးခြင်း ဆွေးနွေးပွဲတွေ လမ်းညွှန်ပေးခြင်းတို့ လုပ်ပါ။
ဥပမာ။ ။
သိပ္ပံမှာ––ဒေသ၊ ပတ်ဝန်းကျင်နဲ့ယဉ်ကျေးမှုတို့က ဟိုမီယိုစတေးစစ်ကို ဘယ်လိုသက်ရောက်မှုရှိသလဲ။ ပြီးတော့ အဲဒါနဲ့ သင့်ဘဝနဲ့ သင့်ဘဝနေထိုင်ပုံနဲ့ ဘယ်လိုဆက်စပ်သလဲ။
အနုပညာမှာ––တချို့ယဉ်ကျေးမှုတွေက သူတို့အဝတ်အစားတွေမှာ အရောင်သိပ်သည်းမှုအဆင့်အမျိုးမျိုးသုံးကြပါတယ်။ ဒီဒေသရဲ့ ရိုးရာ ဘိုးဘေးဘီဘင်တို့ရဲ့ အရောင်တွေကဘာတွေလဲ။

အကြောင်းအရာကို အခြေခံဆွေးနွေးတဲ့အခါမှာနဲ့ လမ်းညွှန်တဲ့မေးခွန်းတွေမေးဖို့ မြှင့်တင်တဲ့အခါမှာ အကြောင်းအရာတချို့ကို မမေ့ပါနဲ့။ ပထမအနေနဲ့ စကားပြောတဲ့အခါ မလွှင့်ပါးစေပါနဲ့။ ဆရာရဲ့ အလုပ်က သင်ခန်းစာရဲ့ အဓိက ရည်မှန်းချက်တွေနဲ့ ကျောင်းသားတွေက ဘယ်လိုရလဒ်တွေရဖို့လိုလဲဆိုတာ နားလည်ဖို့ပါ။ ပြောတဲ့စကားတွေဟာ အဓိကရည်မှန်းချက်တွေကို ဦးတည်ရပါမယ်။ ဒါပေမဲ့ ဆရာတွေက သူတို့စိတ်ထဲမှာဘာရှိသလဲဆိုတာပဲ စဉ်းစား နေမယ့်အစား သူတို့ကျောင်းသားတွေ စဉ်းစားနေတာတွေရဲ့ နောက်ကွယ်မှာဘာရှိသလဲဆိုတာ နားလည်ဖို့ သူတို့ရဲ့ ကျောင်းသားတွေကို နားထောင်ရပါမယ်။ ဆရာက သိပ်ထိန်းထားလွန်းရင် ကျောင်းသားတွေရဲ့ စဉ်းစားမှုကို တားဆီးရာရောက်ပြီး သူတို့အတွေးတွေကိုအကြောင်းအရာနဲ့စုပေါင်းဖို့ရာကိုလည်း တားဆီးရာ ရောက်ပါတယ်။ ကျောင်းသားတွေကို ခန့်မှန်းတွေးခေါ်စေရပါမယ်။ ဒုတိယအနေနဲ့ အတွေးအခေါ်အမျိုးမျိုးနဲ့ ရှုထောင့်အမျိုးမျိုး ရဖို့ ဆွေးနွေးပွဲကို ရည်ရွယ်ထားပြီး ကျောင်းသားတွေ များနိုင်သမျှများများ ပါဝင်စေရပါမယ်။ ပြီးတော့ ကျောင်းသားရဲ့ အတွေးအခေါ်တွေအကြား အဆက်အစပ်တွေကို ထောက်ပြရပါမယ်။ တတိယအနေနဲ့ ကျောင်းသားတွေရဲ့ မေးခွန်းတွေနဲ့ အဖြေတွေအတွက် လုံလောက်တဲ့အချိန်ပေးရပါမယ်။
အောက်ပါ ဘူမိဗေဒနဲ့ပါတ်သက်တဲ့ဖတ်စာကိုသုံးပြီး သင်တန်းသားတွေကို ဖတ်စေပြီး စာဖတ်သူများရဲ့သင်တန်းရဲ့ အစိတ်အပိုင်းလေးခု––သင်ခန်းစာငယ်၊ စာဖတ်ခြင်း၊ ဆွေးနွေးခြင်းနဲ့တုန့်ပြန်ခြင်း––သုံးပြီး သင်ခန်းစာတခု ပြင်ခိုင်းပါ။ ပထမ ဖတ်စာကိုဖတ်ပြီး ဒီသင်ခန်းစာရဲ့ ရည်ရွယ်ချက်ကို ဆုံးဖြတ်ပါ။ ကျောင်းသားတွေကို ဘာသိစေလိုသလဲ။ ပြီးတော့ ဖတ်ပြီးတဲ့အခါ –– အခုအချိန်တင်မက နောက်လာမယ့် ၅ နှစ်အတွင်းမှာ ––ဘာလုပ်တတ်စေလိုသလဲ။ သင်တန်းသားတွေကို အုပ်စုငယ်လေးတွေကို အတန်းတို့ အကြောင်းအရာတို့ မစဉ်းစားပဲ ကျဖမ်းခွဲလိုက်ပါ။ မိနစ် ၃၀ ပေးပါ။

(page 40)

## တွန့် ခေါက်လွှာတွေ (Folds)
(အမေရိကန် ၈ တန်း သိပ္ပံဖတ်စာအုပ်မှ)

လေနဲ့ရေတို့နဲ့တွေ့ထိတဲ့အခါ ကျောက်တုံးတွေ ဘယ်လိုကြေမွပြီး ပျက်သွားသလဲဆိုတာ သင်ပြီးသွားပါပြီ။ ရာသီဥတုကဒီရလဒ်တွေကို ချောင်းတွေရယ် တခြားတိုက်စားမှုအရာတွေနဲ့ သယ်ယူသွားကြပါတယ်။ အဆုံးမှာ ဒီရာသီဥတုဒဏ်ခံရတဲ့အစိတ်အပိုင်းတွေနဲ့ ပျော်ရည်တွေဟာ အနည်ထိုင်ကြပါတယ်။ ဒီလွှတ်နေတဲ့အရာတွေပါတဲ့ အလွှာဟာနောက်မှာ တခုနဲ့တခုကပ်သွားရင် အနယ်ကျကျောက်တွေ ဖြစ်သွားပါတယ်။
အခွံလွှာတွေရွေ့လျားမှုနဲ့ပါတ်သက်တဲ့ အကောင်းဆုံးအထောက်အထားကို အနယ်ကျကျောက်တွေမှာ တွေ့နိုင်ပါတယ်။ အနယ်တွေဟာ အမြဲလိုလို အလျားလိုက်အနယ်ထိုင်ပါတယ်။ ရလဒ်အနေနဲ့က အနယ်ကျကျောက်တွေကို အလျားလိုက်ကျောက်လွှာတွေမှာ တွေ့ရပါတယ်။ ဒါပေမဲ့ အနယ်ကျကျောက်လွှာတွေကို မကြာခဏ အလျားလိုက်နဲ့ကွာပြီး စောင်းလျက်တွေ့ရလေ့ရှိပါတယ်။ ကျောက်လွှာတွေက ဘာဖြစ်လို့ များ ဒီအခေါက်တွေ ဖြစ်တာလဲ။
ထင်ရှားတာက ဖိအားပေးလို့ ဒီကျောက်တွေ ရွေ့လျားသွားပုံရပါတယ်။ စာရွက်ပုံတပုံကို ဘေးနှစ်ဘက်က တွန်းပြီး ကိုယ့်ဟာကိုယ် လုပ်ကြည့်နိုင်ပါတယ်။ စာရွက်တွေက ဖိအားနဲ့ကိုက်ညီအောင် အခေါက်လွှာလို ဖေါင်းတက်လာပါမယ်။ ရွှံ့ ဒါမှမဟုတ် ကျောက်လွှာတွေနဲ့ပိုတူစေတဲ့ တခြားပစ္စည်းတွေ သုံးရင်လည်း ဒီလိုရလဒ်မျိုးတွေ ရနိုင်ပါတယ်။ ရွှံ့ပုံစံတွေမှာတော့ ခေါက်ရာတလျှောက် အက်ကွဲကြောင်းတွေတွေ့နိုင်ပါတယ်။ ဒါတွေကို ကျောက်လွှာအခေါက်တွေမှာ တွေ့ရလေ့ရှိပါတယ်။
မြေနေရာ ကျယ်ကျယ်ဝန်းဝန်းတလျှောက် အလွှာတွေကို အခေါက်တွေအနေနဲ့တွေ့ရပါတယ်။ အလွှာတွေဟာ ရေလှိုင်းတွေလိုပဲ ကြွလိုက် ကျလိုက်နေပါတယ်။ အပေါ် ပိုင်းကို အင်တီကလိုင်းလို့ခေါ် ပြီး ကျနေတဲ့အပိုင်းကိုတော့ စင်ကလိုင်းလို့ ခေါ် ပါတယ်။ လှေခါးလိုအခေါက်ကိုတော့ မိုနိုကလိုင်းလို့ ခေါ်ပါတယ်။
ကျောက်လိုမျိုး ကျိုးလွယ်တဲ့အစိုင်အခဲတခုကဘယ်လိုများ ခေါက်နိုင်သလဲဆိုတာ စဉ်းစားချင်စဉ်းစားနေပါလိမ့်မယ်။ အတွေ့အကြုံအရ ကျောက်တုံးဆိုတာ ညှစ်ပြီးပုံသဏ္ဍာန်ပြောင်းလို့မရဘူးဆိုတာ သိနေပါလိမ့်မယ်။ ဒါပေမဲ့ အပေါ်ယံမြေလွှာအောက်နက်လာတာနဲ့အမျှ ကျောက်တွေဟာ ပူနွေးလာတယ်ဆိုတာလည်းသိပါလိမ့်မယ်။ သူတို့ဟာ အပေါ်က ကျောက်တွေရဲ့ ကြီးမားတဲ့ဖိအားဒဏ်ကို ခံရပါတယ်။ ဒီလိုအခြေအနေမျိုးမှာ ကျောက်တုံးအစိုင်အခဲတွေဟာ ဖိအားပေးလိုက်ရင် ပလပ်စတစ် (ပွဲညက်လို) လိုနေပါလိမ့်မယ်။ ပြည့်ပြည့်ဝဝ ကပ်မနေတဲ့ အနယ်ကျကျောက်တွေမှာ ခေါက်တာတွေအများဆုံးဖြစ်တာထင်ရှားပါတယ်။ ဒါပေမဲ့ ကျောက်တွေ အမျိုးမျိုး ခေါက်တဲ့ဒီနည်းစဉ်တခုလုံးကို လူတွေဟာ ကောင်းကောင်းနားမလည်ကြသေးပါဘူး။ သုတေသနအများကြီးလုပ်ဖို့ ကျန်ပါသေးတယ်။
တချိန်က ဘူမိဗေဒပညာရှင်တွေက ဒီလိုတွန့်ခေါက်တာက အလျားလိုက်တွန်းလို့ဒါမှမဟုတ် ဖိအားကြောင့် ဖြစ်တာလို့ပဲယူဆပါတယ်။ မကြာသေးခင်က စမ်းသပ်မှုတွေအရတော့ အထက်ကိုကြွနေတဲ့ထုကြီးတခုရဲ့ အစွန်းတွေက အထပ်လိုက် တွန့်ခေါက်တာတွေအားလုံးဖြစ်နိုင်တယ်လို့ပြောပါတယ်။ အပေါ်ယံမြေလွှာက အပူပေးထားတဲ့ကျောက်တုံးထုကြီးတွေက ကျယ်လာပြီးအပေါ်ကိုတွန်းတက်လာတဲ့အခါ သူ့အပေါ်က ကျောက်လွှာတွေက ခေါက်ပြီးဘေးကိုချော်ကျသွားနိုင်ပါတယ်။ ဒီလိုဆင်တူတဲ့အရာတွေက ဆားထုတွေ ဆားပုံတွေဖြစ်ဖို့အပေါ်ကိုတွန်းတက်လာတဲ့အခါမှာလည်းဖြစ်နိုင်ပါတယ်။ ဆားဆိုတာ အင်မတန်ပျော့တဲ့

ခါတုပစ္စည်းတခုဖြစ်ပါတယ်။ နက်တဲ့နေရာမှာ ဖိအားအောက်မှာ အလျားလိုက်ရှိတဲ့ဆားလွှာဟာ ဖေါင်းကြွလာပြီး ကျောက်တွေကြားက ရေထဲကကြွလာတဲ့ပူပေါင်းတွေလိုပဲ အပေါ်ကို အတွန်းခံရနိုင်ပါတယ်။

ကမ္ဘာမှာရှိတဲ့တောင်တန်းတွေများများဟာ သိပ်ထူတဲ့အနယ်ကျကျောက်တွေနဲ့လုပ်ထားတာပါ။ တောင်တချို့မှာ ဒီကျောက်တုံးတွေကို ၉ ကီလိုမီတာက ၁၀ ကီလိုမီတာထူတဲ့ အနယ်အလွှာတွေနဲ့ဖွဲ့ထားပါတယ်။ ဒီကျောက်တွေကို သေသေချာချာလေ့လာကြည့်တော့ မြောင်းအကြီးကြီးထဲမှာ အနယ်တွေထိုင်တာဖြစ်နိုင်ကြောင်းတွေ့ရပါတယ်။

ထင်ရှားတာက ဒီမြောင်းရဲ့အောက်ခြေက တဖြည်းဖြည်းနဲ့ နှစ်ပေါင်းတသန်းကို မီတာ ၂၀၀ က ၃၀၀ နှုန်းနဲ့နိမ့်ကျလာတာတွေ့ရပါတယ်။ နေရာများများမှာဆို ဒီမြောင်းထဲကရေက မီတာ ၃၀၀ လောက်မနက်တာတွေ့ရပါတယ်။

ဒီလိုမြောင်းတွေဟာ ကီလိုမီတာရာပေါင်းများစွာရှည်ပြီး ကီလိုမီတာဆယ်ပေါင်းများစွာကျယ်ပါတယ်။ စန်ဟွာကင်းတောင်ကြား (ကယ်လီဖိုးနီးယားပြည်နယ် တောင်ကြားကြီး)ဟာ ဒီနေ့ခေတ်မှာ ဒီလို မြောင်းကြီးရဲ့ ဥပမာပါပဲ။ ဒီလိုတဖြည်းဖြည်းနိမ့်သွားတဲ့မြောင်းတွေကို ဂျီအိုစင်ကလိုင်းတွေလို့ ခေါ်ပါတယ်။ ပိုငယ်တဲ့အတွန့်အခေါက်တွေဟာ နိမ့်လာတာနဲ့အမျှ ကျောက်တွေကို မြောင်းထဲဆွဲချလာရင်း ဂျီအိုစင်ကလိုင်းအလွှာပေါင်းများစွာ ဖြစ်လာပါတယ်။

(page 42)

အုပ်စုငယ်လေးတွေက သူတို့ရဲ့ အစီအစဉ်တွေကို လုပ်ပြီးတာနဲ့ သူတို့ထဲကတချို့ရဲ့ သင်ခန်းစာအစီအစဉ်တွေကို ပြောပြခိုင်းပါ။ အစီအစဉ်တွေမှာ အစိတ်အပိုင်းလေးခုစလုံးပါရပါမယ်။ မပါရင် အုပ်စုကို မပါတဲ့အပိုင်းကို ဘယ်လိုထည့်မလဲဆိုတာ မေးပါ။ ဖလှယ်ပြီးတဲ့အခါ "တွန့်ခေါက်လွှာတွေ" ဖတ်စာကိုသုံးပြီး အောက်ပါ နမူနာ သင်ခန်းစာကို တင်ပြပါ။

## နမူနာသင်ခန်းစာ

သင်ခန်းစာရည်ရွယ်ချက်တွေအနေနဲ့ ကျောင်းသားတွေဟာ အောက်ပါတို့ကို သိရပါမယ်။

- အနယ်ကျကျောက်ဆိုတာဘာလဲ၊ ပြီးတော့ ပုံစံဘယ်လိုပြောင်းသလဲ။
- ဖိအားနဲ့အပူဟာ ကျောက်ကိုပုံသဏ္ဍာန်ပြောင်းပြီး မြေထုအမျိုးမျိုးဖြစ်အောင် ဘယ်လိုလုပ်သလဲ။ ပြီးတော့
- အနယ်အလွှာတွေ ဘယ်လိုဖြစ်လာသလဲ။

### သင်ခန်းစာငယ်

အတန်းကိုသူတို့ဖတ်စာကိုနားလည်ဖို့ သိရမယ့်ဝေါဟာရတွေကိုပြောပြပါ။ ဒီလိုရွေးရတာများသောအားဖြင့် ခက်ပါတယ်။ တချို့ဆရာတွေက အခက်ခဲဆုံးစကားလုံးတွေ ဒါမှမဟုတ် အကြောင်းအရာနဲ့သက်ဆိုင်တဲ့တိကျတဲ့ ပညာရပ်ဆိုင်ရာ စကားလုံးတွေကိုရွေးလိုပါတယ်။ ဒီစကားလုံးတွေက တကယ်တော့ သိဖို့လုံးဝအရေးမကြီးတာ တွေ ဖြစ်နိုင်ပါတယ်။ "တွန့်ခေါက်လွှာတွေ" စာပိုဒ်မှာ မဖတ်ခင် ကျောင်းသားတွေအနေနဲ့ သိရမယ့်အသုံးဝင်ဆုံး စကားလုံးတွေက

တွန့်ခေါက်လွှာတွေ          အလွှာတွေ          မြောင်း     အခွံလွှာရွေ့လျားခြင်း          ဖိအား

တို့ပါ။

ဒီဝေါဟာရရွေးချယ်ချက်ကို ကြည့်ရင်အံ့သြစရာကောင်းချင်ကောင်းနေပါမယ်။ ဒါပေမဲ့ အတွေးအခေါ်သုံးမျိုးအရ ဒီဆုံးဖြတ်ချက်ရလာပါတယ်။ ပထမက ၅နှစ်ကြာရင် ကျောင်းသားတွေကို ဒီသင်ခန်းစာနဲ့ပါတ်သက်ပြီး ဘာမှတ်မိစေချင်သလဲဆိုတာ စဉ်းစားပါ။ သူတို့အတွက် ဘယ်အသိကဆက်စပ်မှုအရှိဆုံးလဲ။ ဒုတိယအနေနဲ့ ရလာစေလိုတဲ့ အတွေးအခေါ်တွေအတွက် အရေးကြီးတဲ့ အခြေခံစကားလုံးတွေကို ရွေးပါ။ တတိယအနေနဲ့ ဖတ်စာကို လေ့လာပြီး ဘယ်စကားလုံးတွေဟာ ဖတ်စာအတွင်းမှာ ရှင်းရှင်းအဓိပ္ပါယ်ဖော်ပြထားတယ်ဆိုတာ ဆုံးဖြတ်ပါ။ "တွန့်ခေါက်လွှာ တွေ" စာပိုဒ်မှာ တချို့က အနယ်ကျခြင်း၊ အင်တီကလိုင်း၊ စင်ကလိုင်း၊ မိုနိုကလိုင်းနဲ့ ဂျီအိုစင်ကလိုင်း တို့ကို ရွေးချင် ရွေးပါလိမ့်မယ်။ ဒါပေမဲ့ ဖတ်စာထဲမှာ ဒါတွေအားလုံးကို အဓိပ္ပါယ်ရှင်းရှင်းဖော်ပြထားပြီးပြီပဲ။ ဒ့ါပြင် ဒီစကား လုံး တွေဟာ ဘူမိဗေဒပညာရှင်တွေသုံးတဲ့ ပညာရပ်ဆိုင်ရာဝေါဟာရတွေပါ။ သာမန်အားဖြင့် မိမိတို့ရဲ့ ဘူမိဗေဒနဲ့ ပါတ်သက်တဲ့နားလည်မှုတွေအကြောင်း ပြောတဲ့အခါမှာ လူတွေသုံးတဲ့စကားတွေမဟုတ်ပါဘူး။ ဘူမိဗေဒပညာရှင် တွေ ဖြစ်လိုသူတွေအဖို့တော့ ဒီစကားလုံးတွေကအရေးကြီးပါတယ်။ ဒါပေမဲ့ နောင်မှာ မိမိတို့ရဲ့ဝေါ ဟာရမှာ ပါသွားမှာပါ။ ရှစ်တန်းကျောင်းသားတွေအတွက်ကတော့ ရည်ရှည်နားလည်ဖို့အတွက် သိပ်အရေးမကြီးပါဘူး။

(page 43)

မြေလွှာဖွဲ့စည်းပုံအမျိုးမျိုးအကြောင်းဓါတ်ပုံအမျိုးမျိုး––တောင်တွေ၊ ချိုင့်ဝှမ်းတွေ၊ မြေလျှောကြောင်းတွေ၊ ဒါမှမဟုတ် တခြား ဘူမိဗေဒတည်ဆောက်မှုကြီးတွေ––ကျောင်းသားတွေကိုပြပြီး သင်ခန်းစာငယ်ကို စပါ။ ဒီမြေထုတွေ ဘယ်လိုဖြစ်လာသလဲဆိုတာကို ဗဟိုပြုပြီးဆွေးနွေးပါ။ ဒါနဲ့ပါတ်သက်ပြီး ကျောင်းသားတွေ ဘာတွေသိပြီးသားလဲ ဆိုတာ ပြန်ကြည့်ပြီးဆွေးနွေးပါ။ ပြီးတော့ ဖတ်စာထဲကပါတဲ့ မြေထုဖွဲ့စည်းပုံတွေဟာ ဘာလို့ ဒီလိုပုံတွေ ဖြစ်လာ ရသလဲဆိုတာ စဉ်းစားခိုင်းပါ။

ကျောင်းသားတွေကို စမဖတ်ခင် မေးလိုတဲ့မေးခွန်းတွေ မေးခိုင်းပါ။ ဒီမေးခွန်းတွေနဲ့ ရွေးထားပြီး အဓိပ္ပါယ်ဖေါ် ပြထားတဲ့ ဝေါဟာရစကားလုံးတွေကို သင်ပုန်းကြီး ဒါမှမဟုတ် ဇယားစာရွက်မှာ ချရေးပါ။ အုပ်စုဟာ အခု ဖတ်စာ စဖတ်ရပါမယ်။

## စာဖတ်တာဆွေးနွေးခြင်း

ဒီသင်ခန်းစာအတွက် ဆွေးနွေးခြင်းကို စာဖတ်သူများရဲ့သင်တန်းက သာမန်ဆွေးနွေးပွဲတွေနဲ့မတူအောင် လုပ်ထားပါတယ်။ ပထမ ကျောင်းသားတွေကို လေးယောက် ငါးယောက်ပါ အုပ်စုလေးတွေ ဖွဲ့ခိုင်းပါ။ သူတို့ဟာသူတို့ ဖတ်နေတုန်း လျှောက်သွားပြီး ဘယ်လောက်နားလည်သလဲဆိုတာ ကြည့်ပါ။ အုပ်စုတစုစီက ကျောင်းသားတွေကို ဖတ်ရာမှာ အခက်အခဲရှိသလား၊ ဒါမှမဟုတ် မေးစရာရှိသလားဆိုတာ မေးပါ။ ကျောင်းသား တယောက် ဒါမှမဟုတ် ဒါထက်ပိုပြီး အုပ်စုကို စာပိုဒ်တပိုဒ်စီ ဖတ်ပြနိုင်ပါတယ်။ ဆရာက ကမ္ဘာကြီးရဲ့ ရွေ့လျားမှုကြောင့်မြေထုပေါ်ပေါက်လာပုံတွေကို မေးပြီး အပေါ်ယံအခွံလွှာရွေ့လျားမှု နမူနာ စတည်ဆောက် နိုင်ပါတယ်။ ဖတ်စာမှာ ဆွေးနွေးထားတဲ့ဖွဲ့စည်းပုံတွေကို ကိုယ်စားပြုဖို့ သူတို့လုပ်နိုင်တဲ့နမူနာအမျိုးမျိုးကို စဉ်းစားစေပါ။ ဒီလိုဆွေးနွေးမှုမျိုးဟာ အချိန်ကြာပြီး ဖတ်စာကတိုလို့ တခြားအုပ်စုက ကျောင်းသားတွေက ဖတ်လို့ ပြီးပြီးချင်း သူတို့အုပ်စုထဲမှာ စပြီးတုန့်ပြန်ဖို့ပြောပါ။

## တုန့်ပြန်ခြင်း

စမဖတ်ခင် ဘယ်လိုဆက်လုပ်ရမလဲဆိုတာတွေပြောထားတဲ့အတွက် အုပ်စုတွေဟာ မိမိတို့ရဲ့အတွေးအခေါ်တွေနဲ့ ခန့်မှန်းချက်တွေကို ဖတ်စာနဲ့ဘယ်လိုကိုက်ညီသလဲ ဒါမှမဟုတ် ဘယ်လိုကွဲပြားသလဲဆိုတာ ပထမ ဆွေးနွေး ရပါမယ်။ ပြီးရင် ဖတ်စာထဲမှာပါတဲ့ ဘူမိတည်ဆောက်ပုံတွေထဲက တခုကိုသရုပ်ပြဖို့ စက္ကူနဲ့နမူနာတခု အတူတူလုပ် ရပါမယ်။ ကျောင်းသားတွေကို မိမိတို့ရဲ့အကြောင်းအရာမှတ်တမ်းမှာ (အတန်းအစမှာပေးထားတဲ့) သင်ခန်းစာ ရည်ရွယ်ချက်တွေ အပေါ် ပေးထားတဲ့ဝေါဟာရတွေသုံးပြီး တုန့်ပြန်မှုရေးစေပါ။ ရလဒ်မှာ ကျောင်းသားတွေဟာ နားမလည်ဘူး ဒါမှမဟုတ် နားလည်တာလွဲနေတယ်ဆိုတာ မပြရင် ဒီသင်ခန်းစာကို အကြောင်းအရာမှတ်တမ်းမှာ တုန့်ပြန်မှုရေးပြီး အဆုံးသတ်နိုင်ပါတယ်။ စာဖတ်သူတွေရဲ့ တုန့်ပြန်မှုတွေဟာ ကျောင်းသားတွေ ဘယ်လောက် နားလည်သလဲဆိုတာ တကယ်ပြပါတယ်။ တကယ်လို့နားမလည်တာတွေ နားလည်လွဲတာတွေ ရှိနေရင် ဒါမှမဟုတ် ဆက်ဖြစ်နေရင် ဆက်ဆွေးနွေးဖို့လိုပါတယ်။

(page 44)

## ဘာသာရပ်ဆိုင်ရာမှာ ဖတ်ခြင်း –– သင်္ချာသင်ခန်းစာ

သင်္ချာဆရာများများဟာ အပေါင်းအနှုတ်အမြှောက်အစားလေ့ကျင့်တာနဲ့ လေ့ကျင့်ခန်းတွေက သင်္ချာ သင်ကြားခြင်းရဲ့အခရာပဲလို့ ယူဆကြပါတယ်။ တကယ်လို့ ကျောင်းသားတွေဟာ အပေါင်းအနှုတ်အမြှောက်အစား လုပ်နိုင်ရင် သင်္ချာမှာ သိဖို့လိုတာတွေ သိပြီလို့ထင်ပါတယ်။ ဒါပေမဲ့ သင်္ချာပညာရှင်တွေဟာ အခုတော့ အပေါင်း အနှုတ်အမြှောက်အစားဟာ စာဖတ်တတ်တာလိုပဲ သင်္ချာနည်းစဉ်ရဲ့အစပဲရှိသေးတယ်လို့ ကြေညာနေကြပါတယ်။ သင်္ချာဆရာတွေဟာ ကျောင်းသားတွေကို မိမိတို့ဘဝနဲ့သက်ဆိုင်ပြီး လက်ဆုတ်လက်ကိုင် ပြနိုင်တဲ့နည်းနဲ့ ဖြေရှင်းတဲ့ တကယ့် ပုစ္ဆာ တွေဖြစ်တဲ့ ရှုတ်ထွေးတဲ့သင်္ချာပြဿနာတွေကိုတင်ပြခြင်းရဲ့ ကြီးမားတဲ့တန်ဖိုးကို စမြင်လာပါပြီ။ ပြီးတော့ သင်္ချာသိတာဟာ အပေါင်းအနှုတ်အမြှောက်အစား လုပ်ရုံမဟုတ် သင်္ချာပိုင်းဆိုင်ရာ အတွေးအခေါ်တွေကိုသိတာဖြစ်တယ်လို့လည်းဆိုကြပါတယ်။ ကျောင်းသားတွေကို အဓိပ္ပါယ်ရှိရှိသုံးဖို့၊ သူများတွေနဲ့ဖလှယ်ဖို့၊ အမှားလုပ်တဲ့အခါ အမှားကိုစူးစမ်းလေ့လာဖို့နဲ့ တကယ့်လောကထဲက ဥပမာတွေထဲက ရလဒ်တွေကို နားလည်ဖို့ အချိန်ပေးတဲ့အခါမှာ ပိုသင့်တော်တဲ့ စကားဖြစ်တယ်လို့ သင်္ချာကို အများက ယူဆကြပါတယ်။ ဆရာနဲ့စာရေးဆရာတဦးဖြစ်တဲ့ Regie Routman (1991) ကအောက်ပါ အကြံပြုပါတယ်။

... ရေတွက်ခြင်းနဲ့ တကယ့်အရာဝတ္ထုတွေကိုကိုင်တွယ်ခြင်း၊ တိုင်းတာခြင်း၊ ခန့်မှန်းခြင်း၊ ဂရပ်ဖ်ရေးဆွဲခြင်း၊ အမျိုးအစားခွဲခြင်းနဲ့ သင်ရိုးညွှန်းတန်းပါ ဘာသာရပ်တွေအားလုံးမှာ ပြဿနာဖြေရှင်းခြင်းတို့နဲ့ သင်္ချာဟာ ကလေးတွေရဲ့ဘဝနဲ့ဆက်စပ်ဖို့လိုပါတယ်။ (စာမျက်နှာ ၂၈၉)

စာဖတ်နည်းစဉ်ကို သင်္ချာအတန်းမှာ လက်တွေ့အကောင်အထည်ဖော်နိုင်တဲ့သင်ကြားနည်းတရပ်လို့ ခံယူဖို့ရာမှာ ကျောင်းသားတွေဘာသင်ယူမယ်ဆိုတာနဲ့သူတို့ရဲ့သင်္ချာပညာကြောင့် ဘာတွေလုပ်နိုင်မယ်လို့ မျှော်လင့်ထားတာ တွေကို အခုထက်ပိုကျယ်ပြန့်လာစေရပါမယ်။ အမေရိကန်ပြည်ထောင်စုသင်္ချာဆရာများအမျိုးသားကောင်စီ (NCTM) က သင်္ချာပညာသင်ကြားရေး အဆင့်အတန်းကိုအဆိုပြုထားပါတယ်။ ဒီအဆင့်တွေကို သင်္ချာဆိုတာ ဘာလဲ၊ ပြီးတော့ အတန်းထဲမှာ သင်္ချာကို ဘယ်လိုခံယူရမလဲဆိုတာ စဉ်းစားထားတာတွေအပေါ် အခြေခံထား ပါတယ်။ သူတို့က အကြံတချို့ပေးထားပါတယ်။

## သင်္ချာဆိုတာဟာ အတွေးအခေါ်တွေနဲ့ပညာတွေကိုစုထားတာထက်ပိုပါတယ်

သင်္ချာဆရာများအမျိုးသားကောင်စီက ကျောင်းသားတွေအားလုံးအတွက် ရည်မှန်းချက်အသစ်တွေ အကြံပေးထားပါတယ်။ ––

- သင်္ချာကိုတန်ဖိုးထားဖို့

(page 45)

- သင်္ချာနည်းနဲ့ဆက်သွယ်ခြင်းနဲ့
- သင်္ချာနည်းနဲ့ဆင်ခြင်ခြင်း

အလေ့အကျင့်တို့ကို လုပ်ပါ။

- မိမိတို့သင်္ချာတွက်နိုင်မှုအစွမ်းကို ယုံကြည်စိတ်ချစိတ်ရှိသူများနဲ့
- သင်္ချာပုစ္ဆာဖြေရှင်းသူများ

ဖြစ်လာဖို့လုပ်ပါ။

သင်္ချာအတွေ့အကြုံတွေဟာ

- သင်္ချာတွက်လိုစိတ်
- ကိုယ့်ဟာကိုယ် သင်္ချာသင်ယူဖို့ မိမိကိုယ်ကိုယ် ယုံကြည်စိတ်
- သင်္ချာဝေါဟာရတွေနဲ့သင်္ကေတတွေ များများသိလာမှုနဲ့အသုံးချမှု
- သင်္ချာကို ပုံစံတွေနဲ့ဆက်စပ်မှုတွေလေ့လာခြင်းလို့ မြင်ခြင်း၊ ပြီးတော့
- သမိုင်းနဲ့ယဉ်ကျေးမှုတို့အားဖြင့်သင်္ချာရဲ့သဘောထားရှုထောင့်တွေကိုချဉ်းကပ်ခြင်း

တို့ကိုမွေးမြူဖို့ သူတို့က အဆိုပြုပါတယ်။

သင်္ချာလေ့ကျင့်ခန်းတွေဟာ

- သင်္ချာစိတ်နဲ့တွေးခေါ်တာကို သင်္ချာအတွေးအခေါ်ပညာရပ်တွေနဲ့ပူးပေါင်းရမယ်၊
- ကျောင်းသားတွေရဲ့စိတ်ဝင်စားမှုကိုအသုံးချရမယ်၊
- ကျောင်းသားတွေကို ခန့်မှန်းစေပြီး သူတို့စိတ်ထဲမှာထင်နေတာကိုလုပ်ကြည့်ရမယ်၊ ပြီးတော့
- ပုစ္ဆာပေးပြီး ပညာဘယ်လောက်တိုးလာသလဲဆိုတာ စစ်ရမယ်၊

လို့ သူတို့က အဆိုပြုပါတယ်။

NCTM ကသင်္ချာသင်ကြားရာမှာ ခံယူထားတဲ့အခြေခံယူဆချက်လေးရပ်ကိုလည်း အဆိုပြုထားပါတယ်။

၁။ သင်္ချာသင်ကြားရေးရဲ့ရည်ရွယ်ချက်က ကျောင်းသားတွေအားလုံး သင်္ချာအစွမ်းထက်လာဖို့ ကူညီဖို့ ဖြစ်ပါတယ်။

၂။ ကျောင်းသားတွေ ဘာသင်ယူတယ်ဆိုတာ အခြေခံအားဖြင့် ဘယ်လို သင်ယူတယ်ဆိုတာနဲ့ ဆက်စပ်နေပါတယ်။

၃။ ကျောင်းသားတွေအားလုံးဟာ သင်္ချာနည်းနဲ့စဉ်းစားဖို့ သင်ယူနိုင်ပါတယ်။

၄။ သင်ကြားရေးဟာ ရှုပ်ထွေးတဲ့လုပ်ရပ်ဖြစ်ပြီး ဒါကြောင့်အဲဒါကို လုပ်နည်းတွေ အညွှန်းတွေ အဆင့်ရောက်အောင် လျှော့ချလို့ မရပါဘူး။

(page 46)

နောက်ဆုံးအနေနဲ့ သူတို့က အပေါင်းအနှုတ်အမြှောက်အစားနမူနာ တခုကိုဖော်ပြထားပါတယ်။ အဲဒီနမူနာ အတွက် သင်္ချာရယ် သင်ကြားရေးရယ်နဲ့ပါတ်သက်ပြီး အယူအဆတွေ အကြီးအကျယ်ပြောင်းဖို့ လိုပါတယ်။ ဒီအပြောင်းအလဲတွေက

- အတန်းတွေက သင်္ချာလူမှုအဖွဲ့အစည်းတွေအနေနဲ့ရှိမှု
- ယုတ္တိဗေဒနဲ့ သင်္ချာအထောက်အထားတွေက သက်သေအနေနဲ့ရှိမှု
- သင်္ချာဆိုင်ရာ ဆင်ခြင်ချက်
- ခန့်မှန်းခြင်း၊ တီထွင်ခြင်းနဲ့ ပြဿနာဖြေရှင်းခြင်း၊ ပြီးတော့
- သင်္ချာ၊ သူ့ရဲ့အတွေးအခေါ်တွေနဲ့သူ့ကိုအသုံးချပုံတွေကို ဆက်စပ်ခြင်း

စတာတွေကို မြှင့်တင်ပါတယ်။

အောက်ပါ ၁ တန်းက ၆ တန်းအထိ သင်္ချာလေ့ကျင့်ခန်းက သင်္ချာဟာ တကယ့်လက်တွေ့ဘဝအတွေ့အကြုံတွေနဲ့ ဘယ်လိုဆက်စပ်နိုင်ကြောင်း သရုပ်ပြပါတယ်။ ဒါဟာ စာဖတ်လေ့ကျင့်ခန်းသက်သက်မဟုတ်ပေမဲ့ ဒီလေ့ကျင့်ခန်းကို ဂျီသြမေထြီအကြောင်းစာဖတ်ခြင်း ဒါမှမဟုတ် ဆွေးနွေးခြင်းအပြီးမှာ ပြန်လည်စဉ်းစားခြင်းလေ့ကျင့်ခန်းလို ဒါမှမဟုတ် ပုံစံတွေ၊ ဂျီသြမေထြီ၊ သီအိုရမ်တွေ၊ ဒါမှမဟုတ် ပိုက်သာဂိုးရပ်စ် အကြောင်းစာတွေမဖတ်ခင် အကြံတွေထွက်ပေါ်စေခြင်းလေ့ကျင့်ခန်းအဖြစ် လွယ်လွယ် သုံးနိုင်ပါတယ်။ ဒီလေ့ကျင့်ခန်းဟာ ကျောင်းသားတွေကို ပါဝင်မှုမရှိတဲ့သင်ယူသူတွေအဖြစ်ကနေ သုတေသီတွေ၊ စူးစမ်းလေ့လာသူတွေ၊ လေးနက်တဲ့အဖြေတွေရှာနေတဲ့ လေးနက်တဲ့မေးခွန်းတွေရှိတဲ့ စဉ်းစဉ်းစားစား စာဖတ်သူတွေအဖြစ် ဘယ်လိုပြောင်းရမလဲဆိုတာ ဥပမာ ပေးပါတယ်။

## ဂျီသြမေထြီလမ်းလျှောက်ခြင်း

(From Nelson, G., & Ockenga, E. (1998). *Democratic practices in math in elementary school*. Bratislava, Slovakia: Orava Foundation for Democratic Education.)

သင်္ချာအကြောင်းအရာတခုဟာ ဘဝနဲ့ဘယ်လိုဆက်စပ်သလဲဆိုတာ ပြရင် များသောအားဖြင့် ကျောင်းသားတွေရဲ့ စိတ်ဝင်စားမှုကို မြင့်စေလာတတ်ပြီး အသုံးချဖို့အခွင့်အရေးတွေလည်း ပေးရာရောက်တတ်ပါတယ်။ ဂျီသြမေထြီ လေ့လာခြင်းဟာ နမူနာကောင်းတခုဖြစ်ပါတယ်။ ဆရာတွေဟာ ဂျီသြမေထြီနဲ့ပါတ်သက်တဲ့ ဝေါဟာရတွေနဲ့ အတွေးအခေါ်တွေကို သရုပ်ဖော်ပြဖို့ အတန်းထဲက အရာဝတ္ထုတွေကို သုံးလေ့ရှိပါတယ်။ ဒါကို အတန်းအပြင် ထွက်ပြီး ဂျီသြမေထြီလမ်းလျှောက်ခြင်းအဖြစ် တိုးချဲ့ နိုင်ပါတယ်။
(၁) အရာဝတ္ထုတခုရဲ့ဆောင်ရွက်ချက် ဒါမှမဟုတ် အသုံးဝင်ပုံက သူ့ရဲ့ ပုံသဏ္ဍာန်ဘယ်လိုရှိမလဲဆိုတာ အဆုံး အဖြတ်ပေးတယ်။ (၂) သူ့အလှ ဒါမှမဟုတ် ရုပ်သွင်ကလည်း သူ့ပုံသဏ္ဍာန်ဘယ်လိုရှိမလဲဆိုတာ အဆုံးအဖြတ် ပေးတယ်။ ပြီးတော့ (၃) ဂျီသြမေထြီရဲ့ ဝေါဟာရ တွေဟာ ပုံသဏ္ဍာန်နဲ့ အနေအထားကိုဖော်ပြရာမှာ အသုံးဝင် တယ်ဆိုတာတွေကို ကမ္ဘာပေါ်မှာရှိတဲ့ ဂျီသြမေထြီကိုပိုသိလာအောင် ကျောင်းသားတွေကိုသတိပြုမိစေပါ။ ဥပမာ၊ ပရိဂျက်တာအတွက်ပိတ်ကားဟာ များသောအားဖြင့် စတုဂံပုံရှိနေတတ်တာက သူ့ပေါ်မှာပြတဲ့ရုပ်ပုံတွေက များသောအားဖြင့် စတုဂံပုံရှိနေပြီး တကယ်လို့ စက်ဝိုင်းပုံပိတ်ကားရှိရင် အပေါ်ကို တိုးပြဖို့ ပိုခက်နိုင်ပါတယ်။

ပန်းချီကားတချပ် ဒါမှမဟုတ် ပန်းပုရုပ်တခုက ပုံသဏ္ဍာန်တခုကို အသားပေးချင်ပေးမယ် ဒါမှမဟုတ် ပုံသဏ္ဍာန်တွေ ပေါင်းစပ်ထားတာကို သုံးချင်သုံးမယ်။ ရလဒ်ဟာ ကြည့်လို့ကောင်းမှာမို့ပဲ။ ပရိဘောဂပစ္စည်းတွေနဲ့ အဆောက်အဦတွေကတော့ ဆောင်ရွက်ချက်ရောအလှရောပေါ်မူတည်ပြီး ပုံဖေါ်ထားချင်ပုံဖေါ်ထားပါမယ်။
ဂျီသြမေထြီလမ်းလျှောက်ဖို့ ပြင်ဆင်ဖို့ရာက မိမိတို့ကျောင်းပတ်ဝန်းကျင်ကိုလေ့လာပါ၊ ကျောင်းသားတွေကို မိမိတို့ဘဝမှာ ဂျီသြမေထြီက ဘယ်လောက်ရေးပါတယ်ဆိုတာ သိလာစေမယ့်မေးခွန်းတွေ မှတ်သားပါ၊ လျှောက်ဖို့စီစဉ်ထားတဲ့ လမ်းကြောင်းအတွက် မြေပုံဆွဲပါ၊ ပြီးတော့ ဘယ်မေးခွန်းကို ဘယ်နေရာရောက်ရင်မေးမယ်ဆိုတာ အဲဒီပေါ်မှာရေးပါ။ အောက်ပါတို့က ကျောင်းသားတွေကို မေးချင်မေးဖို့ နမူနာမေးခွန်းတချို့ ဖြစ်ပါတယ်။ (ရနိုင်မယ့်တုန့်ပြန်ချက်တွေလဲပါပါတယ်။) မေးခွန်းအဆင့်တွေနဲ့တုန့်ပြန်မှုတွေဟာ ကျောင်းသားတွေရဲ့ အရင်ကအတွေ့ အကြုံပေါ်မူတည်မှာကတော့ သေချာပါတယ်။

အသုံးဝင်ပုံအရပုံစံ
၁။ *စက်ဘီးရပ်ဖို့လုပ်ထားတဲ့နေရာကတန်းတွေဟာ ဘာလို့ ရှည်လျားပြီး ကျဉ်းတဲ့စတုဂံပုံတွေလဲ။*
"စက်ဘီးရဲ့ ဘီးဝင်ဆန့်အောင်ပါ။"
"စက်ဘီးနဲ့ စက်ဘီးရဲ့ဘီးတွေ လဲကျမသွားအောင်ပါ။"
"တကယ်လို့ တြိဂံပုံစံတွေဖြစ်မယ်ဆိုရင် အဲဒီနေရာတွေမှာ စက်ဘီးတွေ ဒီလောက်များများဆန့်မှာမဟုတ်ပါဘူး။"
၂။ *စက်ဘီးရဲ့ဘီးဟာ ဘာလို့စတုရန်းပုံမဟုတ်ပဲ စက်ဝိုင်းပုံဖြစ်နေရတာလဲ။*
"နင်းရလွယ်အောင်လို့ပါ။"
"စီးရတာပိုအဆင်ပြေစေပါတယ်။"
"စတုရန်းပုံဘီးတွေရှိတဲ့စက်ဘီးတွေစီးနေတယ်ဆိုပါစို့။ သင်ဘာနဲ့တူမလဲဆိုတာပြပါ။"
၃။ *စက်ရုံရဲ့မီးခိုးခေါင်းတိုင်ဟာ ဘာလို့ ဆလင်ဒါပုံဖြစ်နေတာလဲ။*
"အုတ်ခဲနည်းနည်းပဲသုံးပြီး မီးခိုးအပေါက်ကြီးကြီးရလို့ပါ။"

အလှပေါ်မူတည်တဲ့ပုံသဏ္ဍာန်
၁။ *အဲဒီဆောက်အဦအဟောင်းတွေမှာတွေ့ရတဲ့ပုံသဏ္ဍာန်တွေနဲ့ ဒီအဆောက်အဦအသစ်မှာတွေ့ရတဲ့ပုံသဏ္ဍာန်တွေအကြား ကွာခြားပုံကို သတိပြုပါ။ ဘယ်အဆောက်အဦက ပိုကြည့်လို့ကောင်းသလဲ။*
"အဟောင်းကပိုကြည့်လို့ကောင်းတယ်။ ထောင့်မှန်ကျနေတဲ့လိုင်းတွေအပိုင်းအားလုံးကိုကြိုက်တယ်။ ပိုခိုင်ခိုင်မာမာရှိပုံရတယ်။"
*ဘယ်အဆောက်အဦကို ပိုပုံဆွဲချင်သလဲ။*
"အသစ်ကိုပိုဆွဲချင်တယ်။ ဘာလို့လဲဆိုတော့ အဲဒီတြိဂံတွေက ပိုစိတ်ဝင်စားစရာကောင်းတယ်။"
၂။ *ဟိုမှာရပ်ထားတဲ့ကားအပြာရဲ့ပုံသဏ္ဍာန်ကိုကြိုက်သလား။*
"မကြိုက်ဘူး။ ပုံးတပုံးနဲ့တူလွန်းတယ်။"
*ပိုကြည့်လို့ကောင်းအောင် သူ့ပုံသဏ္ဍာန်ဒီဇိုင်းဘယ်လိုလုပ်မလဲ။*
"ပိုမြန်အောင် အရှေ့ပိုင်းကို ပိုနိမ့်လိုက်ပြီး တစောင်းပုံလုပ်လိုက်မယ်။"

၃။ *ရုံးမှာချိတ်ထားတဲ့ဆိုင်းဘုတ်တွေအတော်များများဟာ စတုဂံပုံတွေပါ။ ဒါပေမဲ့ဒီတခုကတော့ ကောက်ကြောင်းပုံ ဒါမှမဟုတ် ဘဲဥပုံဖြစ်နေပါတယ်။ သွားစိုက်ဆရာက ဘာလို့ သူ့ဆိုင်းဘုတ်အတွက် ဒီပုံကိုရွေးတယ်ထင်သလဲ။*
"သူကအများနဲ့မတူလို့ ပိုထင်ရှားပါတယ်။"
"ဒီလိုလုပ်ထားလို့ စိတ်ကသွားကိုက်တဲ့ဆီမရောက်တော့ဘူးထင်ပါရဲ့။"

ဂျီသြမေထြီနဲ့ပါတ်သက်တဲ့ဝေါဟာရများ–
၁။ *ဒီတိုင်နဲ့ ဒီပုံပိုးထားတဲ့ဝါယာကြိုးတွေအကြား ဘာထောင့်မျိုးပေါ်နေသလဲ။*
"ထောင့်မှန်ပုံပါ။"
၂။ *ဒီကနေ ဗဟုဂံပုံနဲ့တူတဲ့ဆိုင်းဘုတ် ခပ်ကြီးကြီးတခုတွေ့နေရပါတယ်။ ဘာအရောင်လဲ။*
"အဲဒါက လမ်းထောင့်က ကားရပ်ခိုင်းတဲ့ အနီရောင်ဆိုင်းဘုတ်ပါ။"

အတန်းထဲမှာတော့ အတန်းသားတွေတွေ့ခဲ့ရတဲ့နမူနာတချို့ကိုဆွေးနွေးပြီး နောက်ဆက်တွဲလေ့ကျင့်ခန်းတွေ ပေးပါ။
၁။ ကျောင်းသားတွေကို တွေ့ခဲ့ရတဲ့အတွေ့ အကြုံတွေနဲ့ တွေ့ခဲ့ရတာတွေနဲ့ သင်ယူခဲ့ရတာတွေကို သူတို့ရဲ့ နေ့စဉ်မှတ်တမ်းတွေထဲမှာ ဒါမှမဟုတ် တယောက်နဲ့တယောက် ရေးခိုင်းပါ။
၂။ ကျောင်းသားတွေကို ပုံသဏ္ဍာန်တွေနဲ့ပါတ်သက်တဲ့စာအုပ်တွေဖတ်ပြီးဆွေးနွေးစေပါ။ ဒီစာအုပ်တွေက ပုံသဏ္ဍာန်တွေပါတဲ့စာအုပ်တွေကနေ ပိုက်သာဂိုးရပ်စ်အကြောင်းပါတဲ့စာအုပ်တွေ ဒါမှမဟုတ် အလယ်ခေတ်တွေ တုန်းက ရဲတိုက်တွေဆောက်တဲ့အကြောင်းပါတဲ့ ကလေးစာအုပ်တွေဖြစ်နိုင်ပါတယ်။
၃။ ကျောင်းသားတယောက်စီကို လမ်းလျှောက်တုန်းက သတိပြုမိလိုက်တဲ့ ပုံသဏ္ဍာန်တခုကို ကောက်ကြောင်းဆွဲခိုင်းပါ။ ဒါတွေကို တခြားလူတွေနဲ့ဖလှယ်ပြီး တခြားလူတွေက အဲဒါ ဒါမှမဟုတ် အဲဒါနဲ့တူတာကို ပြန်စဉ်းစားနိုင်ပါတယ်။
၄။ ကျောင်းသားအုပ်စုတွေကို ပုံသဏ္ဍာန်တခုရှိတဲ့အရာတခုကို စဉ်းစားစေပြီး ဒီပုံက ဒီအရာရဲ့ လုပ်ဆောင်မှုကို ဘယ်လိုသက်ရောက်မှုရှိသလဲဆိုတာ စဉ်းစားစေပါ။ ကျောင်းသားတွေဟာ ဒီပုံသဏ္ဍာန်၊ သူ့ရဲ့ မျဉ်းတွေ ဆုံရာ ဒါမှမဟုတ် တခု ဒါမှမဟုတ် တခုထက်ပိုတဲ့မျက်နှာပြင်တွေကို ရေးဆွဲနိုင်ပြီး အဲဒီအရာဟာ ဘာလဲဆိုတာ ပြောပြီး သူ့ရဲ့ ပုံကသူ့အသုံးဝင်ပုံကို ဘယ်လိုသက်ရောက်မှုရှိသလဲဆိုတာပြောနိုင်ပါတယ်။ ပုံသဏ္ဍာန်တွေကို ကပ်ထားပြီး ကျောင်းသားတွေက ဒီပုံတွေနဲ့သင့်တော်မယ့် တခြားအရာတွေကို အကြံပြုနိုင်ပါတယ်။ ဥပမာ၊ ထောင့်မှန်ကျ သုံးနားညီတြိဂံတခုဟာ ကတော့တခုရဲ့ကန့်လန့်ဖြတ်ပုံတခုပြရုံမက မော်တော်ကားမှန်သုတ်တဲ့အရာရဲ့ ကောက်ကြောင်း၊ သစ်ရွက်ချိတ်တဲ့ခရင်း၊ ဒါမှမဟုတ် စက်ဘီးထိုင်ခုံအပေါ် ပိုင်းတို့ကိုလည်း ကိုယ်စားပြုနိုင်ပါတယ်။
၅။ ကျောင်းသားတွေဟာ လက်သည်းတိုက်တံ၊ တံခါးလက်ကိုင်၊ ဒါမှမဟုတ် တယ်လီဖုန်း ဒီဇိုင်းပုံစံအသစ်တို့လည်း လုပ်ချင်လုပ်နိုင်ပါတယ်။ သူတို့ဟာ––မပြောင်းမလဲတနေရာတည်းမှာရှိဖို့ တြိဂံပုံစံ၊ လှိမ့်ဖို့ အဝိုင်းပုံစံနဲ့ ပုံဖေါ် ဖို့ ဒါမှမဟုတ် မျက်နှာပြင်အပြားတခုကို ဖုံးဖို့ လေးထောင့်အတုံးလေးတွေ–– တွေ့ ပြီးသားအသုံးဝင်တဲ့ပုံစံတွေ ဆောင်ရွက်ချက်နဲ့ ပုံသဏ္ဍာန်အကြား အဆက်အစပ်တွေတချို့လည်း စဉ်းစားမိချင် စဉ်းစားမိပါမယ်။

(page 49)

၆။ ကျောင်းသားတွေကို ပန်းပုတခု၊ ပရိဘောဂတခု၊ ဒါမှမဟုတ် လက်ဝတ်ရတနာတခုခုအတွက် ပုံကြမ်းရေးခိုင်းပါ။ တယောက်စီရဲ့အကြိုက်ကိုလိုက်ပြီး တတန်းလုံးနဲ့ဖလှယ်ဖို့ အများနဲ့မတူတဲ့တီထွင်မှုတွေရနိုင်ပါတယ်။

၇။ ပုံသဏ္ဍာန်အမျိုးမျိုးရှိတဲ့ပုလင်းတွေပြထားပြီး ကျောင်းသားတွေကို ဘယ်ပုံစံပိုကြိုက်သလဲလို့မေးပါ။ တကယ်လို့ ဒီပုလင်းတွေလုပ်နိုင်တာချင်းတူရင် ဘာလို့ပုံတွေကမတူရတာလဲဆိုတာ စဉ်းစားပါ။

၈။ ကျောင်းသားတွေကို အတွဲလိုက် သွားရှာခိုင်းပါ။ ဂျီသြမေထြီဝေါဟာရတွေပေးပြီး ဒီဝေါဟာရတွေအတွက် နမူနာတွေကို ကျောင်းမှာဒါမှမဟုတ် အိမ်မှာ ရှာခိုင်းပါ။ ဥပမာ၊ စက်ဝိုင်းပုံစံကို နာရီမျက်နှာပြင်မှာ တွေ့နိုင်ပါတယ်။

(page 51)

# အပိုင်း ၆။ စာရေးဆရာကို မေးမြန်းခြင်း

စာဖတ်နည်းတခုဖြစ်တဲ့စာရေးဆရာကို မေးခွန်းမေးခြင်းနည်း (QtA) ကို နမူနာပြဖို့ သတ္တဗေဒဖတ်စာထဲက အပိုင်းတပိုင်းကို ဖတ်မယ်ဆိုတာ ရှင်းပြပါ။ (Beck, McKeown, & Kucan, 1997) တယောက်စီဖတ်ပြီးတော့ ဆွေးနွေးပါမယ်။ အရင်က နည်းတွေတင်ပြသလိုပဲ သင်တန်းသားတွေဟာ ပထမ ဒီနည်းကိုကိုယ်တိုင်လက်တွေ့ ကြုံပြီးမှဆွေးနွေးကြပါမယ်။

## ဖတ်စာကိုတင်ပြခြင်း

ဖတ်စာရဲ့ခေါင်းစဉ်က "Leafy Sea Dragons" ဖြစ်ပြီး Paul Groves ရေးတယ်ဆိုတာပြောပြပါ။ ပြီးတော့ ဖတ်ပြမယ့်အပိုင်းက ကောက်နုတ်ချက် တစိတ်တပိုင်းဖြစ်တယ်ဆိုတာ ပြောပါ။ ဖတ်မယ့်အကြောင်းအရာဟာ ကိုယ်အရောင်ကို "ပတ်ဝန်းကျင်နဲ့ကိုက်ညီအောင်အရောင်ပြောင်းနိုင်တဲ့ကျွမ်းကျင်သူ" ပင်လယ်သတ္တဝါတွေ အကြောင်းဖြစ်ပြီး "ကြမ်းတမ်းတဲ့သားရဲတိရိစ္ဆာန်တွေ––ပြီးတော့ အထီးတွေက ကိုယ်ဝန်ဆောင်နိုင်တဲ့ ရှားပါးတဲ့အမျိုးထဲက တမျိုး " ဖြစ်ကြောင်း ရှင်းပြပါ။ (စာမျက်နှာ ၈၅) သင်တန်းသားတွေကို မိမိတို့ အတွဲတွေဘက် လှည့်ပြီး ဒီဆောင်းပါးက ဘာအကြောင်းဖြစ်မလဲဆိုတာမေးပါ။ "သတ္တဝါတွေ" ရဲ့ရုပ်သွင်၊ နေထိုင်ရာအရပ်နဲ့ စားတဲ့အစာတို့ကို နည်းနည်း ခန့်မှန်း ခိုင်းပါ။ ဒါလုပ်ဖို့ အချိန် ၂ မိနစ် ၃ မိနစ်လောက်ပေးပါ။
ဖတ်စာဝေပါ။ ဒါမှမဟုတ် သင်တန်းသားတွေကို ဒီလမ်းညွှန်စာအုပ်ထဲက သင့်တော်တဲ့စာမျက်နှာ လှန်ခိုင်းပါ။ အဖွဲ့ကို သူတို့ဟာ ဖတ်စာကို အဆင့်လိုက်ခွဲဖတ်မယ်ဆိုတာနဲ့ ဖတ်စာမှာ ရပ်မယ့်နေရာတွေကိုမှတ်ထားပြီး ရပ်ဖို့ ပြထားတဲ့နေရာရောက်တိုင်း ရပ်ရပါမယ်ဆိုတာ ရှင်းပြပါ။

အောက်ပါကို ရှင်းပါပြ။
၁။ ဖတ်စာတွေဟာ လုံးဝအမှားကင်းသူတွေမဟုတ်တဲ့လူတွေကရေးထားတာကြောင့် ချွတ်ယွင်းချက်တွေပါပါတယ်။ အကြောင်းအရာတွေ မရှင်းတာရှိချင်ရှိမယ်၊ ဒါမှမဟုတ် အရေးကြီးတဲ့အတွေးအခေါ်တွေ ချန်ထားခဲ့တာ ဒါမှမဟုတ် မပြောမိတာရှိချင်ရှိပါမယ်။ စာဖတ်သူတွေက စာရေးဆရာကို မေးခွန်းတွေမေးရပါမယ်။ ကျောင်းသားတွေကို စာရေးသူများရဲ့သင်တန်း (Calkins, 1986; Graves, 1982; Temple, nathan, Burris, & Temple, 1992)မှာ ဘာဖြစ်လဲဆိုတာသတိပေးပါ။ စာရေးသူများရဲ့သင်တန်းမှာ အတန်းဖေါ်တွေဟာ သူတို့ရေးတာတွေကို ဖလှယ်တဲ့အခါမှာ တခါတလေ သူတို့ဟာ အကြံတခု၊ အတွေ့ အကြုံတခု၊ ဒါမှမဟုတ် အတွေးအခေါ်တခုနဲ့ ပါတ်သက်ပြီး ပြည့်ပြည့်စုံစုံမပြောပါဘူး။ ဒါမှမဟုတ် တခုခုကို တိတိကျကျ မဖေါ်ပြပါဘူး။ စာရေးသူများရဲ့ သင်တန်းမှာ ရေးထားတာကို ကောင်းကောင်း ပိုနားလည် အောင်နဲ့ရေးထားတာပိုရှင်းဖို့ စာရေးဆရာကို မေးပါတယ်။ QtA တခုမှာ ကျောင်းသားတွေဟာ စာရေး ဆရာကိုမေးခွန်းမေးပေမဲ့ စာရေးဆရာကမရှိတော့ အတန်းကပဲ စာရေးဆရာကိုယ်စားဖြေရပါမယ်။
၂။ အကြောင်းအရာကို တင်ပြပါ။ စာဖတ်ဖို့ အတွက် အခြေအနေကို တည်ဆောက်ဖို့ အရေးကြီးပါတယ်။ မျှော်လင့်ခြင်းတည်ဆောက်ဖို့၊ ကျောင်းသားတွေအရင်ကသိထားတာတွေကိုလှုံ့ဆော်ဖို့နဲ့ ခန့်မှန်းချက် တွေကတဆင့် စိတ်ဝင်စားမှုဖန်တီးဖို့ အမြဲတမ်း အကြံထွက်ပေါ်စေခြင်းလေ့ကျင့်ခန်းနဲ့ စပါ။

ဖတ်စာကို ပထမရပ်ဖို့နေရာအထိဖတ်ပါ။

(page 53)

## လီးဖီးရေနဂါးတွေ (Leafy Sea Dragons)

Paul Groves

ရေဟာ ကြည်လင်၊ ငြိမ်သက်ပြီး နက်မှောင်နေပါတယ်။ တခြားရေငုပ်ဖော်တွေနဲ့ ရေခဲလိုအေးနေတဲ့ရေထဲကို လှေရဲ့ အနောက်ပိုင်းကနေခုန်ချလိုက်ချိန်မှာ ကျောချမ်းသွားပါတယ် –– အအေးကြောင့်ရော ကြီးထွားလာနေတဲ့ မျှော်လင့်ချက်ကြောင့်ရောပါ။ ကျနော်တို့ဟာ ဩစတြေးလျအနောက်တောင်ဘက်ကမ်းခြေက တောင်ပိုင်း ပင်လယ်မှာ ညဘက် ရေငုပ်ပြီး ဒဏ္ဍာရီဆန်တဲ့ သတ္တဝါတွေရှာနေတာပါ။ နဂါးတွေရှာနေတာပါ။ ––ပိုတိတိကျကျ ပြောရရင် လီးဖီးရေနဂါးတွေပါ။ ပဲ့သ်မြို့ရဲ့ ရေအောက်ကမ္ဘာက သားပေါက်ဖွားရေးအစီအစဉ်အတွက် အထီး––ကိုယ်ဝန်ရှိနေတဲ့အထီး––တကောင် ဖမ်းချင်ပါတယ်။ လီးဖီးရေနဂါး (Phycodurus eques)နဲ့ ပိုများများတွေ့ရတဲ့သူနဲ့အမျိုးတော်စပ်တဲ့ ဝီးဒီးရေနဂါး (Phyllopeteryx taeniolatus) တို့ဟာ ကမ္ဘာပေါ်က ရှိရှိသမျှရေနဂါးတွေပဲ ဖြစ်ပါတယ်။ ရေနဂါးနဲ့ ရေနရား တို့ဟာ Syngnathidae အမျိုးကလာတဲ့ငါးတွေ ဖြစ်ပါတယ်။ သူတို့ရဲ့ ကိုယ်ခန္ဓာအပြင်ပိုင်းမှာ မာကျောတဲ့အရိုးရှိပြီး တကိုယ်လုံးကို ကွင်းတွေလို ရစ်ထားပြီး ပြွန်လိုနှာခေါင်းရှည်ရှိပြီး သွားမရှိပါဘူး။ ရေနဂါးတွေဟာ အများနဲ့မတူတာက ကိုယ်မှာ သံချပ်ကာလို့အပြားတွေက ဖြာထွက်လာတဲ့ အရွက်ရှည်တွေလို ဆက်ထားတာတွေရှိပါတယ်။ သူတို့ရဲ့နာမယ်လိုပဲ လီးဖီးရေနဂါးတွေကဆက်ထားတဲ့အရာတွေက ဝီးဒီးရေနဂါးတွေရဲ့ပိုသေးပြီးရှည်တာတွေနဲ့မတူပဲ ပိုကျယ်ပြီးပြားပါတယ်။ သတ္တဝါ နှစ်မျိုးစလုံးကို တောင်ဩစတြေးလျကမ်းရိုးတန်းတလျှောက်မှာတွေ့ရပါတယ်။ ကျနော်တို့ရေငုပ်နေတဲ့ ရီချဂျေး ကျွန်းတန်းစုက ကျနော်တို့ရေငုပ်နေတဲ့နေရာက ရေနဂါးတွေကြိုက်တဲ့နေရာ ဖြစ်ပါတယ်။ ဒီကြီးမားပြီး အပင်နည်းနည်းပဲရှိတဲ့ ဂဝံကျောက်ကျွန်းတွေဟာ ထူးဆန်း အံ့ဩဖွယ် ကောင်းတဲ့ တိရိစ္ဆာန်တွေ ခိုအောင်းရာဖြစ်ပြီး တချို့ကို ကမ္ဘာရဲ့တခြား ဘယ်နေရာမှာမှ မတွေ့နိုင်ပါဘူး။ ရေလှိုင်းတွေအောက်မှာ ဒေါင်လိုက်ရှိနေတဲ့ဂဝံမျက်နှာပြင်တွေဟာ မီတာရာပေါင်းများစွာအောက်အထိ ကျနေပါတယ်။

## ပထမ ရပ်ဖို့နေရာ

ဒီနေရာမှာ အုပ်စုနဲ့ဒီဆောင်းပါးအကြောင်း စဆွေးနွေးပါ။ စာရေးဆရာနဲ့ အမေးအဖြေလုပ်တဲ့ ပုံစံရှိရပါမယ်။ အရင်က ညွှန်ပြခဲ့သလိုပဲ စာရေးဆရာက မရှိတဲ့အတွက် အတန်းဟာ စာရေးဆရာလုပ်ပြီး ဘယ်ကျောင်းသားမဆို မေးခွန်းမေးနိုင်ပါတယ်။ မေးခွန်းတချို့ နမူနာပေးရင် အထောက်အကူဖြစ်ပါတယ်၊ ဒါပေမဲ့ အခုအချိန်အထိ စာရေးဆရာကို ဘာမေးခွန်းတွေ မေးဖို့ ရှိသလဲဆိုတာလည်း စာဖတ်သူတွေကို မေးပါ။

မေးပါ – အခုအထိ စာရေးဆရာက ဘာပြောသလဲ။

စာရေးဆရာကိုကြည့်ရတာ လုပ်စရာတခုခုရှိနေသလိုပဲ။ သူဘာလုပ်နေသလဲ၊ ဘာဖြစ်လို့လုပ်နေသလဲဆိုတာ သူရှင်းရှင်းပြောထားသလား။

စာရေးဆရာက သူဘာလို့ ကိုယ်ဝန်ရှိတဲ့အထီးကို ဖမ်းချင်သလဲဆိုတာ ရှင်းရှင်းပြောထားသလား။

စာရေးဆရာက ဒီစွန့်စားမှုစတဲ့အခါ ဘယ်လိုခံစားရသလဲဆိုတာ ပြောသလား။ သူစိတ်လှုပ်ရှားတာကို နားလည်နိုင်သလား။ သူဘာလို့ဒီလိုခံစားရတယ်ထင်သလဲ။

စာရေးဆရာအတွက် တခြားမေးခွန်းတွေရှိသလား။ မရှင်းတာရှိသလား။ ချန်ခဲ့တာရှိသလား။

တခုမေးနိုင်တာက ဘာလို့ ညမှာရှာသလဲဆိုတာပါပဲ။

နောက်တခေါက်ရပ်ရမယ့်အထိ ဆက်ဖတ်ပါ။

အောက်ကို ဆက်ဆင်းလာတာနဲ့အမျှ တကောင်ကို မီတာဝက်လောက်ရှိတဲ့ boarfish တွေက အညှိုးခံထားရသလိုပုံစံနဲ့ ဖြတ်သွားပါတယ်။ ၁၅ မီတာလောက်အောက်ရောက်တဲ့အခါ (ပေ ၅၀ လောက်) ရေမှော်တွေဖုံးအုပ်ထားတဲ့ ကျောက်တုံး တတုံးဆီ ဓါတ်မီးကရောက်သွားပါတယ်။ ကျောက်တုံးပေါ်က ကယ့်လ်ပ်နဲ့ စာဂါစမ် ရေမှော်နားမှာ ရေပြင်ဘက်ကို မီးကိုပြန်လှည့်လိုက်ပါတယ်။ ဘာမှမရှိဘူး –– အားလုံးပဲတိတ်ဆိတ် ငြိမ်သက်နေတယ်။ စိတ်သက်သာရာရသွားပါတယ်။ ဒီရေပြင်မှာ ငမန်းဖြူကြီးတွေလည်း နေတတ်ပါတယ်။
ကျောက်တုံးပေါ်ကို မီးပြန်ထိုးလိုက်တာနဲ့ စောင့်နေနိုင်တဲ့အန္တရာယ်ကို မေ့သွားပြီး ရှာနေတာကိုပဲ အာရုံစိုက်လိုက် ပါတယ်။ များပြားတဲ့ပင်လယ်ထဲကသက်ရှိသတ္တဝါတွေနဲ့အာရုံထွေပြားအောင်လုပ်နိုင်တဲ့ နေ့ဘက်ထက်စာရင် ညမှာ ဓါတ်မီးရောင် ကျဉ်းကျဉ်းအောက်မှာ ရောက်နေတဲ့နေရာနဲ့ကိုက်ညီအောင် အရောင်ပြောင်းလဲနိုင်တဲ့ကျွမ်းကျင်သူများဖြစ်တဲ့ ရေနဂါးတွေကို ရှာရတာ ပိုလွယ်ပါတယ်။ မိနစ်အနည်းငယ်ကြာ ရှာပြီးတဲ့အခါ ရေနဂါးတကောင်တွေ့ပါတယ်။ ကျနော့်နှလုံးခုန်တာ ပုံမှန် ပြန်ဖြစ်သွားတာနဲ့တပြိုင်နက် ဒါဟာ ဝီဒီရေနဂါးသာဖြစ်တယ်ဆိုတာ တအံ့တဩသိလိုက်ရပါတယ်။
အမှောင်ထဲမှာ ၁၅ ဒီဂရီစင်တီဂရိတ် (၅၉ ဒီဂရီဖာရင်ဟိုက်)မှာ တနာရီလောက် ရေအောက်မှာရှိပြီးတဲ့အခါ ခြေတွေလက်တွေ ထုံလာပြီး လက်မြှောက်အရှုံးပေးဖို့အဆင်သင့်ရှိနေပါပြီ။ အပေါ်မှာရေနွေးနဲ့ကောင်းကောင်း ရေချိုးဖို့မပြန်ခင် အရှေ့မှာရှိတဲ့ ကျောက်တုံးကိုနောက်ဆုံးတချက် ကြည့်ဖို့ ဆုံးဖြတ်လိုက်ပါတယ်။ ကျောက်တုံးပေါ် ရွေ့သွားနေတုန်း ရုတ်တရက် ကျနော် တွေ့ဖို့လာတာနဲ့တွေ့လိုက်ရပါတယ်။ – ဥတွေအများကြီးရှိတဲ့ အကြမ်းအားဖြင့် ထမင်းစားပန်းကန်ပြား လောက်ရှိတဲ့ လီးဖီး ရေနဂါးအထီးတကောင်ပါပဲ။

## ဒုတိယ ရပ်ရန်နေရာ

အဖွဲ့တွေကို စာရေးဆရာကိုမေးစရာမေးခွန်းတွေရှိသလား၊ ဒါမှမဟုတ် မရှင်းတာ၊ မပြည့်စုံတာ ရှိသလားဆိုတာ မေးပြီး စုံစမ်းမှုကို စပါ။ မေးခွန်းနမူနာတွေကိုဆက်ပေးရင် အထောက်အကူဖြစ်ပါတယ်။ သင်တန်းသားတွေကို အောက်ပါမေးခွန်းတွေ စဉ်းစားဖို့နဲ့ တုန့်ပြန်ဖို့ အချိန်ပေးပြီး တခြားမေးစရာတွေလည်းမေးစေပါ။

စာရေးဆရာဟာ ကျနော်တို့ ဩစတြေးလျရဲ့ပထဝီ ကောင်းကောင်းသိတယ်လို့ ယူဆပုံရပါတယ်။ ကျနော်မသိပါဘူး။ ဒါကြောင့် ရီချ်ချေရဲ့ ကျွန်းတန်းစု ဘယ်မှာရှိသလဲ။

စာရေးဆရာကို ငမန်းဖြူကြီးတွေက စားနိုင်တယ်ဆိုတာ အခုသိလိုက်ရလို့ သူ ဘယ်မှာလဲဆိုတာ သိချင်ပါတယ်။

စာရေးဆရာက နေ့ထက်စာရင် ညမှာသူ့ဓါတ်မီးနဲ့ရှာတာပိုလွယ်တယ်လို့ပြောတာ ဘာကိုဆိုလိုတာလဲ။ သူပြောတာ နားလည်ရဲ့လား။

တတိယအကြိမ်ရပ်ရမယ့်နေရာအထိဖတ်ပါ။

ရေနဂါးတွေနဲ့ သူတို့ရဲ့ ***Syngnathidae*** အမျိုးဝင်တွေဟာ ငါးလောကမှာ အများနဲ့မတူပါဘူး။ အထီးတွေက သူတို့ ကိုယ်ခန္ဓာ အပြင်ဘက်မှာ ဥတွေသယ်ပြီး သားဖေါက်ပါတယ်။ ကျနော်တွေ့တဲ့အထီးပေါ်ကဥတွေက ရင့်နေပြီး ၃ပတ်သားလောက်ရှိပြီး သူ့အမြီးရဲ့အတွင်းဘက်အပိုင်းက ခွက်တွေလိုဖြစ်နေတဲ့ ချိုင့်တွေထဲမှာ ခိုင်ခိုင်မာမာ တွယ်နေပြီး ရေမှော်တွေနဲ့ ဖုံးနေပါတယ်။ ဒီလိုသားဖွားခြင်းဟာ သားကောင်တွေဆီက ဥတွေကို ဝှက်ထားဖို့ ပြောင်းလဲလာတဲ့ပြုအမူဖြစ်တယ်လို့ သိပ္ပံပညာရှင်တွေက ယူဆပါတယ်။

ကံကောင်းစွာပဲ ဒီရေနဂါးအထီးတွေဟာ ၅ မီတာလောက်ရှိတဲ့ရေတိမ်ထဲမှာ ရှိနေပါတယ်။ တကယ်လို့ ပိုနက်တဲ့နေရာမှာ ရှိမယ်ဆိုရင် သူ့ကို ရေမျက်နှာပြင်ပေါ် တဖြည်းဖြည်းခေါ်လာရမှာဖြစ်ပြီး သတ္တဝါကို ပိုနည်းလာတဲ့ဖိအားအလိုက် လိုက်လျောညီထွေအောင် ပြောင်းနိုင်ဖို့ အချိန်ပေးရပါမယ်။ ဒီလိုလုပ်တာက ရေနဂါးအပေါ် ဖိအားများလွန်းလို့ ဥတွေဆုံးရှုံးနိုင်ပါတယ်။

ရေနဂါးဟာ ကုန်းပေါ်လုံလုံခြုံခြုံရောက်လာပြီးတော့ ကျနော်တို့ဟာ အိမ်အမြန်ပြန်ကြပါတယ်။ အထူးဌားထားတဲ့ လေယာဉ်ပျံနဲ့ ၂နာရီလောက်ကြာပြီးတဲ့အခါ ပဲ့သ်မြို့မှာရှိတဲ့ ရေအောက်ကမ္ဘာက တိရိစ္ဆာန် ထိန်းသိမ်းရေး နေရာဖြစ်တဲ့ ဩစတြေးလျနိုင်ငံရဲ့ ဒီလို အံ့ဩစရာကောင်းတဲ့ တိရိစ္ဆာန်တွေပြထားတဲ့တခုတည်းသော ငါးပြတိုက်ကို ရောက်လာပါတယ်။ ဒီမှာ ရေနဂါးကို ဖိအားမပေး စေဖို့ ခါတိုင်းလုပ်ရတဲ့ကြိုတင်ကာကွယ်မှုတွေ လုပ်ရပါတယ်။ ရုတ်တရက်အလင်းရောင်ပြောင်းရင်တောင် လီးဖီးတကောင်အတွက် သေစေနိုင်ပါတယ်။ တရက်ကြာပြီးတဲ့အခါ မိုင်းစစ်ပုဇွန်တချို့ကို အဲဒီကန်ထဲထည့်လိုက်ပါတယ်။ တကောင်စီဟာ အလျား မီလီမီတာ အနည်း ငယ်ပဲရှိပြီး ရေနဂါးက ချက်ချင်းပဲစစားပါတယ်။ ရေနဂါးတွေက မြောနေတဲ့ကျောက်ပွင့်ပုံစံ အတုခိုးပါတယ်။ ဒီလိုမှ မိုင်းစစ်ပုဇွန် သားကောင်ကို တိုက်ခိုက်နိုင်မှာကိုး။ သူတို့နှာခေါင်းရဲ့အောက်ပိုင်းက အဆက်ကိုအမြန်ဖြုပလိုက်ပြီး စုတ်အားတခုလုပ်လိုက်ပြီး ပုဇွန်ကို စုပ်ယူလိုက်ပါတယ်။

ငါးပြတိုက်မှာ တပတ်ကြာပြီးတဲ့အခါ ဖမ်းမိထားတဲ့အထီးရဲ့အမြီးက ရေမှော်တွေဖုံးနေတဲ့ဥတွေက စပြီး သားပေါက်လာပါတယ်။ ပထမအနေနဲ့ ဥကနေ တွန့်လိမ်ကောက်ကွေးလှုပ်နေတဲ့ အမြီးငယ်လေးထွက်လာပါတယ်။ တကြိမ်နှစ်ကြိမ်လောက် နောက်ထပ် တွန့်ပြီးတဲ့အခါ ကျနော်တို့ရဲ့ ပထမဆုံး ရေနဂါးကလေးလေး ပေါ်လာပါတယ်-- သူ့မိဘရဲ့ ပုံတူကလေးပါပဲ။ မွေးတဲ့အချိန်မှာ လီးဖီး ရေနဂါးတွေဟာ မီလီမီတာ ၂၀ (၀.၈ လက်မလောက်) ရှည်ပါတယ်။ ကြီးလာတဲ့အခါမှာတော့ ၁၂လနဲ့၁၈လကြားမှာ စင်တီမီတာ ၅၀ (လက်မ၂၀နီးပါး) ရှည်နိုင်ပါတယ်။ ဥပေါင်း ၂၁၀ ပေါက်ဖို့ရာ ၁၀ရက်ကြာပါတယ်။ သဘာဝမှာဆို ဒီလိုဖြစ်တာကြောင့် ရေနဂါး အသစ်ကလေးတွေ နေရာ ကျယ်ကျယ်ပြန့်ပြန့်ကို ရောက်နိုင်ပါတယ်။ သူတို့ အစာတွေနိုင်မှုပိုများလာပြီး သူတို့ရဲ့မောင်နှမတွေနဲ့ အစာမလုရပါဘူး။

## တတိယ ရပ်ဖို့ နေရာ

ဒီမှာလည်း စာရေးဆရာအတွက်မေးစရာမေးခွန်းတွေရှိသလားလို့မေးပါ။

စာရေးဆရာက ရေနဂါးဟာ ဖိအားလျော့နည်းမှုအတွက် ဘာလို့ဒီလောက်အခက်အခဲရှိနေတာလဲဆိုတာ ရှင်းပြသလား။

စာရေးဆရာက ဖိအားလျော့နည်းလာခြင်း အကြောင်းအလုံအလောက်ပြောရဲ့လား၊ ဒါမှမဟုတ် သူက သူများတွေသိတယ်လို့ သိပ်ယူဆနေသလား။

စာရေးဆရာက ဒို့တွေ ရေအောက်ကသက်ရှိတွေအကြောင်း တခုခုသိတယ်လို့ ယူဆနေသလား။

စာရေးဆရာက ဥတွေ ၁၀ရက်ကြာအောင်ပေါက်တယ်ဆိုတာကို ပြည့်ပြည့်စုံစုံ ရှင်းပြရဲ့လား။ သားကောင်တွေရန်ကကာကွယ်ဖို့ ဆိုတဲ့ ရှင်းပြချက်နောက်တခုကော မရှိနိုင်ဘူးလား။

(page 56)

အုပ်စုဟာ မေးခွန်းတွေကိုရဲ့အဖြေတွေကို ကြိုးစားဖြေ၊ ဒါမှမဟုတ် ခန့်မှန်း၊ ဒါမှမဟုတ် ဖတ်စာထဲမှာ စာရေးဆရာက ဒီမေးခွန်းကို ဖြေခဲ့တဲ့ နေရာကို ရှာရပါမယ်။ ပြီးရင် ဖတ်စာအဆုံးအထိဖတ်ပါ။

ကံမကောင်းစွာပဲ သားပေါက်အသစ်ကလေး ၁၀ ကောင်ကို ကန်ထဲက ရေစစ်ထဲမှာ ဆုံးရှုံးသွားခဲ့ပါတယ်။ ဒါပေမဲ့ ကျန်တာတွေ အားလုံး အသက်ရှင်ပြီး သူတို့အိမ်အသစ်မှာ အသက်ရှင်ကြီးထွားနေပုံရပါတယ်။ အပတ် အနည်းငယ်ကြာတဲ့အခါမှာတော့ ရေနဂါး အကောင် ၂၀၀ လုံးဆက်ကျွေးဖို့ မိုင်းစစ်တွေ အလုံအလောက် မပေးနိုင်ကြောင်းတွေ့လာရတယ်။ ဒါကြောင့် အကောင် အများစုကို သူတို့အဖေကို တွေ့တဲ့နေရာကို ပြန်ပို့ဖို့ စီစဉ်လိုက်ပါတယ်။ ဒီရေနဂါးတွေအများစုအတွက် သဘာဝမှာ အသက်ရှင်နိုင်ဖို့ အလား အလာ ပိုကောင်းပါတယ်။ ရေနဂါးတကောင်အတွက် ပထမအပတ်အနည်းက အသက်ရှင်ဖို့ အထူးအန္တရာယ် ရှိပါတယ်။ ရေနဂါးငယ် လေးတွေဟာ တခြားငါးတွေရဲ့သားကောင်ဖြစ်နေလို့ပါပဲ။ ကျနော်တို့ရဲ့ရေနဂါးကလေးလေးတွေက သူတို့မွေးစကထက်စာရင် ပိုကြီးပြီး ပိုသန်မာပါတယ်။ အခု သူတို့အတွက် အကြီးမားဆုံးအန္တရာယ်က မုန်တိုင်းဒဏ်ကြောင့် ကမ်းတင်သွားနိုင်တာပါပဲ။ သာမန်အားဖြင့် လီးဖီးရေနဂါးတွေဟာ ၅ နှစ်က ၇ နှစ်အထိလောက် အသက်ရှင်ပါတယ်။
ရေအောက်ကမ္ဘာက သားဖေါက်ခြင်းအစီအစဉ်ရဲ့ ရည်မှန်းချက်ကတော့ သဘာဝကမဖမ်းဆီးပဲ လီးဖီးအကောင်ရေတွေကို ကိုယ့်ဟာ ကိုယ်ထိန်းထားဖို့ပါပဲ။ ဖြစ်နိုင်တဲ့အခါတွေမှာ ဖမ်းထားတဲ့နေရာက ပေါက်လာတဲ့သားကောင်ငယ်တွေကို သဘာကို ပြန်ပို့ဖို့ စီစဉ်ထား ပါတယ်။ (ယနေ့ထိ ဒီလို ၂ ခါ လုပ်နိုင်ခဲ့ပါပြီ။) ပြီးတော့ ဒီလိုပြီး ထူးခြားတဲ့ သတ္တဝါတွေအကြောင်းလည်း ပိုသိလိုတာပေ့ါ။ ဥပမာ၊ သူ တို့ရဲ့ သားပေါက်ဖွားပုံနဲ့ သူတို့ရဲ့ ယေဘုယျ ဇီဝကမ္မလုပ်ငန်းတွေပါ။ တကယ်လို့ သဘာဝမှာရှိတဲ့ ရေနဂါးအရိုင်းတွေ စလျော့နည်းလာ ရင် ကျနော်တို့အနေနဲ့ အဲဒီနေရာမှာ အကောင်ရေပြန်များလာအောင် လုပ်ပေးချင်လုပ်ပေးနိုင်ပါလိမ့်မယ်။
ပဲ့သ်မြို့ ရေအောက်ကမ္ဘာက ကျနော်တို့ကို အနောက်သြစတြေးလျရဲ့ ရေနဂါးရှာတဲ့ ဌာနခွဲဖွဲ့ဖို့ ကူညီပါတယ်။ ဒါက အစိုးရဌာနတွေ အများကြီးနဲ့ သြစတြေးလျမှာရှိတဲ့ လူမှုအဖွဲ့အစည်းတွေကပူးပေါင်းထားတဲ့ တွဲဖက်အစီအစဉ် တရပ်ဖြစ်ပါတယ်။ အစမှာ ရေနဂါး ရှာတဲ့ဌာနရဲ့ရည်ရွယ်ချက်က သဘာဝမှာရှိတဲ့ ရေနဂါးအကောင်အရေကို ကြီးကြပ်စောင့်ကြည့်ဖို့ပါပဲ။ ဒါပေမဲ့ အခုတော့ ရေနဂါးတွေနဲ့ ရေနရား တွေကိုလည်း ကြီးကြပ်စောင့်ကြည့်ပါတယ်။ ထိန်းသိမ်းရေးကြိုးပမ်းမှုရဲ့တစိတ်တဒေသအဖြစ် ရေငုပ်သမားတွေ၊ တံငါသည် တွေနဲ့ ကမ်းပေါ်မှာတင်လာတဲ့ သတ္တဝါတွေရှာတဲ့သူတွေရဲ့ မှတ်တမ်းတွေကို စုပြီး –– သူတို့ ဘယ်မှာနေသလဲ၊ အကောင်အရေ အတွက် ဘယ်လောက်ရှိသလဲဆိုတာ–– ဒီတိရိစ္ဆာန်တွေအကြောင်း ပို သိဖို့ မျှော်လင့်ပါတယ်။ ဒီအံ့သြစရာကောင်းတဲ့ တိရိစ္ဆာန်တွေ အကြောင်း သင်ယူစရာတွေအများကြီးရှိသေးပြီး ကျနော်တို့ဟာ အခု စပဲစရပါသေးတယ်။

## ရပ်ပါ

အခုလည်း စာရေးဆရာအတွက် မေးစရာမေးခွန်းတွေရှိလားလို့ မေးပါ။ ဥပမာ–

ဒီအပိုင်းမှာ စာရေးဆရာက ကျနော်တို့ကို ဘာပြောချင်နေတာလဲ။

စာရေးဆရာက သူရေးနေတာကို ဒီလို ဘာလို့ အဆုံးသတ်လိုက်တယ်ထင်သလဲ။

ကျနော်တို့ကို ဘာစဉ်းစားပြီး နားလည်စေချင်သလဲ။

ဒီအကြောင်းနဲ့ ပါတ်သက်ပြီး တခြားဖတ်စရာ –

Dragons of the deep, Paul Zahl, *National Geographic*, 153 (6), 838-845, June 1978.

## **QtA** နဲ့ဒီသင်ခန်းစာကို သုံးသပ်ခြင်း

အခုဒီသင်ခန်းစာက ဖြစ်ခဲ့တဲ့အပိုင်းတွေကို ပြန်ကြည့်ပါ။ ပထမ ဘာဖြစ်သလဲ။ သင်ခန်းစာ ဘယ်လိုဆက်သွားသလဲ။ အုပ်စုကို ဖတ်စာဖတ်နေတုန်းကနဲ့ဆွေးနွေးတုန်းက သူတို့ရဲ့အတွေ့အကြုံကို ပြောပြခိုင်းပါ။ တကယ်လို့ အုပ်စုက မလုပ်ဘူးဆိုရင် ဒီစူးစမ်းလေ့လာမှုတည်ဆောက်ပုံဟာ အာရ်ဒဘယ်လ်ယူစီတီရဲ့ စဉ်းစားခြင်းနဲ့ သင်ယူခြင်းဘောင်နဲ့ ဘယ်လိုဆက်စပ်နေသလဲဆိုတာ ပြောပါ။ အဆင့်သုံးဆင့်ဟာ ထင်ရှားပါတယ်။ ခေါင်းစဉ်က ရလာတဲ့ အကြံထွက်ပေါ်စေခြင်းလေ့ကျင့်ခန်းနဲ့ အကြောင်းအရာနဲ့ပါတ်သက်တဲ့ အကျဉ်းချုပ်ထွက်ဆိုချက်တို့နဲ့ ဖတ်စာကို စဆွေးနွေးပါတယ်။ လမ်းညွှန်မှုပါတဲ့စာဖတ်နည်းစဉ်နဲ့ အဓိပ္ပါယ်ဖေါ်ဆောင်ခြင်း လုပ်ပါတယ်။ ပြန်လည်စဉ်းစားခြင်းကိုတော့ စာရေးဆရာကို မေးခွန်းတွေမေးခြင်းနဲ့ တခြားပိုလေ့လာဖို့ ဖတ်စရာစာရင်းပေးပြီးလုပ်ပါတယ်။ အုပ်စုကို မိမိတို့ရဲ့ အတွေ့အကြုံ မိမိတို့စာဖတ်ခြင်းတို့နဲ့ သင်ခန်းစာကို တုန့်ပြန်ခိုင်းပြီး ဆွေးနွေးပွဲဆက်လုပ်ပါ။

## **QtA** အရင်းမြစ်နဲ့ နောက်ခံအကြောင်းတရား

Isabel Beck နဲ့ သူ့လုပ်ဖေါ်ကိုင်ဘက်တွေက ဆယ်နှစ်သုတေသနလုပ်ပြီးတဲ့အခါ ဘာသာရပ်ဆိုင်ရာ ဖတ်စာတွေက ကျောင်းသားတွေကို သူတို့ဘာသာရပ်တွေနားလည်ဖို့ ကူညီဖို့ ရည်ရွယ်ချက် အထမြောက်အောင် မလုပ်နိုင်ဘူးလို့ ကောက်ချက်ချပါတယ်။ တခါတလေ တင်ပြမှုတွေဟာ မရှင်းလင်းပါဘူး။ တခါတလေ ဥပမာ လုံလုံလောက်လောက်မပေးဘူး။ ပြီးတော့ တခါတလေ ကျောင်းသားတွေဟာ အကြောင်းအရာနဲ့ပါတ်သက်ပြီး နောက်ခံအသိမရှိပေမဲ့ သိတယ်လို့ ယူဆတတ်ပါတယ်။ ပိုပြီးဖြစ်တတ်တာကတော့ ကျောင်းသားတွေဟာ မိမိတို့ အဲဒီအကြောင်းမသိတာက မိမိတို့အပြစ်ကြောင့်လို့ ထင်ပါတယ်။ Beck, McKeown, Hamilton, & Kucan (1997) တို့က ဆွေးနွေးပွဲ နည်းစဉ်တခု ဖေါ်ဆောင်ခဲ့ပါတယ်။ အဲဒီနည်းအရ ပထမ ကျောင်းသားတွေကို မသိတာတွေနဲ့ ဖတ်စာနဲ့ပါတ်သက်ပြီး ယေဘုယျ ရှင်းဖို့လိုတာတွေကို သတိပြုမိစေပါတယ်။ ပြီးတော့ ဒုတိယအနေနဲ့ ဖတ်စာကို ပိုနားလည်ဖို့ မေးခွန်းတွေမေးစေပါတယ်။

စာရေးဆရာကိုမေးခြင်းဟာ အရင်ကဖေါ်ပြခဲ့တဲ့ တခြားစာဖတ်နည်းတွေနဲ့လည်းတူပါတယ်။ အများနဲ့မတူတဲ့ အချက်ကတော့ စာဖတ်သူကို ဖတ်နေတုန်း စာရေးဆရာကို စဉ်းစားစေတာပါပဲ။ ရည်ရွယ်ချက်က စာဖတ်သူကို စာရေးသူနဲ့ ဆွေးနွေးမှု ၂ မျိုးလုပ်နေစေဖို့ပါ။ တခုက တကယ်ဖတ်နေတာပါ။ QtA ကစာဖတ်သူတွေကို စာဖတ်နည်းစဉ်ကို စာရေးဆရာတဦး ဒါမှမဟုတ် အများနဲ့ စကားပြောနေတာလို့ မြင်စေပါတယ်။ စာရေးဆရာနဲ့ စကားပြောပုံ ဒုတိယပုံစံတမျိုးဖြစ်တဲ့ နောက်ဆက်တွဲ ဆွေးနွေးပွဲက စာဖတ်တုန်းကစခဲ့တဲ့ဆွေးနွေးပွဲကို ဆက်ပြောတာပဲဖြစ်ပါတယ်။ စာဖတ်သူတွေကို စာရေးသူနဲ့ ဆက်သွယ်ပေးလို့ ရလဒ်အမျိုးမျိုး ရနိုင်ပါတယ်။ ပထမအနေနဲ့ စာဖတ်တာဟာ လူမှုလုပ်ရပ်တခုဆိုတာ ထင်ရှားလာပါတယ်။ စာဖတ်သူနဲ့ စာရေးသူကို ဖတ်စာအားဖြင့် ဆက်သွယ်ပေးပါတယ်။ ဒုတိယအနေနဲ့ လူမှုရေးဖြစ်လို့ စာဖတ်တာဟာ ကိုယ်ရေးကိုယ်တာ ပိုဆန်လာပါတယ်။ စာဖတ်သူကို ဆွေးနွေးပွဲမှာ ပါဝင်သူတယောက်အနေနဲ့ စကားပြောရာမှာ ပါဝင်စေပါတယ်။

တတိယအနေနဲ့ စာဖတ်သူဟာ စကားပြောတဲ့အထဲမှာပါလို့ ဘေးကကြည့်နေသူတယောက်အနေနဲ့ပဲ နေလို့ မရတော့ပဲ သက်ဝင်နေတဲ့လုပ်ရပ်မှာ တက်တက်ကြွကြွပါဝင်ရပါတော့တယ်။ စတုတ္ထအနေနဲ့ စာဖတ်သူဟာ စာဖတ်ခြင်းနဲ့ စာရေးခြင်းတို့အကြား ပိုခိုင်မာတဲ့အဆက်အစပ်တွေလုပ်ပြီး သင်ယူဖို့အတွက် ဒီကရိယာနှစ်ခုလုံးကို သုံးရာမှာ ပါဝင်တဲ့နည်းစဉ်တွေကို နားလည်လာပါတယ်။ နောက်ဆုံးမှာ စာဖတ်အတွေ့အကြုံက အသက်ဝင်လာတာနဲ့အမျှ အကြောင်းအရာက အသက်ဝင်လာပါတယ်။ ဒါကြောင့် ဖတ်စာကို မှတ်မိယုံမက ပြောချင်တာတွေကိုလည်း တကယ်နားလည်လာပါတယ်။

## QtA က ဆရာရဲ့ အခန်းကဏ္ဍ

Beck, McKeown, and Gromoll (1989) တို့ရဲ့ အစောပိုင်းက သုတေသနအရ ဆရာတွေခိုင်းတဲ့ လေ့ကျင့်ခန်းတွေနဲ့ မေးတဲ့မေးခွန်းတွေဟာ ကျောင်းသားတွေက နားလည်ဖို့ အသိဉာဏ်လှုပ်ရှားမှု ဘယ်လိုလုပ်တယ်ဆိုတဲ့ အပေါ် အများကြီးလွှမ်းမိုးတယ်လို့ ဆိုခဲ့ပါတယ်။ ဒီလွှမ်းမိုးမှုက ကျောင်းသားတွေကို ကောင်းတဲ့ဦးတည်ချက်တွေ ဒါမှမဟုတ် ပါဝင်မှုနဲ့ထိရောက်မှုမရှိတဲ့ လုပ်ရပ်တွေကို လမ်းညွှန်နိုင်ပါတယ်။
QtA မှာ ဆရာက နားလည်တယ်ဆိုတာဘာလဲနဲ့ ဒါကို ဘယ်လိုချဉ်းကပ်ရမလဲဆိုတာ သိပါတယ်။ နားလည်ဖို့ ကျောင်းသားတွေဟာ လှုပ်ရှားရမယ်ဆိုတာ ဆရာက နားလည်ပြီး ကျောင်းသားတွေ စဉ်းစားစေဖို့ နဲ့ အဓိပ္ပါယ်တည်ဆောက်ဖို့ ဆွေးနွေးပွဲတွေ လုပ်ပါတယ်။ ဆရာဟာ အရေးကြီးတဲ့အကြံတွေနဲ့ အသေးစိတ်တွေ အကြား ကွာခြားချက်ကိုနားလည်ပါတယ်။ ဒါကြောင့် McKeown, Beck, and Sandora တို့ရဲ့စကားအရ ဆရာတွေဟာ

ဖတ်စာက အချက်အလက်တွေကိုရှာတာထက်စာရင် အဓိပ္ပါယ်ကိုအလေးအနက်ထားတဲ့ မေးခွန်းတွေ မေးပါတယ်။ ဥပမာ "တိုနီသူ့ညီကို ဘာမေးသလဲ" လို့မေးမယ့်အစား "သူ့ညီကို သူဒီလိုပြောတုန်းက ဘာကိုဆိုလိုသလဲ" လို့မေးတာ။ (၁၉၉၆၊ စာမျက်နှာ ၁၁၄)

## QtA သင်ခန်းစာအတွက်ပြင်ဆင်ခြင်း

QtA အတွက်ပြင်ဆင်ဖို့ ဆရာဟာ မိနစ် ၂၀ က ၃၀ အထိ မေးနိုင်ဖို့ ဖတ်စာရွေးရပါမယ်။ ပြီးရင် ဆရာက

၁။ စာကိုကြိုဖတ်ထားပြီး ရောနိုင်မယ့်နေရာတွေနဲ့ ဒီစာကနေ ကျောင်းသားတွေ အဓိက နားလည်ရမယ့် နေရာတွေကို ရှာထားရပါမယ်။
၂။ စာပိုဒ်က အရေးကြီးတဲ့ အတွေးအခေါ်တွေနဲ့ ကောက်ယူချက်တွေကိုနားလည်ဖို့အတွက် အကြောင်းအရာနဲ့ သင့်တော်တဲ့နေရာတွေမှာ ရပ်ဖို့ စီစဉ်ပါ။
၃။ ရပ်တဲ့နေရာတိုင်းမှာ ကျောင်းသားတွေဟာ တယောက်နဲ့တယောက် စမပြောရင် မေးဖို့ စူးစူးစမ်းစမ်း မေးခွန်းတွေ လုပ်ပါ။

(page 59)

## QtA အတွက် နမူနာ မေးခွန်းတွေ

မေးခွန်းတွေ စမေးခြင်း –

ဒီနေရာမှာ စာရေးသူက ဘာကို ပြောချင်တာလဲ။

စာရေးဆရာရဲ့ အဓိကပြောချင်တဲ့အချက်က ဘာလဲ။

စာရေးဆရာက ဘာအကြောင်းပြောနေတာလဲ။

နောက်ဆက်တွဲမေးခွန်းတွေ

ဒီနေရာမှာ စာရေးဆရာက ဘာဆိုလိုတာလဲ။

ဒါကိုစာရေးဆရာက ရှင်းရှင်းပြောပြသလား။

စာရေးဆရာအရင်ကပြောထားချက်အရဆိုရင် ဒါကအဓိပ္ပါယ်ရှိသလား။

ဒါက စာရေးဆရာဒီမှာပြောထားတာနဲ့ ဘယ်လိုဆက်စပ်သလဲ။

ဒါပေမဲ့ စာရေးဆရာက ဘာလို့လဲဆိုတာ ပြောထားသလား။

စာရေးဆရာကအခုမှ ဘာလို့ပြောတယ်ထင်သလဲ။

ဇာတ်လမ်းပြောစေတဲ့မေးခွန်းတွေ

အခု ဇာတ်ကောင်အတွက် အခြေအနေဘယ်လိုနေတယ် ထင်သလဲ။

တခုခုပြောင်းလဲသွားပြီဆိုတာ စာရေးဆရာက ဘယ်လိုအသိပေးသလဲ။

ဒီနေရာမှာ စာရေးဆရာက ဘယ်လို စီစဉ်သလဲ။

ဒီဇာတ်ကောင်နဲ့ပါတ်သက်ပြီး စာရေးဆရာကပြောပြထားချက်အရ (ဒီဇာတ်ကောင်) ဘာလုပ်နေတယ် ထင်သလဲ။ (Beck et al., 1997)

## စာပေအသိုင်းအဝိုင်းတွေ

စာပေအသိုင်းအဝိုင်းတွေ (Short & Kaufman, 1995)၊ မြင့်မားတဲ့စကားဝိုင်းတွေ (Eeds & Wells, 1989)နဲ့ စာအုပ်အသင်းတွေ (Raphael, Goatley, McMahon, & Woodman, 1995) ဟာ ဖတ်စာနဲ့ပါတ်သက်ပြီး ကျောင်းသားတွေရဲ့ သိလိုစိတ်တွေကို ပြနိုင်တဲ့ စာပေဆွေးနွေးပွဲတွေအတွက် အခေါ်အဝေါ်တွေပဲဖြစ်ပါတယ်။ သာမန်အားဖြင့် ဒီဆွေးနွေးပွဲတွေကကျောင်းသားတွေဟာ စာတမျိုးထဲဖတ်ပြီး၊ ဒီစာဟာ ဖတ်ပြီးသား ဒါမှမဟုတ် ကြားဖူးပြီးသား ဖတ်စာတိုဖြစ်ချင်ဖြစ်မယ်၊ ဒါမှမဟုတ် ဒါဟာ ကျောင်းသားတွေ ဖတ်နေတုန်း ဆွေးနွေးတဲ့ ပိုရှည်တဲ့အရေးအသားတခု ဖြစ်ချင်ဖြစ်ပါမယ်။ စာပေအသိုင်းအဝိုင်းအတွက်ရွေးတဲ့စာတွေဟာ အရေးကြီးပါတယ်။ ဘာလို့လဲဆိုတော့ အရေးအသားတိုင်းက စိတ်ဝင်စားတဲ့တုန့်ပြန်မှုတွေ ပေးရာမှာ တူညီတဲ့အတိုင်းအတာနဲ့

အောင်မြင်မှုမရှိပါဘူး။ အောင်မြင်တာတွေကလည်း မကြာခဏဆိုသလို တခုထက်ပိုပြီးအနက်ကောက်ဖို့နဲ့ ကျောင်းသားတွေအတွက် အရေးကြီးတဲ့ အရာတွေနဲ့ဆက်စပ်မှုတွေအတွက် အခြေခံပဟေဠိဒါမှမဟုတ် အရာတခု ပါနေတတ်ပါတယ်။
ဒီဆွေးနွေးပွဲအုပ်စုတွေကို အစမှာ ကျောင်းသားတွေအနေနဲ့ ရင်းနှီးသွားပြီး သက်တောင့်သက်သာရှိတဲ့အထိ တတန်းလုံးနဲ့လုပ်နိုင်ပါတယ်။ ပြီးရင် သူတို့ကို ကျောင်းသား လေးယောက် ငါးယောက်ပါတဲ့ အုပ်စုငယ်တွေနဲ့ တပြိုင်နက် လုပ်နိုင်ပါတယ်။ စာပေဝိုင်းတွေကို တပတ်ကို ခဏခဏ ဒါမှမဟုတ် အကြိမ်ပိုနည်းနည်း လုပ်နိုင်ပါတယ်။ နှစ်စောပိုင်းမှာ မိနစ် ၂၀ ထက်ပိုမကြာပေမဲ့ ကျောင်းသားတွေဟာ အတွေ့အကြုံရှိလာပြီး စာပေအကြောင်း ပြောရာမှာ မိမိကိုယ်ကိုယ် စိတ်ချမှုရှိလာတာနဲ့အမျှ မိနစ် ၄၀ အထိကြာပါတယ်။ ဒါဟာ စာဖတ်ဖို့ ကြာတဲ့ အချိန်ကို ထည့်မတွက်ထားပါဘူး။ စာပေဝိုင်းတွေမှာ လူတိုင်း လွတ်လွတ်လပ် ဝေဖန်ချက်တွေပေးနိုင်ပြီး မေးခွန်းတွေ မေးနိုင်ပါတယ်။ ကျောင်းသားတွေဟာ မိမိတို့ရဲ့ ဝေဖန်ချက်တွေနဲ့ မေးခွန်းတွေကို တခြားကျောင်းသားတွေကို ပြောရပြီး ဆရာကို မပြောရပါဘူး။
စာပေဝိုင်းတွေဟာ စနစ်တကျလုပ်ထားတဲ့ ဆွေးနွေးပွဲအုပ်စုတွေပါ။ တည်ဆောက်ထားပုံက ဆွေးနွေးပွဲမှာ အုပ်စုအဖွဲ့ဝင်တွေလုပ်တဲ့ ကဏ္ဍအမျိုးမျိုးက ပေါ်လာတာပါ။ စာပေဝိုင်းက ဆရာရဲ့ ကဏ္ဍက စိတ်ဝင်တစားရှိတဲ့ ပါဝင်သူ တယောက်အနေနဲ့ပါပဲ။ ကျောင်းသားတွေရဲ့ ကဏ္ဍကတော့ အမျိုးမျိုးရှိပြီး ဆွေးနွေးပွဲဝိုင်းတခုစီကို လိုက်ပြီး ပြောင်းနိုင်ပါတယ်။ တချို့အခန်းကဏ္ဍတွေကို အောက်မှာဖေါ်ပြထားပါတယ်။ ဆရာတွေရဲ့ ကဏ္ဍလေးခုကိုတော့ Martinez (Temple, Martinez, Yokota, & Naylor, 1998) ကပြောထားပါတယ်။

## ဆရာတွေရဲ့ အခန်းကဏ္ဍတွေ

၁။ *ဆရာဟာ နမူနာဖြစ်ပါတယ်*။ ဆရာဟာ ဆွေးနွေးပွဲရှေ့ဆက်သွားနေဖို့ မိမိမေးခွန်တွေ ဒါမှမဟုတ် တုန့်ပြန်ချက်တွေ ပေးနိုင်ပါတယ်။ ဆရာဟာ ပို့ချသူမဟုတ်ပဲ အတွင်းကျနားလည်မှုရှာနေသူအနေနဲ့ စကားပြောရာမှာ သတိထားရပါတယ်။ ဆရာက " ----အကြောင်း စဉ်းစားမိသား။" လို့ ပြောပြီး စနိုင်ပါတယ်။

၂။ *စာပေဝိုင်းမှာ ကျောင်းသားတွေ အခန်းကဏ္ဍအသစ်တွေသင်ယူဖို့ ဆရာက ကူညီပါတယ်*။ ကျောင်းသားတွေအားလုံးဟာ စကားပြောတတ်ပေမယ့် အတန်းထဲကစကားပြောပွဲမှာ ဘယ်လို ပါဝင်ရမယ်ဆိုတာ သတိပေးဖို့လိုပါလိမ့်မယ်။ စည်းကမ်းတွေထဲမှာ အောက်ပါတို့ ပါနိုင်ပါတယ်။

လူတိုင်းတယောက်နဲ့တယောက်တွေ့နိုင်ဖို့ ဝိုင်းထိုင်ပါ။

တချိန်မှာ တယောက်ပဲ ပြောပါ။

တယောက်နဲ့ တယောက်နားထောင်ပါ။

အကြောင်းအရာနဲ့ပါတ်သက်ပြီးတော့ပဲ ပြောပါ။

(page 61)

၃။ *ဆရာဟာ စကားရှေ့ဆက်ပြောအောင်လုပ်ပါတယ်*။ ဆွေးနွေးပွဲမှာ သူချည့်မပြောပဲ တခြားကျောင်းသားတွေကို ကျောင်းသားတယောက် ပြောခဲ့တာ တခုခုနဲ့ပါတ်သက်ပြီး ဝေဖန်ဖို့ ဖိတ်ခေါ်နိုင်ပါတယ်။ ဆရာက ကျောင်းသားကို အတွေးအခေါ်တခုကို ရှင်းခိုင်းနိုင်ပါတယ်။ ဒါမှမဟုတ် သူ့အနေနဲ့ ကြိုတင်စဉ်းစားထားတဲ့ စိတ်ဝင်စားစရာကောင်းတဲ့ အဖြေမှန်တခုတည်းမရှိတဲ့ မေးခွန်းမျိုးမေးနိုင်ပါတယ်။ (ဒီလို "အဓိပ္ပါယ် ကောက်ယူရတဲ့ မေးခွန်းမျိုး" ကို *လမ်းညွှန်စာအုပ် ၂ နဲ့ ၄* မှာ ဆွေးနွေးပြီးပါပြီ။)

၄။ ဆရာက စာပေသင်ယူခြင်းကို အားပေးပါတယ်။ စာပေအကြောင်းပို့ချခြင်းဟာ ကျောင်းသားတွေကို စဉ်းစားပြီး ပြောစေတာလောက် မလုံလောက်ပါဘူး။ ဒါပေမဲ့ ကျောင်းသားတွေ အကြံတွေကိုဖေါ်ပြဖို့နဲ့ နားလည်မှုရဖို့ ရုန်းကန်နေရတဲ့အခါ ဆရာတွေဟာ အတွေးအခေါ်တွေနဲ့ ဝေါဟာရတွေကို ပေးရင် အထောက်အကူဖြစ်ပါတယ်။ ဇာတ်လမ်းက အဓိကမေးခွန်းအတွက်အဖြေရတော့မှာမို့ ဇာတ်လမ်းက အချက်တချက်က အတင်းမာဆုံးအချိန် ဆိုတာကို ကျောင်းသားတယောက်ဟာ သတိပြုမိချင်ပြုမိပါလိမ့်မယ်။ ဆရာက ဒါကို အရှိန်အမြင့်မားဆုံးအချိန် (climax)လို့ ခေါ်တယ်လို့ရှင်းပြနိုင်ပါတယ်။ ကျောင်းသားတွေဟာ စာပေနဲ့ ပါတ်သက်တဲ့ ဝေါဟာရတွေသိရင် သူတို့ရဲ့ ဆွေးနွေးပွဲ တွေပိုလေးနက်လာတာ သုတေသီတွေက သတိပြုမိပါတယ်။ (Hickman, 1979, 1981)

## ကျောင်းသားတွေရဲ့ အခန်းကဏ္ဍတွေ

ပူးပေါင်းသင်ယူမှုလေ့ကျင့်ခန်းတွေလုပ်တဲ့အခါ ကျောင်းသားတွေကို အုပ်စုထဲမှာလုပ်ရမယ့် အခန်းကဏ္ဍတွေ ချပေးထားနိုင်ပါတယ်။ ကျောင်းသားတယောက်စီဟာ အားပေးသူ၊ အချိန်မှတ်သူ၊ ကူညီသူ၊ မှတ်တမ်းတင်သူနဲ့ အကျဉ်းချုပ်ရေးသူ စတာတွေလုပ်တတ်လာတဲ့အခါ အဆုံးမှာ အုပ်စုတစုက သင်တန်းသားကောင်းတယောက်ရဲ့အခန်းအမျိုးမျိုးကို သိလာပြီး သင်တန်းသားကောင်းတယောက်ဟာ တချိန်ထဲမှာ အခန်းအမျိုးမျိုးက ပါဝင်နိုင်ပါတယ်။

ကျောင်းသားတွေအနေနဲ့ တိတိကျကျပါဝင်ရမယ့်အခန်းတွေရှိရင် စာပေအသိုင်းအဝိုင်းတွေဟာ ပိုကောင်းပါတယ်။ ဒ့ါပြင် ချပေးထားတဲ့အခန်းတွေအတိုင်းလုပ်လို့ ကျောင်းသားတွေဟာ ထိရောက်တဲ့စာဖတ်သူနဲ့ စာပေဆွေးနွေးသူ တယောက်ရဲ့ တာဝန်အမျိုးမျိုးကို လုပ်နိုင်ပါတယ်။

National Louis University က Harvey Daniels နဲ့ သူ့ရဲ့လုပ်ဖေါ်ကိုင်ဖက်တွေက စာပေဆွေးနွေးပွဲတခုမှာ ကျောင်းသားတွေလုပ်နိုင်တဲ့ အခန်းတွေ ဖေါ်ပြထားပါတယ်။

| | |
|---|---|
| ကိုးကားချက်ရှာသူ | ဒီကျောင်းသားက အုပ်စုကကြားလိုမယ့် ဖတ်စာထဲက အထူးအစိတ်အပိုင်းတွေ ရွေးရပါမယ်။ |
| စုံစမ်းစစ်ဆေးသူ | ဒီကျောင်းသားရဲ့တာဝန်က ဖတ်စာနဲ့သက်ဆိုင်တဲ့ နောက်ခံအချက်အလက်တွေ ပေးဖို့ပါ။ |
| ခရီးသွားတာမှတ်ထားသူ | ဒီကျောင်းသားရဲ့တာဝန်က ဇာတ်ကောင်တွေက စာထဲမှာ တနေရာက တနေရာကို ပြောင်းရင် မှတ်ထားဖို့ပါ။ |

| | |
|---|---|
| ဆက်စပ်သူ | ဒီကျောင်းသားရဲ့တာဝန်က ဖတ်စာနဲ့အပြင်လောကအကြား အဆက်အစပ်ရှာပေးဖို့ပါ။ |
| မေးခွန်းမေးသူ | ဒီကျောင်းသားရဲ့တာဝန်ကတော့ အုပ်စုအတွက် ပြောဖို့ မေးခွန်းတွေ ဒါမှမဟုတ် သူ့အနေနဲ့ တခြားလူတွေနဲ့ ဆွေးနွေးလိုတဲ့ မေးခွန်းတွေ (ဆွေးနွေးပွဲမတိုင်ခင်) ရေးဖို့ပါ။ |
| စကားလုံးရှာသူ | ဒီကျောင်းသားရဲ့အလုပ်ကတော့ စိတ်ဝင်စားစရာကောင်းတဲ့ ပဟေဠိဆန်တဲ့ အရေးကြီးတဲ့ ဒါမှမဟုတ် စကားလုံးအသစ်ကို အုပ်စုသိအောင်လုပ်ပြီး ဆွေးနွေးဖို့ပါ။ |
| စစ်ဆေးသူ | ဒီကျောင်းသားရဲ့တာဝန်က သင်တန်းသားတွေ အုပ်စုတွင်းမှာ ကောင်းကောင်း အလုပ်လုပ်ဖို့––အကြောင်းအရာအကြောင်းပဲ ပြောဖို့၊ အလှည့်ကျ ပြောဖို့၊ ပါဝင်ဖို့နဲ့ ပေးထားတဲ့အချိန်အတွင်းအလုပ်လုပ်ဖို့––ပါ။ |
| ဇာတ်ကောင်ကိုအဓိပ္ပါယ်ဖေါ်သူ | ဒီကျောင်းသားရဲ့တာဝန်က ဇာတ်ကောင်တွေအကြောင်း သေသေချာချာ စဉ်းစားပြီး သူတို့ဟာ ဘယ်လိုလူတွေလဲဆိုတာ တခြားကျောင်းသားတွေနဲ့ ဆွေးနွေးဖို့ပါ။ |
| သရုပ်ဖေါ်ပုံဆွဲသူ | ဒီကျောင်းသားရဲ့တာဝန်က ကျောင်းသားတွေက အရေးကြီးတဲ့ဇာတ်ကောင်တွေ၊ နေရာတွေ၊ ဒါမှမဟုတ် လုပ်ရပ်တွေကို ပုံတွေကိုကြည့်ပြီး ဆွေးနွေးနိုင်ဖို့ ပုံဆွဲပါတယ်။ |
| မှတ်တမ်းတင်သူ | ဒီကျောင်းသားရဲ့ တာဝန်က ဆွေးနွေးပွဲက ပေါ်ထွက်လာတဲ့ အချက်တွေနဲ့ ပါတ်သက်ပြီး မှတ်စုတိုထုတ်ဖို့ပါ။ |
| တင်ပြသူ | ဒီကျောင်းသားရဲ့တာဝန်က ဆရာ ဒါမှမဟုတ် တတန်းလုံးကို အဖွဲ့ရဲ့ ဆွေးနွေးမှုကို တင်ပြဖို့ပါ။ |

အကြံပေးချက်လေးခုက ဒီအခန်းတွေကို လုပ်ရာမှာပိုအောင်မြင်စေပါတယ်။

၁။ တတန်းလုံးကို အခန်းကဏ္ဍတွေတခုစီသင်ပါ။ ဇာတ်လမ်းတခုဖတ်ပြ ဒါမှမဟုတ် ပြောပြပြီး အခန်းကဏ္ဍ တခုကို တင်ဆက်ပါ။ ဥပမာ၊ ဆက်စပ်သူ။ ဖတ်စာထဲက အရာတခုနဲ့ ဘဝကအကြောင်းအရာတခုအကြား ဆက်စပ်မှုကို သတိပြုမိစေပါ။ တခြားကျောင်းသားတချို့ကိုလည်း ဒီလို လုပ်စေပါ။ ရက်ပေါင်းအတော်များများကြာ ကျောင်းသားတွေ ဆွေးနွေးပွဲရှည်တွေမှာ ဒါတွေမသုံးခင် အခန်းကဏ္ဍတွေကို ဒီလိုပဲ တင်ဆက်ပါ။

၂။ ကျောင်းသားတွေကို မိမိတို့ကဏ္ဍတွေကနေ သိတာတွေပြောမယ့်အစား မေးခွန်းတွေမေးခိုင်းပါ။ ဥပမာ၊ ဇာတ်ကောင်ကိုအဓိပ္ပါယ်ဖေါ်သူက တခြားကျောင်းသားတွေကို ဇာတ်ကောင်တကောင်နဲ့ပါတ်သက်ပြီး ဇာတ်ကောင်စရိုက်ဇယား ဒါမှမဟုတ် ဇာတ်ကောင် ကွန်ယက်လုပ်ခိုင်းပါ။ မိမိအကြံတွေကို တခြားကျောင်းသားတွေ သူတို့အကြံတွေပြောပြီးမှ ပြောပါ။

၃။ ဆွေးနွေးပွဲတခုအတွက် အသုံးအဝင်ဆုံး အခန်းကဏ္ဍတွေပဲ ရွေးပါ။ တခါတလေ လေးငါးခုဆို လုံလောက်ပါတယ်။

၄။ ကျောင်းသားတွေကို ဒီကဏ္ဍတွေ လှည့်လုပ်စေပါ။ ကျောင်းသားတယောက်စီက ဆွေးနွေးပွဲတွေအမျိုးမျိုးမှာ အခန်းကဏ္ဍတွေအမျိုးမျိုးက ပါဝင်ရပါမယ်။ ဒီလိုလုပ်ခြင်းက ကျောင်းသားတွေ စာပေအသိကို ပိုမြင့်မားစေပါတယ်။

တကယ်လို့ အချိန်ရှိခဲ့ရင် စာပေအသိုင်းအဝိုင်းတွေကို ဂျစ်စော (လမ်းညွှန်စာအုပ် ၅ ကြည့်ပါ။) နဲ့ တွဲပြီး တေးလိပ်ပိုလို့ခေါ်တဲ့ ရှိမေးနီးယား ရိုးရာပုံပြင်နဲ့ (နောက်ဆက်တွဲ ခ) တွဲသုံးနိုင်ပါတယ်။ ဂျစ်စောမှာလိုပဲ လူ ၅ ယောက် ၆ ယောက်ပါ အုပ်စုတွေ ဖွဲ့ ပြီး စပါ။ ဒါပေမဲ့ ဆွေးနွေးပွဲမှာ စာဖတ်သူတွေလုပ်မယ့် ကဏ္ဍ ၅ ခု ၆ ခု ရှာပြီးတော့ အုပ်စုဘယ်နှစ်စုလဲဆိုတာ သတ်မှတ်ပါတယ်။ လူတိုင်းကို မိမိတို့ ကဏ္ဍချပေးပြီးတာနဲ့ သူတို့ဟာ မိမိတို့ အုပ်စုအတွင်းမှာ ဖတ်စာဖတ်ပါမယ်။ လူတိုင်း ဒီရိုးရာပုံပြင်ဖတ်ပြီးတာနဲ့ မိမိတို့နဲ့ ကဏ္ဍတူတဲ့ လူတွေနဲ့ အုပ်စုဖွဲ့ဖို့ သူတို့အုပ်စုက ခွဲခိုင်းပါ။ ပြီးရင် ကဏ္ဍပိုင်းဆိုင်ရာ အုပ်စုတွေက ဖတ်စာအရ မိမိတို့ရဲ့ မူလအုပ်စုတွေမှာ ဒီကဏ္ဍတွေ ဘယ်လိုလုပ်မလဲဆိုတာ ဆွေးနွေးပါတယ်။ အုပ်စုတွေက စီစဉ်ပြီးရင် လူတိုင်း မိမိတို့မူလအုပ်စုတွေဆီသွားပြီး စာပေအသိုင်းအဝိုင်းမှာ ပါဝင်ပါတယ်။ ဒါက စာပေသိုင်းအဝိုင်းတွေစီစဉ်ပုံ တမျိုးပါ။ စာပေအသိုင်းအဝိုင်းတွေ အကောင်အထည်ဖေါ်တဲ့ တခြားနည်းတွေလည်းရှိပါသေးတယ်။

(page 65)

အပိုင်း ၇။ အကောင်အထည်ဖော်ဖို့
အစီအစဉ်လုပ်ခြင်း

အပိုင်း ၈။ ဒုတိယနှစ်အတွက်
အစီအစဉ်လုပ်ခြင်း

(page 66)

## အကောင်အထည်ဖော်ဖို့ စီစဉ်ခြင်း

### အသုံးချခြင်း

သင်တန်းရဲ့ ဒီအပိုင်းက သင်တန်းသားတွေကို ဘာသာရပ်ဆိုင်ရာတိကျတဲ့အကြောင်းအရာတခုမှာ စာဖတ်သူများရဲ့သင်တန်းနည်းစဉ်တွေကို အသုံးချခွင့်ပေးပါတယ်။ သင်တန်းသားတယောက်စီမှာ သူလောလောဆယ်သင်နေတဲ့ ဘာသာရပ်က ဖတ်စာတခုရှိရပါမယ်။

ပထမအနေနဲ့ တအုပ်စုလုံးကို ဘာသာရပ်အလိုက် လေးယောက်ထက်ပိုမပါတဲ့ အဖွဲ့တွေခွဲပါ။ ဆရာတွေကို မူလတန်းကျောင်းနဲ့ အလယ်တန်းကျောင်းဆိုပြီးတော့လည်း ခွဲပါ။ မူလတန်းက အငယ်တန်းတွေက ဆရာတွေက ဘယ်အဖွဲ့မှာ သူတို့ပါချင်သလဲဆိုတာ ဆုံးဖြတ်ချင်ဆုံးဖြတ်နိုင်ပါတယ်။ ဥပမာ၊ အတန်းအဆင့်အဖွဲ့တွေက ဘာသာရပ်ဆိုင်ရာအလိုက်။ လူတိုင်းအဖွဲ့ငယ်တွေမှာပါပြီးရင် သင်တန်းသားတွေကို စာဖတ်သူများရဲ့သင်တန်းက နည်းစဉ်တွေအတိုင်း သင်ခန်းစာတခုလုပ်ဖို့ ဖတ်စာအုပ်တွေထဲက ခပ်တိုတို ဖတ်စရာတခု ရွေးခိုင်းပါ။

### သင်ခန်းစာလုပ်ခြင်း

၁။ ကျောင်းသားတွေကို စာဖတ်ဖို့ ပြင်ဆင်တဲ့အနေနဲ့ သင်ခန်းစာငယ်တခုလုပ်ပါ။ စဖို့ ဒါမှမဟုတ် အကြောင်းအရာနဲ့ပါတ်သက်ပြီး အရေးပါမယ့် အကြောင်းအရာတွေကို သိစေဖို့ မေးခွန်းတွေ လုပ်ပါ။
၂။ သင်ခန်းစာတစိတ်တပိုင်းအနေနဲ့ကျောင်းသားတွေဖတ်မယ့်ဖတ်စာကို ပြောပါ။ ပြီးတော့ သူတို့ ဘာသိရမလဲနဲ့ သင်ခန်းစာအပြီးမှာ ဘာလုပ်နိုင်ရမလဲဆိုတာ ရှင်းပြပါ။ ပြီးတော့ ဒီဖတ်စာနဲ့ အရင်က သိထားတဲ့ ဒီဘာသာရပ်နဲ့ ပါတ်သက်တဲ့ အသိတွေနဲ့ အတွေ့အကြုံတွေကို ကျောင်းသားတွေ လုပ်မယ့်ဆက်စပ်မှုတွေကို ပြောပါ။
၃။ ကျောင်းသားတွေ ဖတ်နေတုန်း ဆွေးနွေးပွဲတွေ ဘယ်လိုလုပ်မယ်ဆိုတာ ပြောပါ။ တကယ်လို့ ဒီဆွေးနွေးပွဲတွေက ဒီသင်ခန်းစာနဲ့ အထူးသက်ဆိုင်တယ်ဆိုရင် သူတို့ရဲ့ ရည်မှန်းချက်တွေကို ပြောပါ။ ပြီးတော့ တယောက်စီ ဆွေးနွေးမလား အုပ်စုလိုက်ဆွေးနွေးရမလားဆိုတာ စီစဉ်ဖို့ ပြောပါ။
၄။ ကျောင်းသားတွေလုပ်မယ့် တုန့်ပြန်မှုလေ့ကျင့်ခန်းတွေပြောပါ။ စကားပြောမှတ်တမ်း ဒါမှမဟုတ် ဘာသာရပ်ဆိုင်ရာ သင်ယူခြင်းဇယားတွေ၊ စာပေပေးစာတွေ၊ စာအုပ်အကြောင်းစကားပြောပွဲတွေ၊ အဖွဲ့တွေမှာ မိမိတို့ဖတ်ထားတာတွေအကြောင်း ပြောပြတာတွေ၊ ဒါမှမဟုတ် တခြားတုန့်ပြန်မှုလေ့ကျင့်ခန်းတွေ စတဲ့ တုန့်ပြန်မှု ပုံစံအမျိုးမျိုး သုံးစေပါ။

သူတို့ရဲ့ အစီအစဉ်တွေကို ပြည့်ပြည့်စုံစုံဖော်ပြနိုင်ဖို့ အုပ်စုငယ်တွေကို အချိန်အလုံအလောက်ပေးပါ။ တီထွင်ဖန်တီးမှုကို အားပေးပါ။ ဒါဟာ သူတို့ရဲ့ သင်ရိုးညွှန်းတန်းဖြစ်တဲ့အတွက် အကြောင်းအရာကနေ သူတို့ သိနားလည်တာကနဲ့ ကျောင်းသားတွေအတွက် သိဖို့ အရေးအကြီးဆုံးလို့ ထင်တာနဲ့ သင်ခန်းစာ ပြီးရင်

ဘာလုပ်နိုင်မယ်ဆိုတာနဲ့ အနာဂါတ်မှာလုပ်နိုင်မှာတို့အပေါ် အခြေခံနိုင်ရပါမယ်။ မိနစ် ၂၀ က ၃၀ လောက်အထိ အချိန်ပေးပါ။
အုပ်စုတွေက သူတို့ရဲ့ သင်ခန်းစာ အစီအစဉ်တွေပြီးပြီဆိုရင် အုပ်စုတချို့ ဒါမှမဟုတ် အားလုံးကို သူတို့ရဲ့ အစီအစဉ်တွေကို အားလုံးကို ပြောပြခိုင်းပါ။ တအုပ်စုစီက သူတို့ရဲ့ အစီအစဉ်တွေ ပြောပြပြီးပြီဆိုရင် တဖွဲ့လုံးက တုန့်ပြန်ရပါမယ်။ တုန့်ပြန်ချက်တွေက ရှင်းပြခိုင်းရပါမယ်။ အစီအစဉ်တွေမှာ စာဖတ်သင်တန်းနည်းစဉ်က အပိုင်းလေးပိုင်းစလုံး ပါရပါမယ်။
ပြောတာတွေပြီးသွားတဲ့အခါ ဆရာတွေဟာ ဘာသာရပ်ဆိုင်ရာဆရာတွေက စာဖတ်နည်းစဉ်တွေကို သူတို့ရဲ့ဘာသာရပ်ထဲမှာ ဘယ်လောက်ကောင်းကောင်းထည့်သုံးထားသလဲဆိုတာ တင်ပြသူတွေသိပါလိမ့်မယ်။ အကောင်အထည်ဖေါ်ရာမှာ အုပ်စုအနေနဲ့ ဘယ်လိုပြဿနာမျိုးကြုံရမယ်ထင်သလဲနဲ့ ဘယ်လိုအခက်အခဲတွေ ကျော်လွှားရမယ်ထင်တယ် ဆိုတာ မေးပါ။

## ဒုတိယနှစ်အတွက်စီစဉ်ခြင်း

ဒါဟာ ပထမနှစ်အတွက် နောက်ဆုံးသင်တန်းဖြစ်ပါတယ်။ ဒုတိယနှစ်အတွက်အစီအစဉ်လုပ်နေပါတယ်။ ပြီးတော့ ဒုတိယနှစ်မှာ လုပ်မှာတွေနဲ့ မျှော်လင့်ထားတွေကိုလည်း အတော် ဆွေးနွေးပြီးလောက်ပါပြီ။ လိုအပ်ရင် ဒုတိယနှစ်အတွက် အစီအစဉ်တွေကို ဆွေးနွေးဖို့ အချိန်ပေးပါ။ ဒုတိယနှစ်အစီအစဉ်လုပ်ခြင်းသင်တန်းမစခင် ဆုံကြမယ့် သင်တန်းသားတွေဟာ အစီအစဉ်တွေကို ယာယီသဘောနဲ့ ဆွေးနွေးနေပါမယ်။ ဒုတိယနှစ်အစီအစဉ် အစည်းအဝေးပြီးမှတွေ့မယ့် အုပ်စုတွေအတွက်ကတော့ ဒုတိယနှစ်အကြောင်း ပိုတိတိကျကျပြောနိုင်ပါလိမ့်မယ်။

# အပိုင်း ၉။ ။ သင်တန်း အကျိုးတန်ဖိုး စိစစ်ခြင်း

## နောက်ဆုံးအကဲဖြတ်ဆန်းစစ်ခြင်း

သင်တန်းအဆုံးမှာ အကျိုးတန်ဖိုးစစ်ဆေးမှု ၂ မျိုးလုပ်ဖို့ အချိန်ဖယ်ထားပါ။ (၁) လွတ်လွတ်လပ်လပ်ရေးခြင်းနဲ့ (၂) စစ်ဆေးမှုပုံစံ ဖြည့်ခြင်းတို့ပါပဲ။
စစ်ဆေးမှုမစခင် သင်တန်းသားတွေနဲ့ ဒီစစ်ဆေးမှုဟာ ဘယ်လောက်အရေးကြီးသလဲဆိုတာ ပြန်ကြည့်ပြီး သူတို့ရဲ့ အဖြေတွေကို လေးလေးနက်နက်ခံယူကြောင်းနဲ့ ဒီသင်တန်းအတွက်အရေးပါတဲ့အပိုင်းဖြစ်ကြောင်းပြောပါ။
ဒီလိုနည်းနဲ့ သင်တန်းသားတွေဟာ ဒီသင်တန်းအနာဂါတ်ကို ပုံဖော်ပြီး ဒီသင်တန်းက သူတို့ရဲ့လိုအပ်ချက်တွေနဲ့ အခြေအနေတွေကို ဖြည့်ဆည်းပေးနိုင်ပါမယ်။

## လွတ်လွတ်လပ်လပ်ရေးခြင်း

သင်တန်းသားတွေကို စာရွက်ဝေပါ။ အခုပြီးသွားတဲ့သင်တန်းအကြောင်း လွတ်လွတ်လပ်လပ် ၁၀ မိနစ်ရေးခိုင်းပါ။ မြေဖြူ ဒါမှမဟုတ် ထရန်စပါယ်ရင်စီမှာ

> အခုပြီးသွားတဲ့သင်တန်းနဲ့ပါတ်သက်ပြီး သင့်စိတ်ထဲမှာ လောလောဆယ် ဘာရှိသလဲ။

လို့ရေးပါ။

## အကျိုးတန်ဖိုးစီစစ်ခြင်းပုံစံ

တဖက်စာမျက်နှာမှာရှိတဲ့ အကျိုးတန်ဖိုးစီစစ်ခြင်းပုံစံကို ဝေပြီး သင်တန်းသားတွေကို ဖြည့်ခိုင်းပါ။

## သင်တန်းအကျိုးရှိပုံကိုစိစစ်ခြင်း

သင်တန်းနာမည်။

ရက်စွဲနဲ့နေရာ။ ။

မေးခွန်းများ။ ။

၁။ ဒီသင်တန်းမှာ သင့်အတွက် ဘာတန်ဖိုးအရှိဆုံးလဲ။

၂။ သင်မျှော်လင့်ထားချက်တွေ ဘယ်လောက်အတိုင်းအတာအထိ ပြည့်ဝသလဲ။

| ၁ | ၂ | ၃ | ၄ | ၅ |
|---|---|---|---|---|
| နဲနဲပဲ | | | | မျှော်လင့်တာတွေအားလုံးပြည့်တယ် |

၃။ ဒီသင်တန်း ပိုအဓိပ္ပါယ်ရှိဖို့ ဘာလိုသလဲ။

၄။ ဒီသင်တန်းကြောင့် စာသင်ရာမှာ ဘာအပြောင်းအလဲ ရှိမလဲ။

၅။ ဒီသင်တန်းနဲ့ပါတ်သက်ပြီး ယေဘုယျအားဖြင့် ဘယ်လိုထင်သလဲ။

| ၁ | ၂ | ၃ | ၄ | ၅ |
|---|---|---|---|---|
| အကျိုးနဲနဲပဲရှိတယ် | | | | အကျိုးအများကြီးရှိတယ် |

၆။ နောင်မှာဆွေးနွေးဖို့ စိတ်ဝင်စားတဲ့ ခေါင်းစဉ်တွေ အကြံပြုပါ။

၇။ ဒီသင်တန်းနဲ့ပါတ်သက်ပြီး ပြောလိုတဲ့ ယေဘုယျ ဝေဖန်ချက်တွေ ပြောပါ။

(page 72)


အညွှန်းစာအုပ်များ

Alvermann, D., Dillon, D., & O'Brien, D. (1987). *Using discussion to promote reading comprehension*. Newark, DE: International Reading Association.

Atwell, N. (1991). *Side by side*. Concord, ON: Irwin.

Atwell, N. (1987). *In the middle: Writing, reading, and learning with adolescents*. Portsmouth, NH: Boyton/cook, Heinemann.

Beck, I.L., & Dole, J.A. (1992). Reading and thinking ith history and science text. In C. Collins & J.N. Mangieri (Eds.), *Teaching thinking: An agenda for the 21st century*. Hillsdale, NJ: Erlbaum.

Beck, I.L., McKeown, M.G., & Gromoll, E.W. (1989). *Learning from social studies text. Cognition & Instruction*, 6 (2), 99-158.

Beck, I.L., McKeown, M.G., Hamilton, R.L., & Kucan, L. (1997). *Questioning the author: An approach for enhancing student engagement with text*. Newark, DE: International Reading Association.

Eeds, M., & Wells, D. (1989). Grand conversations: An exploration of meaning construction in literature discusison groups. *Research in the Teaching of English, 23,* 4-29.

Hartman, D.K., & Allison J. (1996). Promoting inquiry-oriented discussions using multiple texts. In L.B. Gambrell & J.F. Almasi (Eds), *Lively discussions! Fostering engaged reading*. Newark, DE: International Reading Association.

Hickman, J. (1979) *Response to literature in a school environment, grades K-5*. Unpublished doctoral dissertation, Ohio State University, Columbus.

Hickman, J. (1981). A new perspective on response to literature. *Research in the Teaching of English, 15*, 343-354.

McKeown, M.G., Beck, I.L., & Sandora, C.A. (1996). Questioning the author: An approach to creating meaningful classroom discourse. In M. Graves, P. Van den Broek, & B.M. Taylor (Eds.), *The first R: Every child's right to read* (pp. 97-119). New York: Teachers College Press.

National Council of Teachers of Mathematics. (1989). *Curriculum and evaluation standards for school mathematics*. Reston, VA: Author.

Newmann, F.M. (1992). The prospects for classroom thoughtfulness in high school social studies. In C. Collins & J.N. Mangieri (Eds.), *Teaching thinking: An agenda for the 21st century*. Hillsdale, NJ: Erlbaum.

Raphael, T., Goatley, V., McMahon, S., & Woodman, D. (1995). Teaching literacy through student book clubs. In N. Roser & M. Martinez (Eds), *Book talk and beyond: Children and teachers respond to literature* (pp. 66-79). Newark, DE: International Reading Association.

Routman, R. (1991). *Invitations: Changing as teachers and learners K-12*. Portsmouth, NH: Heinemann.

Ryder, R.J., & Graves, M.F. (1994). *Reading and learning in content areas*. New York: Macmillan.

Salinger, T. (1992). Critical thinking and young literacy learners. In C. Collins & J.N. Mangieri (Eds.), *Teaching thinking: An agenda for the 21st century*. Hillsdale, NJ: Erlbaum.

Short, K., & Kauffman, G. (1995). "So what do I do?" The role of the teacher in literature circles. In N. Roser & M. Martinez (Eds.), *Book talk and beyond: Children and teachers respond to literature* (pp. 140-149). Newark, DE: International Reading Association.

Steele, J.L. (1992). *Working Together--Growing together: Constructive evaluation of language learning*. Moline: IL: Moline School District.

Temple, C., Martinez, M., Yokota, J., & Naylor, A. (1998). *Children's books in children's hands*. Needham Heights, MA: Allyn & Bacon.

Voss, J. (1992). Introduction to Chapter 1. In C. Collins & J.N. Mangieri (Eds.), *Teaching thinking: An agenda for the 21st century*. Hillsdale, NJ: Erlbaum.

Wray, D., & Lewis, M. (1996). "But Bonsai trees don't grow in baskets": Young children's talk during authentic inquiries. In L.B. Gambrell & J.F. Almasi (Eds.), *Lively discussion! Fostering engaged reading*. Newark, DE: International Reading Association.

# နောက်ဆက်တွဲ က

## စာဖတ်ခြင်း၊ စာရေးခြင်းနဲ့ စဉ်းစားခြင်း

(Atwell, N. (1991). *Side by side: Essays on teaching to learn*. Portsmouth, NH: Heinemann က)

### အပိုင်း ၁

ဇွန်လမနက်ခင်းတခုမှာ အထက်တန်း ကျောင်းခန်းတခန်းထဲက အပြေးအလွှားအရှုတ်အထွေးတွေအကြား ပုံစံစာရွက်တွေနဲ့ အကြောင်းကြားစာတွေနဲ့ ရှုတ်နေတဲ့ ဆရာ့စာပွဲ ဘေးနားမှာရပ်နေတဲ့ ကယ်လီကို မော့ကြည့်မိပါတယ်။ ကယ်လီဟာ သာမန်အချိန်ဆိုရင် ပြုံးနေတတ်တဲ့ကလေးတယောက်ဖြစ်ပြီး ဒီနေ့တော့ သူ့မျက်နှာဟာ ကျောက်ရုပ်လိုပဲဖြစ်နေပါတယ်။ ဘာမှမပြောနိုင်ခင် သူက သူ့အိတ်ကပ်ထဲလက်နှိုက်လိုက်ပြီး စာရွက်ခေါက်တခုထုတ်လိုက်ပြီး လှမ်းပေးလိုက်ပါတယ်။ "ဒါဖတ်မလား။ အဲဒါ *သူ့*အကြောင်းလေ။" လို့တိုးတိုးလေး ပြောလိုက်ပါတယ်။ သူ့မျက်နှာကို ခဏကြာကြည့်လိုက်ပြီးမှ စာရွက်ခေါက်ကို ဖြန့်ပြီးချောအောင်လက်နဲ့ သပ်လိုက်ပါတယ်။ နောက်ထပ်မော်ကြည့်လိုက်တော့ သူမရှိတော့ပါဘူး။ ဒါပေမဲ့ အခု *သူ* ဆိုတာ ဘယ်သူဆိုတာ သိပြီး ကယ်လီဒီနေ့ဘာလို့ မပြုံးနေတာလဲဆိုတာလည်း သိသွားပါပြီ။
ညနေသတင်းအစီအစဉ်တွေမှာ ဒီသတင်းဆိုးနဲ့ပဲပြည့်နေပါတယ်။ ကလေးကဗျာဆရာ––သူ့စာအုပ်တွေကို ဒို့ကျောင်းသားတွေက တန်ဖိုးထားပြီး၊ သူတို့ရဲ့ကဗျာတွေထဲမှာ သူ့ရဲ့ နည်းတွေကို သုံးကြည့်၊ သူ့ရဲ့ နှစ်စဉ် ကျောင်းက စာဖတ်ပွဲတွေဆို ကျောင်းသားတွေ အင်မတန်သဘောကျတာ။ သူ့ကို ကလေးကို မတော်မတရားပြုမှုနဲ့ စွဲချက်တင်ခံရပါတယ်။ ရှစ်တန်းကကျောင်းသူကျောင်းသားတွေအကြားမှာ ကယ်လီက သူ့ကို ချီးကျူးလေးစား ရာမှာ အစွန်းရောက်ဆုံးပါပဲ။ သူမဟာ ကဗျာဖတ်နည်းနဲ့ကဗျာရေးနည်း သူ့ဆီက သင်ခဲ့ပါတယ်။ အခု ပိုဆိုးတာက လူကြီးတယောက်က သူ့ကို သစ္စာဖေါက်သလိုဖြစ်သွားတာကိုး။ ကယ်လီရေးထားတာက မနေ့က သတင်းဆိုးကို တုန့် ပြန်တဲ့ ကဗျာတပုဒ်ပါပဲ။

#### လိုက်ရမယ့်ခြေရာတွေ

လုံးရိန်ဂျာတွေ အားလုံး ဘာဖြစ်ကုန်ကြပြီလဲ။
မြင်းဖြူတွေပေါ်က သူရဲကောင်းတွေ
ဒို့ရဲ့ ဂုဏ်သိက္ခာအတွက် တိုက်ခိုက်မယ့်
သံချပ်ကာအကျႌဖြူနဲ့ စစ်သူရဲတွေ။
လူကောင်းတွေ အားလုံးဘယ်ရောက်ကုန်ပြီလဲ။
ဘယ်သူတွေရဲ့ ခြေရာတွေ ဒို့နင်းရတော့မှာလဲ။
ဘယ်သူတွေရဲ့နေရာအစားထိုးယူရတော့မှာလဲ။
ကျမအသံက တမျိုးဆက်လုံးရဲ့အသံပါ––
လူတထောင်ရဲ့အသံပါ။
အဖြေမရသေးတဲ့ကျမတို့ရဲ့မေးခွန်းတွေ ကြားရဲ့လား။
ဒီလောက်တောင် နားလေးလို့ မကြားတာလား။

> ဒါဆို ရှင် ဘာဖြစ်သွားတာလဲ လုံးရိန်ဂျာရေ။
> ရှင် တခါ မဖြေတိုင်း၊ ကျမတို့ ရင်ထဲမှာ
> နည်းနည်းချင်း သေသွားပါတယ်။

ဒီနေရာမှာ လွယ်လွယ်အဖြေမရနိုင်ပါဘူး။ ကယ်လီဟာ သူ့မေးခွန်းတွေအတွက် အဖြေမရဘူးဆိုတာ သိနေပါတယ်။ ဘာလို့လဲဆိုတော့ အဖြေမရှိဘူးဆိုတာ သူသိနေပါတယ်။ မေးခွန်းမေးတာကပဲ တော်ပါပြီ။ သူမရဲ့ ဒေါသနဲ့ မရေရာတဲ့စိတ်အတွက်––သူမရဲ့ ခံစားမှုတွေကို စူးစမ်းဖို့ ရုပ်ပုံတွေ တွေးခေါ်ပြီးဖော်ထုတ်တာ––စကားလုံးတွေရှာပြီး ပုံဖော်နိုင်တာကပဲ လိုတာထက်ပိုနေပါတယ်။ ကယ်လီဟာ အရေးပါတဲ့အကြောင်းအရာတခုအတွက် သူဘာထင်သလဲဆိုတာ သိဖို့ စာရေးတာကို သုံးပါတယ်။ သူ့အတွက် စဉ်းစားတာနဲ့ စာရေးတာကို ခွဲခြားလို့မရပါဘူး။ သူမဘဝမှာ သူမဘယ်လိုနေထိုင်သလဲဆိုတာအတွက် နှစ်ခုစလုံး မရှိမဖြစ်လိုအပ်ပါတယ်။

ဘာသာစကားရဲ့နည်းစဉ်တွေ၊ ကွဲပြားရှုတ်ထွေးပြီး တဦးစီလိုက်ထူးခြားတဲ့ စာရေးသူတွေနဲ့ စာဖတ်သူတွေ ဘာသာစကားကို သုံးပြီး အဓိပ္ပါယ်ဖော်ရာမှာ လုပ်တာတွေကို ကျနော်တို့အနေနဲ့ သိသင့်ပါတယ်။ ဒုတိယအနေနဲ့ အတန်းတွေထဲက စာရေးသူတွေနဲ့ စာဖတ်သူတွေ တယောက်ချင်းကို သိဖို့ လိုပါတယ်။ သူတို့တွေဟာ သင်ယူသူတွေအနေနဲ့ ဘယ်လိုအတွေ့အကြုံရှိသလဲဆိုတာ ဘယ်လိုလေ့လာရမလဲဆိုတာ သိဖို့လိုပြီး တွေ့တာတွေကို သင်ယူသူတယောက်ကို ရှေ့ဆက်ခေါ်ဖို့ နည်းတွေနဲ့ နားလည်အောင်လုပ်ရပါမယ်။

ဖတ်စာအုပ်တွေ၊ လေ့ကျင့်ခန်းစာအုပ်တွေ၊ လေ့ကျင့်ခန်းစာရွက်တွေနဲ့ ဆော့ဖ်ဝဲယားတွေကနေတဆင့် ကျောင်းသားတွေကို ကျဉ်းမြောင်းတဲ့ ဉမင်ကလိုပဲ မြင်ရင် ဒီအရာတွေကို မသိနိုင်ပါဘူး။

လူတွေဟာ တခုခုကို စဉ်းစားပါတယ်။ အဲဒီတခုခုဟာ သူတို့အတွက်အရေးကြီးတယ်ဆိုရင် သူတို့ဟာ အခက်ခဲဆုံးနဲ့ အကောင်းဆုံးစဉ်းစားပါတယ်။ ကျောင်းမှာ ကလေးတွေဟာ––တခုခု ဆုံးရှုံးနိုင်တယ်ဆိုရင်–– သူတို့ကို ခိုင်းထားတာအတွက် တခုခုကို ရင်းနှီးထားတယ်ဆိုရင် ပြီးတော့ သူတို့ကိုခိုင်းတာကို နားလည်တယ်ဆိုရင် အံ့သြစရာကောင်းလောက်အောင် စဉ်းစားပါတယ်။ သူတို့ရဲ့ စစ်မှန်တဲ့အရေးအသားနဲ့ စကားပြောဖို့ အတွက် သဒ္ဒါအသေးအဖွဲ့လေးတွေ သင်ယူပြီး မသုံးပါဘူး။

လူတွေဟာ အဓိပ္ပါယ်ရှိတဲ့ အခြေအနေမှာ သင်ယူနိုင်ပါတယ်။ မိခင်ဘာသာစကားနဲ့စာပေအတန်းတွေမှာ ကျောင်းသားတွေဟာ အသုံးဝင်ပြီး စိတ်ဝင်စားစရာကောင်းပြီး ရှုတ်ထွေးပြီး အရေးပါတဲ့လေ့ကျင့်ခန်းတွေ လုပ်ရတဲ့အခါ လေးလေးနက်နက်စဉ်းစားတဲ့စာဖတ်သူတွေ၊ စာရေးသူတွေနဲ့ စကားပြောသူတွေ ဖြစ်လာပါတယ်။ ဒီလိုလုပ်ဖို့ အင်မတန်ခက်ပေမယ့် ကျနော်တို့ဟာ ဆရာတွေ၊ သုတေသီတွေနဲ့ သီအိုရီရှင်––Glenda Bissex, Toby Fulwiler, Mary Ellen Giacobbe, Dixie Goswami, Donald Graves, Jane Hansen, Herry Harste, Don Holdaway, Donald Murray, Thomas Newkirk, and Frank Smith––တို့ကြောင့် စလုပ်နိုင်ကြပါပြီ။ သုတေသနအချက်အလက်အရ ဆရာတွေဟာ ကလေးတွေထက် သုံးချိုး တစ်ချိုး စကားပိုပြောတယ်ဆိုတဲ့အခါမှာ (Goodland 1984) အခုလုပ်ငန်းအသစ်ကတော့ ဆရာတွေဟာ အတန်းအချိန်ကို ကျောင်းသားတွေ စာရေး၊ စာဖတ်နဲ့စကားပြောချိန်အဖြစ်ပြောင်းလိုက်ရင် ဘာဖြစ်သလဲဆိုတာကို အဓိကထားပါတယ်။ သုတေသနအချက်အလက်တွေအရ တမျိုးတည်းတုန့်ပြန်လို့မရစေတဲ့သင်ကြားမှု––တနည်းအားဖြင့်ဆိုရင် ဝေဖန်ပိုင်းခြားစဉ်းစားမှု––ဟာသင်ကြားရေးမှာ တစ်ရာနှုန်းထက်နည်းနေတဲ့အခါမှာ (Goodland 1984) သူတို့ရဲ့ လုပ်ငန်းမှာတော့ ကျောင်းသားတွေက မိမိတို့ရဲ့ ရည်ရွယ်ချက်တွေ၊ အစီအစဉ်တွေနဲ့

နည်းစဉ်တွေ ထုတ်ပြောတဲ့ကျောင်းသားနဲ့ဆရာဆွေးနွေးပွဲတွေ လုပ်ပါတယ်။ ဒီလိုအတန်းမျိုးမှာ အရွယ်အမျိုးမျိုး ရှိတဲ့ မူလတန်းက ကောလိပ်အဆင့်ရှိ ကျောင်းသားတွေဟာ အံ့သြစရာကောင်းလောက်အောင် အသိဉာဏ် ကျော်လွှားမှုတွေ လုပ်နိုင်ပါတယ်။ ဒီမှာ Donald Murray (1982) က ကျောင်းသားတွေဟာ စဉ်းစားဖို့နဲ့ လုပ်ဆောင်ဖို့အတွက် "ကြောက်စရာကောင်းတဲ့ လွတ်လပ်မှု" ရှိတယ်လို့ ဆိုပါတယ်။ ဆရာတွေမှာလည်း–– သင်ကြားရေးအစီအစဉ်တွေကိုရပ်တန့်ဖို့နဲ့ တခြားကလေးတွေ တကယ်စဉ်းစားနေတာနဲ့လုပ်နေတာတွေကို စပြီး တုန့် ပြန်ဖို့––ကြောက်စရာကောင်းတဲ့လွတ်လပ်မှု ရှိပါတယ်။

## အပိုင်း ၂

ဘယ်ပြဋ္ဌာန်းထားတဲ့အစီအစဉ်ကမှာ ကယ်လီရဲ့ "လိုက်ရမယ့်ခြေရာတွေ" ကဗျာကို ရေးစေမှာမဟုတ်ပါဘူး။ အချိန်အခါ၊ ပုံစံ၊ အသံ၊ တင်းကြပ်မှုတွေနဲ့ ကိုယ်စားပြုထားတဲ့ ရုပ်ပုံတွေဟာ ကယ်လီရဲ့ကိုယ်ပိုင်ဖြစ်ပါတယ်။ အင်္ဂလိပ်စာဆရာတယောက်အနေနဲ့ ဒါကို သိလာဖို့ အချိန်အတော် ကြာခဲ့ပါတယ်။ အတန်းကို ကျောင်းသားတွေ စကားလုံးတွေသုံးပြီး စဉ်းစားတဲ့နေရာအဖြစ် ပြန်ဖန်တီးဖို့ လိုတဲ့ အရာတွေကို သိလာဖို့နဲ့ စီစဉ်ဖို့ဟာ ကျနော့ အတွက် ဒါထက်ပိုကြာပါတယ်။ ဒီအထူးနေရာဟာ စာဖတ်ခြင်းနဲ့စာရေးခြင်းသင်တန်းဖြစ်ပြီး အဓိက အစိတ် အပိုင်းတွေက အချိန်၊ ရွေးချယ်ချက်နဲ့ တုန့်ပြန်ချက်တို့ ဖြစ်ပါတယ်။ (Goacpnne 1986)

ကယ်လီနဲ့ သူ့ရဲ့ အတန်းဖော်တွေဟာ ကျောင်းမှာ နေ့တိုင်း စာဖတ်ဖို့နဲ့ စာရေးဖို့ အချိန်ရပါတယ်။ သူတို့ရဲ့ စာရေး စာဖတ်ခြင်းဟာ ကျနော်ကနေ အတန်းထဲမှာ စာရေးခြင်းနဲ့စာဖတ်ခြင်းဟာ အရေးကြီးဆုံး လေ့ကျင့်ခန်းတွေ ဖြစ်တယ်လို့ပြောနေတာကို နားထောင်တာကို အစားထိုးလိုက်ပါတယ်။ ကျွမ်းကျင်တဲ့စာဖတ်သူနဲ့ စာရေးသူတွေ ဟာ ဒီပညာတွေကို တကယ့်အခြေအနေတွေမှာ လေ့ကျင့်ထားသူတွေဆိုတာ သိပါတယ်။ ဒီလေ့ကျင့်ခန်းတွေ အတွက် အချိန်ပေးတဲ့အခါ ကျောင်းသားတွေအားလုံးဟာ နားလည်မှု၊ နှစ်သက်မှုနဲ့ စာဖတ်ပြီး ရှင်းရှင်းလင်းလင်း လှလှပပရေးဖို့ အလားအလာ ဖန်တီးပေးလိုက်ပါတယ်။

ကယ်လီနဲ့ သူ့အတန်းဖော်တွေဟာ ရွေးချယ်မှုတွေလုပ်ပါတယ်။ သူတို့ရေးဖို့အကြောင်းအရာ သူတို့ရှာပါတယ်၊ သူတို့ရဲ့ ရည်ရွယ်ချက်တွေနဲ့ ပရိသတ်ရှာပြီး သူတို့ ကြာမယ့်အချိန်သူတို့ သတ်မှတ်ပါတယ်။ သူတို့ဖတ်ဖို့ စာအုပ် သူတို့ရွေးပြီး သူတို့အချိန်နဲ့သူတို့ဖတ်ပါတယ်။ နေ့တိုင်းရေးနေတာဖတ်နေတာတွေမှာ ရင်းနှီးမြှုပ်နှံမှုလုပ်ပြီး သူတို့ဟာ ဒါကို ဂရုစိုက်တဲ့အတွက် ကြိုးစားလုပ်ပြီး လေးလေးနက်နက်စဉ်းစားပါတယ်။

နောက်ဆုံးအနေနဲ့ ကယ်လီနဲ့ သူ့အတန်းဖော်တွေဟာ စာဖတ်နေတုန်းနဲ့စာရေးနေတုန်းမှာ၊ အဆုံးကျမှ သူတို့အတွက် ကျနော့်မှတ်ချက်တွေ အကျိုးမပြုနိုင်တော့မယ့်အခါကျမှ မဟုတ်ပဲ။ တုန့် ပြန်ဖို့အခွင့်အရေးတွေ ရပါတယ်။ ကျနော်က တုန့်ပြန်ပြီး သူတို့ကလည်း အချင်းချင်း ဆွေးနွေးပွဲတွေမှာတုန့် ပြန်ပါတယ်။ သူတို့လုပ်ခဲ့တာ တွေနဲ့ သူတို့ နောက်ဘာလုပ်မလဲဆိုတာတွေ ခပ်တိုတို၊ အပြန်အလှန်များများ၊ စာရေးသူတွေနဲ့ စာဖတ်သူတွေ နဲ့တုန့်ပြန်ပါတယ်။

စာသင်နှစ်ကာလမှာ ဒီရှစ်တန်းကျောင်းသားတွေဟာ စာပေအမျိုးမျိုး––ကဗျာ၊ အယ်ဒီတာ့အာဘော်တွေ၊ ဝတ္ထု တိုတွေ၊ ဝေဖန်ချက်တွေ၊ ပေးစာအမျိုးမျိုးတွေ၊ သရော်စာတွေ၊ ဝတ္ထုရှည်တွေ၊ ကွန်ပျူတာအစီအစဉ်တွေ၊ ဇာတ်ညွှန်းတွေ၊ ကလေးစာအုပ်တွေ၊ ဆောင်းပါးတွေ၊ အနာဂါတ်ကာလကလူတွေက ဒီခေတ်အကြောင်း သိအောင် ဘူးထဲမှာထိန်းသိမ်းထားဖို့ စာရင်းတွေ၊ ပြိုင်ပွဲဝင်ချက်တွေ၊ ဘယ်သူမှမလုပ်ရသေးတဲ့သုတေသနတွေ၊ လျှောက်လွှာ ချက်တွေ၊ ကြော်ညာတွေ၊ အလုပ်ရာဇဝင်တွေ၊ တွေ့ဆုံမေးမြန်းခန်းတွေနဲ့ သေသူအကြောင်းအသုဘမှာဖတ်ဖို့ ချီးမွမ်းပြီးရေးထားတာတွေ ပါဝင်တဲ့––စာအရေးအသား အပုဒ် ၂၀ ရေးကြပါတယ်။ C.S.Lewis, J.D.

Salinger, L.M. Montgomery, S.E. Hinton; Robert Frost, Louis L'Amour, Robert Lipsyte, Susan Beth Pfeffer, Cynthia Voigt, Anne Tyler, Ursula K. LeGuin, Farley Mowat, and Jack London စတဲ့စာရေးဆရာတွေရဲ့ စာအုပ်တွေအပါအဝင် ပျမ်းမျှခြင်းအားဖြင့် စာအုပ်ပေါင်း ၃၅ အုပ်ဖတ်ကြပါတယ်။

ကျောင်းသားတွေရဲ့စဉ်းစားမှုကအဓိကပါပဲ။ စစ်မှန်တဲ့အရေးအသား၊ စစ်မှန်တဲ့ဖတ်ခြင်း၊ စစ်မှန်တဲ့ပြောဆိုခြင်းတို့ကို စစ်မှန်တဲ့စဉ်းစားမှုနဲ့ ရောယှက်ထားပြီးခွဲလို့မရပါဘူး။ James Britton ရဲ့အပြောအရ ဘာသာ စကားဆိုတာ "အတွေးအခေါ်တရပ်ရဲ့ ပေါ်နေတဲ့ အစွန်းတခု" ထက်မနည်းပါဘူး။ စာဖတ်သူတွေစာရေးသူတွေ အနေနဲ့ သူတို့ဟာ ဘယ်လိုဝေဖန်ပိုင်းခြား စဉ်းစားသလဲဆိုတာသိဖို့ ကလေးတွေအပေါ် မျှော်လင့်ချက်တွေရှိပြီး ကိုယ့်ဟာကိုယ် အင်္ဂလိပ်စာအတန်းတွေမှာ စဉ်းစားဖို့ သူတို့ကိုအကူအညီပေးတဲ့အခါ ဘာတွေပေါ်လာတတ်သလဲဆိုတာတွေ သိဖို့ မကြာသေးခင်က ကျနော်ဟာ ကျောင်းသားတွေရဲ့လေ့ကျင့်ခန်းတွေကို ပြန်ကြည့်ပါတယ်။

ကျောင်းသားတွေကို စာဖတ်၊ စာရေးပြီး စာဖတ်ခြင်းနဲ့စာရေးခြင်းအကြောင်း စဉ်းစားခိုင်းတဲ့အခါ သူတို့ဟာ ဇာတ်လမ်းအကျဉ်းချုပ်ရေးရုံသာမဟုတ်ပဲ စာအုပ်တွေဆီသွားပြီး တက်တက်ကြွကြွ စိတ်ဝင်တစားဖတ်၊ သုံးသပ်ပြီး တန်ဖိုးစီစစ်ပါတယ်။ စာရေးသင်တန်းတခုမှာ ကျနော်တို့ဟာ တကယ်ဆိုရင် ကျောင်းသားတွေကို စာဖတ်သူတွေ ဖြစ်အောင်သင်နေတာလို့ Donald Murray ကဆိုပါတယ်။ သင်တန်းကစာရေးသူတွေဟာ မိမိတို့အရေးအသား ကိုရော တခြားပေါ်လာနေတဲ့အရေးအသားတွေကိုပါ အဝေဖန်ဆုံး စာဖတ်သူတွေဖြစ်ကောင်းဖြစ်ပါမယ်။ ပြောင်းပြန်အခြေအနေကလည်း ဖြစ်နိုင်ပါတယ်။ စာဖတ်သင်တန်းမှာ ကျနော်ဟာ ကျောင်းသားတွေကို စာရေး သူတွေ ဖြစ်အောင် သင်ပေးနေပါတယ်။ သူတို့ဟာ ဇာတ်လမ်းထက်ကျော်လွန်ပြီးဖတ်ပြီး၊ ဇာတ်လမ်းတွေကို သူတို့ဆီမှာ ဖြစ်နေတာတွေကို ရပ်ပြီး သူတို့ ဖတ်နေတဲ့စာထဲမှာ ဘယ်အပိုင်းရဲ့အရေးအသားတွေက အောင်မြင် နေသလဲ၊ ဘာတွေကတော့ မအောင်မြင်ဘူးလဲ၊ စတဲ့ ဒီလိုပေါ်ထွက်လာတဲ့ အရေးအသားတွေအတွက်ပါ ဆုံးဖြတ်ချက်တွေ ထားမယ်လို့ မျှော်လင့်ပါတယ်။

ဘာသာရပ်တွေအကြားမှာ တီထွင်စဉ်းစားသူတွေဟာ ပြဿနာဖြေရှင်းသူတွေထက် စာရင် ပြဿနာရှာဖွေ တတ်သူတွေဆိုတာ ကျနော်တို့ သိလာပါတယ်။ အင်္ဂလိပ်စာဆရာတွေအနေနဲ့ အောက်ပါအချက်ဟာ ကျနော်တို့ရဲ့ ရည်မှန်းချက်ပန်းတိုင် ဖြစ်သင့်ပါတယ်−−စာရေးသူတွေ စာဖတ်သူတွေအနေနဲ့ ကျောင်းသားတွေကို သူတို့အတွက် အရေးကြီးတဲ့ ပြဿနာတွေရှာရာမှာ ကူညီဖို့ "ကလေးတွေကို အခြေခံတွေပဲပေးပါ" ဒါမှမဟုတ် "အခြေခံချပေးပါ" စတာတွေကို အကြောင်းရှာပြီး ရှုတ်ထွေးပြီး စိတ်ဝင်စားစရာကောင်းတာတွေကို မပေးပဲနေတာကို ရပ်ပြီး စိတ်ဝင်စားစရာကောင်းတာတွေကို လိုက်နေရင်းက အခြေခံတွေကို သင်ယူတယ်ဆိုတာ အသိအမှတ်ပြုပါ။

(page 78)

## နောက်ဆက်တွဲ ခ

## တေးလိပို

("Tailypo", in B.A. Botkin (Ed.), A Treasury of American Folklore [pp. 679-680]. New York: Crown. Originally collected in rural Kentucky, USA, in the 1930 က Bucksnort Trout [1944] က ဆီလျော်အောင်ပြောင်းထားပါတယ် )

### ရိုးရာ

တခါတုန်းက တောအုပ်ကြီးတွေထဲမှာ လူတယောက်ဟာ တယောက်တည်းနေတယ်။ သူ့အိမ်မှာ အခန်းတခန်းတည်းရှိပြီး အဲဒီအခန်းက ဧည့်ခန်းလည်းဖြစ်၊ ထမင်းစားခန်းလည်းဖြစ်၊ ပြီးတော့ မီးဖိုချောင်လည်း ဖြစ်တယ်။ အခန်းတဘက်ထောင့်မှာ မီးဖိုအကြီးကြီးရှိပြီး အဲဒီမှာ အဲဒီလူဟာ ချက်ပြုတ်စားသောက်ပါတယ်။ တညမှာ ညစာချက်စားပြီးတဲ့အခါမှာ သစ်သားတုံးတွေကြားထဲက မြင်မြင်သမျှထဲမှာ စိတ်ဝင်စားစရာအကောင်းဆုံး သတ္တဝါတကောင် တိုးဝင်လာပြီး သူ့မှာ အမြီးရှည်ကြီးတခုလည်းရှိတယ်တဲ့။

ဒီလူဟာ အဲဒီတောရိုင်းတိရိစ္ဆာန်ကို တွေ့တွေ့ချင်း သူ့ပုဆိန်ကိုယူပြီး တချက်လျှာနဲ့လျက်လိုက်ပြီး အမြီးကို ဖြတ်လိုက်တယ်။ အဲဒီသတ္တဝါဟာ သစ်တုံးတွေကြားဝင်သွားပြီး ထွက်ပြေးသွားတယ်။ အဖိုးကြီးလည်း အတော့် အဲဒီအမြီးကို ယူပြီး ချက်လိုက်ပြီး စားလိုက်တယ်။ ပြီးတော့ အိပ်ယာထဲဝင်ပြီး ခဏကြာတော့ အိပ်ပျော်သွားတယ်။

အိပ်လို့မကြာသေးဘူး နိုးလာပြီး သူ့အိမ်ဘေးကနေ တခုခုတက်လာတာကြားတယ်။ ကြောင်တကောင်ရဲ့ အသံနဲ့တူတယ်။ သူက အဲဒီအကောင် တဂျစ်ဂျစ်နဲ့ကုတ် နေတာကြားရပြီး တဖြည်းဖြည်းနဲ့ အဲဒီအကောင်က "တေးလိပို၊ တေးလိပို၊ ငါ့တေးလိပိုပဲလိုချင်တယ်။"[1] လို့ပြောတာကြားရတယ်။

ဒီလူမှာ ခွေးသုံးကောင်ရှိတယ်။ တကောင်ကို အူနို၊ တကောင်ကို အင်နီနဲ့ နောက်တကောင်ကို ကမ်တီကို–ကာလီကို [၂]လို့ခေါ်တယ်။ သူကအဲဒီအသံလည်းကြားရော သူ့ခွေးတွေကို လာ၊ လာ၊ လာ၊ လို့ ခေါ်လိုက်တယ်။ ပြီးတော့ ခွေးတွေက ကြမ်းအောက်ကနေ ထွက်လာပြီး အဲဒီအရာကို တောအုပ်ကြီးတွေအထိ လိုက်မောင်းထုတ်လိုက်ကြတယ်။ ပြီးတော့ သူဟာ အိပ်ယာ ပြန်ဝင်ပြီး ပြန်အိပ်ပျော်သွားတယ်။

---

[1] တေးလိပိုဆိုတာက အင်္ဂလိပ်စကား "tail" ကိုသုံးထားတာပါ။ ဗမာစကားမှာလည်း ဒီလိုမျိုးလုပ်ထားတာတွေရှိမှာပါ။
[2] ခွေးတွေရဲ့နာမည်ကို တခြားရယ်စရာကောင်းတဲ့နာမည်တွေနဲ့အစားထိုးနိုင်ပါတယ်။

ညသန်းခေါင်ချိန်လည်းရောက်ရော သူဟာအိပ်ယာကနိုးလာပြီး သူ့အိမ်တံခါးပေါ်က တခုခုဟာ အထဲဝင်ဖို့ ကြိုးစားနေတာ ကြားရပြန်ရော။ သူဟာ နားထောင်ပြီး တဂျစ်ဂျစ်နဲ့ ကုတ်နေတာ ကြားပြီး "တေးလိပို၊ တေးလိပို၊ ငါ့တေးလိပိုပဲလိုချင်တယ်။" လို့ပြောတာကြားရပြန်တယ်။ သူဟာ ကုတင်ပေါ်မှာ ထထိုင်လိုက်ပြီး သူ့ခွေးတွေကို လာ၊ လာ၊ လာ လို့ခေါ် လိုက်ပြီး သူတို့ဟာလည်း အဲဒီအကောင်ကို ခြံတံခါးနားမှာ မီလာလို့ သူ့ကို မိဖို့ ကြိုးစား ရင်း ခြံစည်းရိုးကို ဖျက်လိုက်ကြပါတယ်။ အဲဒီအချိန်မှာ သူတို့ဟာ အဲဒီအကောင်ကို ရွှံ့နွံအိုင်ကြီးထဲကို မောင်းထုတ်လိုက်ကြပါတယ်။ ဒီတော့ ဒီလူလည်းအိပ်ယာပြန်ဝင်ပြီး ပြန်အိပ်ပျော်သွားပါတယ်။

မနက်လင်းခါနီးမှာ သူနိုးလာပြီး အဲဒီရွှံ့အိုင်နားက အသံကြားရတယ်။ သူကနားထောင်လိုက်တော့ "မင်းလည်း သိတယ်၊ ငါလည်းသိတယ်။ ငါဟာ ငါ့တေးလိပိုပဲလိုချင်တယ်။" လို့ပြောတာကြားရတယ်။ အဲဒီလူဟာ ကုတင်မှာ ထထိုင်လိုက်ပြီး သူ့ခွေးတွေကို လာ၊ လာ၊ လာ၊ လို့ခေါ်လိုက်တယ်။ ဒီတခါတော့ ခွေးတွေမလာတော့ဘူးဆိုတာ သိတယ်နော်။ အဲဒီအကောင်က သူတို့ကို ရွှံ့နွံထဲ ဆွဲခေါ်သွားပြီး ဖျောက်လိုက်သလား သတ်လိုက်သလားမသိ။ အဲဒီလူလည်း အိပ်ယာပြန်ဝင်ပြီး ပြန်အိပ်ပျော်သွားပါတယ်။

အာရုံမတက်ခင်လေးတင် သူဟာ နိုးလာပြီး သူ့အခန်းထဲမှာ အသံတသံကြားရပြီး အဲဒီအသံက သူ့ကုတင် ခြေရင်းက အိပ်ယာဖုံးကိုတွယ်တက်လာတဲ့ ကြောင်တကောင်ရဲ့အသံနဲ့တူတယ်။ သူကနားထောင်လိုက်တော့ တဂျစ်ဂျစ်နဲ့ ကုတ်ခြစ်သံကြားရတော့ သူလည်း ကုတင်ခြေရင်းကို ကြည့်လိုက်တဲ့အခါမှာ နားရွက်ချွန်ကလေး နှစ်ဘက် ထောင်ထားတာတွေ့ရပြီး တမိနစ်လောက်ကြာတော့ သူ့ကိုကြည့်နေတဲ့ မီးတောက်နေတဲ့ မျက်လုံး ဝိုင်းကြီး ၂လုံးတွေ့ရတယ်။ သူက သူ့ခွေးတွေကို ခေါ်ချင်ပေမဲ့ အော်ဖို့ သိပ်ကြောက်နေတယ်။ အဲဒီအရာက တဖြည်းဖြည်းနဲ့ တက်လာပြီး အဲဒီလူရဲ့အပေါ်ကိုလည်းရောက်ခါနီးရော အသံခပ်သြသြနဲ့ "တေးလိပို၊ တေးလိပို၊ ငါ့တေးလိပိုပဲလိုချင်တယ်။" လို့ပြောလိုက်ပါတယ်။ ချက်ချင်းပဲ ဒီလူလည်း အသံပြန်ရလာပြီး "မင်းရဲ့ တေးလိပို ဒို့မှာ မရှိပါဘူး။ လို့ပြောလိုက်ပါတယ်။" အဲဒီအရာကသူ့ကို "ရှိပါတယ်။" လို့ပြောပြီး အဲဒီလူပေါ် ခုန်တက်လိုက်ပြီး တစစီ ကုတ်ဖြဲပစ်လိုက်တယ်။ ပြီးတော့ တချို့က သူဟာ သူ့ရဲ့ တေးလိပို ရသွားတယ်လို့ဆိုပါတယ်။

အခုတော့ အဲဒီလူရဲ့ ဟိုးတောထဲက အိမ်ကလေးမှာ ဘာမှမရှိတော့ပါဘူး။ သူ့ရဲ့ မီးခိုးခေါင်းတိုင်ပဲကျန်ပြီး တောင် ကြားကြီးထဲမှာနေတဲ့လူတွေအပြောအရတော့ လမင်းထိန်ထိန်သာပြီး တောင်ကြားမှာ လေတိုက်တဲ့အခါ တခုခုက "တေးလိပို" လို့ပြောသံကြားရပြီး တဖြည်းဖြည်းနဲ့ ဒီအသံဟာ အဝေးမှာ ပျောက်သွားတယ်တဲ့။

## နောက်ဆက်တွဲ ဂ

## စာပေးပေးစာနမူနာ

ခေါင်းစဉ်။____________________

စာရေးဆရာ။____________________

အဓိကဇာတ်ကောင်က သူငယ်ချင်းတယောက်ဆီကို သူကြုံခဲ့ရတဲ့ စိတ်ဝင်စားစရာအကောင်းဆုံး အဖြစ်အပျက် အကြောင်းစာရေး ပြောပြပါ။

နာမည်။ ____________________

(page 81)

နောက်ဆက်တွဲ ဃ

စာအုပ်စာရင်းပုံစံ



# ဖတ်ပြီးတဲ့စာအုပ်တွေ



နာမည်။________________________

| ခေါင်းစဉ်/စာရေးဆရာ | လွယ်/အသင့်/ခက် | စဖတ်တဲ့နေ့ | ပြီးတဲ့နေ့ |
|---|---|---|---|
| | | | |
| | | | |
| | | | |
| | | | |
| | | | |
| | | | |
| | | | |
| | | | |
| | | | |
| | | | |
| | | | |
| | | | |
| | | | |
| | | | |
| | | | |
| | | | |
| | | | |
| | | | |
| | | | |
| | | | |
| | | | |
| | | | |
| | | | |

(page 82)

# နောက်ဆက်တွဲ င

## စာဖတ်မှတ်တမ်းပုံစံ

______________________________ အတွက် စာဖတ်မှတ်တမ်း။ နေ့စွဲ။ __________________

| စာအုပ်နာမည် | စဖတ်တဲ့နေ့ | ပြီးတဲ့နေ့ | ခက်ခဲမှုအဆင့် | မှတ်ချက် |
|---|---|---|---|---|
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |

(page 83)

## နောက်ဆက်တွဲ စ

## စာဖတ်ဆွေးနွေးပွဲမှတ်စုကဒ်ပြား နမူနာ (၅ × ၈)

ဆရာအနေနဲ့ သုံးဖို့လွယ်ပြီး အတန်းထဲမှာ အလွယ်တကူထိန်းသိမ်းနိုင်မယ့် ဆွေးနွေးပွဲမှတ်တမ်းပုံစံ လုပ်ရပါမယ်။

ဆွေးနွေးပွဲစည်းကမ်းတွေ။
၁။ နှစ်မိနစ်က လေးမိနစ်ကြာရပါမယ်။
၂။ တခြားကျောင်းသားတွေက ကြားဖြတ်မပြောရပါဘူး။
၃။ ဆွေးနွေးပွဲတခုစီအတွက် မှတ်တမ်းထားရပါမယ်။

| ကျောင်းသားနာမည်။ ________________ | | | |
|---|---|---|---|
| ဆွေးနွေးပွဲရက်စွဲ | စာအုပ်ခေါင်းစဉ် | စာရေးဆရာ | မှတ်ချက် ဒါမှမဟုတ် လေ့လာတွေ့ရှိချက် |
| | | | |

(page 84)

## နောက်ဆက်တွဲ ဆ

## စာဖတ်ခြင်းအတွက် ကျောင်းသားဆွေးနွေးပွဲမှတ်တမ်း

နေ့စွဲ။ ______________________________

ကျောင်းသားနာမည်။ ______________________________

ဖတ်နေတဲ့စာအုပ်ရဲ့ ခေါင်းစဉ်က ဘာလဲ။

______________________________

စာရေးဆရာက ဘယ်သူလဲ။ ______________________________

ဒီစာရေးဆရာရေးတဲ့ တခြားစာအုပ်တွေ ဖတ်ဖူးသလား။ ______________________________

ဒီစာအုပ် ဘာလို့ရွေးသလဲ။ ______________________________

ဒီစာရေးဆရာရေးတဲ့ နောက်စာအုပ်တအုပ် ဖတ်ချင်သလား။ ဘာလို့လဲ။

______________________________

ဒီဇာတ်လမ်းအကြောင်း နည်းနည်းပြောပြပါ။

______________________________

______________________________

ဒီစာအုပ်ပြီးရင် ဘာလုပ်ချင်သလဲ။ (မှတ်တမ်းရေးမယ်၊ အတန်းကို ပြန်ပြောပြမယ်။ စာရေးဆရာဆီ စာရေးမယ်။ ဒါမှမဟုတ် တခြား တခုခု လုပ်မယ်။)

______________________________

ဆရာရဲ့ တုန့်ပြန်မှု။ ______________________________

______________________________

(page 85)

# နောက်ဆက်တွဲ ၉

## ၃ တန်းက ၆ တန်း အထိ စာဖတ်ခြင်းအပေါ်ထားတဲ့ စိတ်နေသဘောထား စစ်တမ်း နမူနာ*

နာမည်။ ______________________________ ရက်စွဲ။ ________________

၁။ စာဖတ်တာဟာ သင့်အိမ်မှာ ဘယ်လောက် အရေးပါသလဲ။
သင့်အိမ်မှာ တွေ့ရတဲ့ အောက်ပါအရာတွေကို မှတ်သားပါ။

☐ နေ့စဉ်သတင်းစာ ☐ မြေပုံ
☐ အပတ်စဉ်မဂ္ဂဇင်း ☐ အညွှန်းစာအုပ်
☐ အဓိပ္ပါယ်အညွှန်း ☐ အဘိဓါန်
☐ လစဉ်မဂ္ဂဇင်း ☐ စွယ်စုံကျမ်း
☐ စာကြည့်တိုက်က စာအုပ် ☐ မိသားစုစာကြည့်တိုက်
☐ မိမိကိုယ်ပိုင် စာကြည့်တိုက်

၂။ ဘယ်တုန်းက ဘယ်လိုလုပ်ပြီး စာဖတ်တတ်သလဲ။

______________________________

______________________________

၃။ လူတွေစာဖတ်ရတဲ့အကြောင်းရင်းတွေ ရေးပါ။

______________________________

______________________________

၄။ စာဖတ်သူကောင်းတယောက်မှာ ဘာအရည်အချင်းရှိသလဲ။

______________________________

______________________________

၅။ သင်ဖတ်တာကြိုက်တဲ့စာအုပ်မျိုးတွေကို မှတ်သားပါ။

☐ ဒဏ္ဍာရီတွေ ☐ အတ္ထုပ္ပတ္တိတွေ
☐ သမိုင်းဝတ္ထုတွေ ☐ ကဗျာ
☐ စိတ်ကူးယဉ်မဟုတ်တာ ☐ ပုံပြင်
☐ ရိုးရာပုံတွေ ☐ စုံထောက်ဝတ္ထုတွေ
☐ လက်တွေ့ဆန်စိတ်ကူးယဉ် ဝတ္ထုတွေ ☐ တိရိစ္ဆာန်စိတ်ကူးယဉ် စာပေ
☐ စိတ်ကူးယဉ်သိပ္ပံဇာတ်လမ်း/စိတ်ကူးယဉ်စာပေ

၆။ သင်ဖတ်တဲ့စာအုပ်ကို ဘယ်လိုရွေးသလဲ။

______________________________

၇။ စာအုပ်တအုပ်ကို ပြန်ဖတ်ဖူးရင် အဲဒီခေါင်းစဉ် (တွေ) ရေးပါ။

______________________________

______________________________

၈။ အိမ်မှာ စာအပျော်ဖတ်သလား။

☐ ဖတ်ပါတယ်။ ☐ မဖတ်ပါဘူး။

ဖတ်တယ်ဆိုရင် ဘာဖတ်သလဲ။

______________________________

______________________________

၉။ အကြိုက်ဆုံးစာရေးဆရာတွေ ရေးပါ။

______________________________

______________________________

၁၀။ ဆရာကို တတန်းလုံးကို စာဖတ်ပြစေချင်သလား။

☐ ဖတ်စေချင်ပါတယ်။ ☐ မဖတ်စေချင်ပါဘူး။

ဖတ်စေချင်တယ်ဆိုရင် ဘာဖတ်ပြစေချင်သလဲ။

______________________________

______________________________

၁၁။ စာဖတ်တာနဲ့ပါတ်သက်ပြီး တခြား ဘာအတွေးအခေါ်တွေ ရှိသေးသလဲ။

______________________________

______________________________

______________________________

* စက်တင်ဘာမှာ နဲ့ မေပြီမှာ ဖြည့်ရပါမယ်။
(Steele, J.L. (1992). *Working together--Growing together: Construtive evaluation of language learning*. Moline, IL: Moline School District. က)